










# ဟားခါးချင်းတောင်ဒေသ၏ မြေယာနှင့် သဘာဝအရင်းအမြစ်များ ခန့်ခွဲမှုစနစ် ဆက်လက်တည်ရှိမှုနှင့် အပြောင်းအလဲများ

## ဟားခါးမြို့နှင့်အနီးရှိကျေးရွာများ၏ မြေယာအပြောင်းအလဲကို လေ့လာမှုတစ်ရပ်

M. Boutry, C. Allaverdian, Tin Myo Win, Khin Pyae Sone

*မြန်မာနိုင်ငံ၏ မြေယာနှင့် လူမှုဘဝဆိုင်ရာ သုတေသနအတွဲ*




GRET
Professionals for Fair Development

# ဟားခါးချင်းတောင်ဒေသ၏ မြေယာနှင့် သဘာဝအရင်းအမြစ်များ ခန့်ခွဲမှုစနစ် ဆက်လက်တည်ရှိမှုနှင့် အပြောင်းအလဲများ

## ဟားခါးမြို့နှင့်အနီးရှိကျေးရွာများ၏ မြေယာအပြောင်းအလဲကို လေ့လာမှုတစ်ရပ်

M. Boutry, C. Allaverdian, Tin Myo Win, Khin Pyae Sone

*မြန်မာနိုင်ငံ၏ မြေယာနှင့် လူမှုဘဝဆိုင်ရာ သုတေသနအတွဲ*

GRET
Professionals for Fair Development

အသိပေးကြေငြာချက်

ဤစာတမ်းကို ဥရောပသမဂ္ဂ၊ ဩစတြေးလျ၊ ဒိန်းမတ်၊ ပြင်သစ်၊ အိုင်ယာလန်၊ အီတလီ၊ လူဇင်ဘတ်၊ နယ်သာလန်၊ နယူးဇီလန်၊ ဆွီဒင်၊ ယူနိုက်တက်ကင်းဒမ်း၊ အမေရိကန်ပြည်ထောင်စု နှင့် မစ်ဆူဘီရှီကော်ပိုရေးရှင်းတို့ ထည့်ဝင်လှူဒါန်းထားသည့် LIFT ရန်ပုံငွေ၏ ပံပိုးမှုဖြင့် ဆောင်ရွက်သည်။ ယခုစာတမ်းတွင် ရေးသားဖော်ပြချက်များသည် LIFT အလှူရှင်များ၏ တရားဝင်အတည်ပြုထားသည့် အမြင်များဟု မယူဆနိုင်ပါ။

**Funded by:**

Livelihoods and Food Security Trust Fund

This work is licensed under a Creative Commons Attribution-Non Commercial-ShareAlike 4.0 International License

**Cover:** all photographs by Celine Allaverdian, except photo of motorcycle by Maxime Boutry

# အနှစ်ချုပ်

ဟားခါးချင်းတောင်ဒေသ၏ မြေယာနှင့် သဘာဂအရင်းအမြစ်များ ခန့်ခွဲမှုစနစ်

ဆက်လက်တည်ရှိမှုနှင့် အပြောင်းအလဲများ

Published by GRET, 2018

ရည်ညွှန်းကိုးကားဖော်ပြသည့်အခါ -

Boutry, M., Allaverdian, C. Tin Myo Win, Khin Pyae Sone. (2018). Persistence and change in Hakha Chin land and resource tenure: a synthesis on land dynamics in the periphery of Hakha. Of lives of land Myanmar research series. GRET: Yangon.

ရေးသားသူများ

Maxime Boutry and Celine Allaverdian

With the contributions of: Tin Myo Win, Khin Pyae Sone and Sung Chin Par

Layout by : Win Myat Thu......myatthu.winmyat@gmail.com

ဤအနှစ်ချုပ်သည် အပြည့်အစုံလေ့လာထားသည့်ပေါ်တွင်အခြေခံထားပါသည်။

Boutry, M., Allaverdian, C. Tin Myo Win, Khin Pyae Sone.
(2018). Persistence and change in Hakha Chin land and resource tenure: a study on land dynamics in the peripheryof Hakha. Of lives of land Myanmar research series. GRET: Yangon

*Of Lives and Land Myanmar research series*

မြန်မာနိုင်ငံ၏ မြေယာနှင့် လူမှုဘဝဆိုင်ရာ သုတေသနအတွဲ (Of Lives and Land Series) သည် လူမှုရေးမနုဿဗေဒ သုတေသန နည်းလမ်းများအပေါ် အခြေခံပြီး မြေယာနှင့် လူတို့၏ အသက်မွေးဝမ်းကျောင်း ပြောင်းလဲမှုဖြစ်စဉ်များကို သုတေသနလုပ်ငန်းစဉ်တစ်ခု ဖြစ်ပါသည်။

အဓိက ဇဟိုပြုလေ့လာသော အကြောင်းအရာများမှာ- မြို့ပြ၊ မြို့ပြနှင့်နီးစပ်သော ဒေသများနှင့် ကျေးလက်ဒေသများရှိ မြေယာနှင့် ပတ်သက်သော ပြဿနာများ၊ ရွှေ့ပြောင်း နေထိုင်ခြင်း၊ အငြင်းပွားမှုများနှင့် ပြန်လည်အခြေချ နေထိုင်ခြင်း စသည့် အကြောင်းအရာများနှင့် ပတ်သက်ပြီး လေ့လာထားခြင်းဖြစ်ပါသည်။ မြန်မာနိုင်ငံ အနှံ့အပြားတွင် နေထိုင်ကြသော နိုင်ငံသားများသည် ပြောင်းလဲနေသည့် လူမှုရေး၊ စီးပွားရေး၊ နိုင်ငံရေးများကို အခြေခံကာ မြေယာနှင့် သက်ဆိုင်နေသည့်အရာများကို မည်ကဲ့သို့ပုံဖော်နေကြောင်း အသေးစိတ် လေ့လာဆန်းစစ်ထားသော သုတေသန ဖြစ်ပါသည်။ လက်ရှိ ဖြစ်ပွားနေသော အခြေအနေ များကို ဖော်ထုတ်ကာ မြန်မာနိုင်ငံသားများ၊ အစိုးရနှင့် အကျိုးသက်ဆိုင်သူများ အားလုံး ကြုံတွေ့နေရသော မြေယာနှင့်ပတ်သက်သည့် စီမံခန့်ခွဲမှု အခက်အခဲများကို ဖြေရှင်းနိုင်ရန် လိုအပ်ပါသည်။ သို့ဖြစ်ပါ၍ ထိုအခက်အခဲများကိုဖြေရှင်းနိုင်ရန်အတွက် လိုအပ်သည့် မူဝါဒ ဆိုင်ရာ ဆွေးနွေးမှုများနှင့် ဥပဒေရေးဆွဲရေး လုပ်ငန်းစဉ်များအတွက် အသေးစိတ်အကြံပြုချက် များပေးနိုင်ရန် ရည်ရွယ်ပါသည်။

ဤသုတေသန စာတွဲကို ကျွမ်းကျင်သူများ၊ ပညာရှင်များဖြင့် ဖွဲ့စည်းထားသော ကော်မတီတစ်ခုက ပြန်လည်ဆန်းစစ် အတည်ပြုထားပါသည်။

## ထုတ်ဝေခဲ့ပြီးသော မြန်မာနိုင်ငံ မြေယာနှင့် လူမှုဘဝသုတေသနစာတွဲများ

Boutry, M., Allaverdian, C. Mellac, M., Huard, S., San Thein၊
Tin Myo Win, Khin Pyae Sone. (2017). မြန်မာနိုင်ငံအောက်ပိုင်း ကျေးလက်ဒေသများရှိ မြေယာပိုင်ဆိုင်လုပ်ကိုင်ခွင့် - အပူပိုင်းဇုန် နှင့် မြစ်ဝကျွန်းပေါ်ဒေသရှိ သမိုင်းကြောင်းရာရှုထောင့် များမှသည် လက်ရှိကြုံတွေ့နေရသော ဘဝဖြစ်ရပ်မှန်များဆီသို့ မြန်မာနိုင်ငံ မြေယာနှင့် လူမှုဘဝ သုတေသနစာစဉ် - GRET ရန်ကုန်။
https://www.gret.org/publication/land-tenure-in-rural-lowland-myanmar-from-historical-perspectives-to-contemporary-realities-in-the-dry-zone-and-the-delta/?lang=en

သုတေသနစာတွဲအား မြန်မာဘာသာဖြင့်အောက်ဖော်ပြပါ လင့်ခ်မှ ရယူနိုင်ပါသည်။ -
https://www.gret.org/wp-content/uploads/Gret_LandTenure_report_Myanmar-1.pdf

# အောက်မေ့သတိရလျက်

ဤစာအုပ်ကို ကိုတင်မျိုးဝင်း "ဆရာ အိုက်စ် (သို့မဟုတ်) မောင်ရေချဲ" အား ရည်ရွယ်လျက်ထုတ်ဝေခြင်းဖြစ်ပါသည်။

"ထက်မြက်ပြီး စိတ်အားထက်သန်သော သုတေသီတစ်ဦး
လွတ်လပ်သော စိတ်ဂိုဏ္ဍ်ရှင်
ဟာသဉာဏ်ရွှင်သူတစ်ဦး
အလုပ်ကိုနှစ်မြှုပ်ပြီးလုပ်တတ်သော ရဲဘော်ရဲဘက်တစ်ဦး
ပညာရပ်ဆိုင်ရာ စွန့်စားခန်းများတွင် အဖော်တစ်ဦးဖြစ်သည့်"

သတိရလျက်ပါ ဆရာ...





# မာတိကာ


အတိုကောက် ဝေါဟာရများ ၄
လိုင် (ဟားခါးချင်း) ဝေါဟာရများ ၅
ကျေးဇူးတင်လွှာ ၆
အနှစ်ချုပ် ၇

သုတေသန အကျဉ်းချုပ်

၁။ နိဒါန်း ၁

၂။ ဓလေ့ထုံးတမ်းအရ စီမံခန့်ခွဲသော မြေယာ လုပ်ပိုင်ခွင့်စနစ်အား အသိအမှတ်ပြုရေး ဥပဒေဆိုင်ရာ စိန်ခေါ်မှုများ ၃

၃။ ချင်းလူမျိုးများ၏ မြေယာလုပ်ပိုင်ခွင့်နှင့် လူမှုအပြောင်းအလဲများဆိုင်ရာ နောက်ခံသမိုင်းကြောင်းကို ခြုံငုံလေ့လာခြင်း ၄

၄။ မြေယာနှင့် အရင်းအမြစ်များ လုပ်ပိုင်ခွင့်စနစ်များတွင် ဆက်လက်ကျင့်သုံးမှု နှင့် အပြောင်းအလဲများ ၈

၄.၁ ။ ရွှေ့ပြောင်းတောင်ယာ ၈

၄.၂ ။ အမြဲတမ်း စိုက်ပျိုးရေးစနစ်သို့ ပြောင်းလဲလာခြင်း ၁၃

၄.၃ ။ မွေးမြူရေးလုပ်ငန်းများ စီမံခန့်ခွဲမှု အပြောင်းအလဲ - မြေအသုံးချမှု၊ မြို့ပြဖြစ်တည်မှုနှင့် သက်ဆိုင်သော အပြောင်းအလဲများ ၂၁

၄.၅။ သစ်တောနှင့် အခြားအရင်းအမြစ်များ ၂၃

၄.၆။ မြို့ပြချဲ့ထွင်ခြင်းကြောင့်အဖိုးတန်လာသောအရင်းအမြစ်များ ၂၆

၄.၇။ မြေယာ စီမံအုပ်ချုပ်ခြင်းနှင့် မြေယာလွှဲပြောင်းခြင်း ၂၈

၅။ အသက်မွေးဝမ်းကျောင်း ၃၀


Celine Allaverdian

ပုံ ၁ : ဘွလ်တက်ခ်ကျေးရွာရှိ မြုံခတ်ထားသော ဥယျာဉ်ခြံ

၆။ ဓလေ့ထုံးတမ်း မြေယာလုပ်ပိုင်ခွင့် အသိအမှတ်ပြုနိုင်ရေးအတွက် အကြံပြုချက်များ။ ၃၅

၆.၁။ ရွှေ့ပြောင်းတောင်ယာစနစ်ကို အသိအမှတ်ပြုရန် ဘာကြောင့် အရေးကြီးသနည်း ၃၅

၆.၂။ ရွှေ့ပြောင်းတောင်ယာ စနစ်အလွန်- စပါးမဟုတ်သော အမြဲတမ်း စိုက်ပျိုးရေးအတွက် မြေယာလုပ်ပိုင်ခွင့် အာမခံချက် ၃၆

၆.၃။ အရေးပါသော သစ်တောများ၏အခန်းကဏ္ဍ ၃၇

၆.၄။ ဓလေ့ထုံးတမ်းဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို တရားဝင် အသိအမှတ်ပြုနိုင်ရန် အခက်အခဲများနှင့် ရှုပ်ထွေးမှုများ ၃၈

၆.၅။ ချင်းလူမျိုးများ၏ မြေယာပိုင်ဆိုင်ခွင့်ကိုခိုင်မာစေရန် အခြားနည်းလမ်းဖြင့်ချဉ်းကပ်ခြင်း ၄၆

၆.၆။ မြေယာအသုံးပြုမှု ဆိုင်ရာ အစီအစဉ်များရေးဆွဲခြင်း ၄၇

၆.၇။ ဒေသဆိုင်ရာ အဖွဲ့အစည်းများအား ပိုမိုအားကောင်းလာစေခြင်း ၄၉

၇။ နိဂုံးချုပ် ၄၉

၈။ ကိုးကားချက်များ ၅၄

Celine Allvardin

ပုံ ၂ : နံစားပြောင်း၊ ဆာလဖာပဲအမျိုးမျိုးနှင့် အပင်သီး ခရမ်းချဉ်



# အတိုကောက် ဝေါဟာရများ

| | |
|---|---|
| AMD | Agricultural Mechanization Department (စက်မှုလယ်ယာဦးစီးဌာန) |
| CARD | Community Association for Rural Development<br>(ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ လူထုအဖွဲ့အစည်း) |
| CCER | Chin Committee for Emergency Response<br>(ချင်းပြည်နယ်အရေးပေါ်တုံ့ပြန်ဆောင်ရွက်ရေးကော်မတီ) |
| CF | Community Forestry (ဒေသခံပြည်သူပိုင်အစုအဖွဲ့သစ်တော) |
| CLS | Customary Land tenure Systems (ဓလေ့ထုံးတမ်းမြေယာလုပ်ပိုင်ခွင့်စနစ်) |
| CNF | Chin National Front (ချင်းအမျိုးသားတပ်ဦး) |
| CT | Customary tenure (ဓလေ့ထုံးတမ်းလုပ်ပိုင်ခွင့်) |
| CORAD | Chokhlei Organisation for Rural and Agricultural Development<br>(ကျေးလက်နှင့်စိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ချုပ်လိုင်အဖွဲ့အစည်း) |
| DALMS | Department of Agricultural Land Management and Statistics<br>(လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန) |
| DOF | Department Of Forests (သစ်တောဦးစီးဌာန) |
| FAO | Food and Agriculture Organization of the United Nations<br>(ကမ္ဘာ့ကုလသမဂ္ဂ စားနပ်ရိက္ခာနှင့်စိုက်ပျိုးရေးအဖွဲ့အစည်း) |
| GAD | General Administration Department (အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန) |
| GRET | Groupe de Recherche et d’Echanges Technologiques<br>(သုတေသနနှင့် နည်းပညာ ဖလှယ်ရေးအဖွဲ့) |
| HCDC | Hakha City Development Committee<br>(ဟားခါးမြို့တော်စည်ပင်သာယာရေးကော်မတီ) |

| | |
|---|---|
| JICA | Japan International Cooperation Agency<br>(ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ) |
| KMSS | Karuna Mission Social Solidarity<br>(ဂရုဏာလူမှုစည်းလုံးညီညွတ်ရေးအသင်း) |
| LCG | Land Core Group (မြေယာမဏ္ဍိုင်အဖွဲ့) |
| LUC | Land Use Certificate (မြေယာအသုံးချခွင့်အသိအမှတ်ပြုလက်မှတ်) |
| MoALI | Ministry of Agriculture, Livestock and Irrigation (စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန) |
| MMK | Myanmar Kyat (ကျပ်ငွေ) |
| NGO | Non-Governmental Organization (အစိုးရမဟုတ်သောအဖွဲ့အစည်း) |
| NLD | National League for Democracy (အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်) |
| NLUP | National Land Use Policy (အမျိုးသားမြေအသုံးချမှုမူဝါဒ) |
| NTFP | Non-Timber Forest Products (သစ်မဟုတ်သော သစ်တောထွက်ပစ္စည်းများ) |
| SC | Shifting Cultivation (ရွှေ့ပြောင်းတောင်ယာ) |
| SLRD | Statistical and Land Record Department (မြေစာရင်းဦးစီးဌာန) |
| SLORC | State Law and Order Restoration Council<br>(နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့) |
| SPDC | -State Peace and Development Council<br>(နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ) |
| UN | United Nations (ကမ္ဘာ့ကုလသမဂ္ဂ) |
| UNDP | United Nations Development Programme (ကုလသမဂ္ဂ ဖွံ့ဖြိုးရေးအစီအစဉ်) |
| UNICEF | United Nations Children's Fund (ကုလသမဂ္ဂ ကလေးများ ရန်ပုံငွေအဖွဲ့) |
| VFV | Virgin, Fallow and Vacant land (မြေလွတ်၊ မြေလပ်၊ မြေရိုင်းများ) |
| VLMC | Village Land Management Committee<br>(refers to Village Tract management committee)<br>(ကျေးရွာမြေယာစီမံခန့်ခွဲမှုကော်မတီ (ကျေးရွာအုပ်စုစီမံခန့်ခွဲမှုကော်မတီ)) |
| WFP | World Food Programme (ကမ္ဘာ့စားနပ်ရိက္ခာအဖွဲ့) |



# လိုင်(ဟားခါးချင်း) ဝေါဟာရများ

| လိုင် (ဟားခါးချင်း) | |
|---|---|
| အာရ် - ar | ကြက် |
| အာရ်ပီ - arpi | သားဖောက်ကြက်မ |
| ဘော့ - bawi | အုပ်ချုပ်သူမျိုးနွယ်စု ( ဖွန် တွင်လည်း ကြည့်ပါ။) |
| ဘော့ပါး - bawipa | ရိုးရာအကြီးအကဲနေရာ (ဘော့) တွင် မိမိကိုယ်ကို အစားထိုးရန် ခရစ်ယာန်သာသနာပြုများမှ ( အမျိုးသမီးများအတွက် - ဘာဝီ န) ပေးထားသောအမည် |
| ချီယာ - chia | သာမန်အရပ်သားများ |
| ဘေဆူလ် - busal | ဆာလဖာပဲအမျိုးမျိုး |
| ချုန်း - chung | မျိုးနွယ်၊ အဆက်အနွယ် |
| ဒွမ်း - dum | ဥယျာဉ် (အင်ဒွမ်း- အိမ်စိုက်ဥယျာဉ်)၊ သစ်သီးခြံ |
| ဖန်း - faang | ပြောင်းဆန် |
| ဖကျန်း - facang | စပါး |
| ဖန်ဗွိ - fangvui | ပြောင်းဖူး |
| မွန်းဖီယ ခွန်း- hmunphiah kung | ဟားခါးဈေးသို့ရောင်းချသော တံမြက်စည်းရိုးထုတ်နိုင်သည့် အပင် |
| အင်ဒွမ်း - Inn dum | ဒွမ်း ကိုကြည့်ပါ |
| ကာလ်ဒ်- kalh | သတို့သမီးဘက်မှ လက်ဖွဲ့အဖြစ်လက်ခံရရှိသော မြေကွက် |
| ခဝီ - kawi | သတို့သား၊ သတို့သမီးတို့၏ အချစ်ဆုံးသူငယ်ချင်း |
| ခမ်ဖီ - khamphe | ရှမ်းနံနံပင် သို့မဟုတ် မက်ဆီကို နံနံပင် (Eryngium foetidum) |
| ခူချီယာ - Khuachia | မကောင်းဆိုးဝါး |
| ခွာဟရွမ်း - khua hrum | အကြီးအကဲမှ သူ၏ဩဇာအာဏာကိုလက်ခံရရှိသော နေရာတစ်ခုကို စောင့်ရှောက်သော ဝိဉာဉ် |
| ခွာရမ် - khua ram | ကျေးရွာတစ်ခု၏နယ်နမိတ်နှင့် ယေဘုယျအားဖြင့်သက်ဆိုင်သော နယ်မြေပြယုနစ်။ |
| လိုင်လို - lai lo | နွေးသော မြေ၊ လိုဝီလ်ကို ကြည့်ပါ |

Celine Allaverdian

ပုံ ၃ : စပါးရိတ်သိမ်းသည့် ချင်းတံစဉ်

လက် - lei — လှေကားထစ်စပါးစိုက်ခင်း

လိုပီလ် -lopil — ကျေးရွာပိုင်ရွှေ့ပြောင်းတောင်ယာ စိုက်ပျိုးရေးယူနစ်တစ်ခု ပါဝင်သော (ရံဖန်ရံခါတွင် တောင်တစ်လုံး၏ ဘေးဘက်တွင် ရှိသော) ကျယ်ပြန့်သည့် ကွင်းပြင်၊ ကျေးရွာပိုင်အလှည့်ကျ ရွှေ့ပြောင်းတောင်ယာစနစ်တွင် လိုပီလ်များစွာရှိပြီး၊ တစ်ခုချင်းစီကို အလှည့်ကျနှစ်တွင် ရှင်းလင်းခြင်း၊ မီးရှို့ခြင်းနှင့် မြေလွတ်အဖြစ် ပြန်မဖြစ်မီ ( ၁ မှ ၃ နှစ်အထိ) စိုက်ပျိုးခြင်းတို့ပြုလုပ်ကြသည်။ လိုပီများကို လိုင် နှင့် ဖို အကွက်များ အဖြစ် ပြန်ခွဲထားသည်။ လိုင်သည် အမြင့်ပေနိမ့်သောနေရာရှိ နွေးသော အကွက်များ ဖြစ်ကာ၊ ဖိုများသည် ပိုမိုမြင့်မားသော တောင်စောင်းများရှိ အေးသောမြေကွက်များဖြစ်သည်။

လို - lo — လိုပီတစ်ခုအတွင်းရှိ မြေကွက် (လိုပီကို ကြည့်ပါ)

လိုမွန်း - lo hmun — စာပိုဒ်တွင် အမွေရအကွက်ဟု ရည်ညွှန်းပြီး၊ ယေဘုယျအားဖြင့် အရည်အသွေးကောင်းသော မြေတစ်ပိုင်းဖြစ်သည်။ လိုပီတစ်ခုရှိ ၎င်းအကွက်ကို ဘိုးဘွားများမှ စိုက်ပျိုးခဲ့ကြပြီး အသုံးပြုလုပ်ကိုင်ခွင့်ကို အမွေပေးခြင်းဖြင့် လွှဲပြောင်းပေးလိုက်ခြင်းဖြစ်သည်။ ထိုလိုပီကို စိုက်ပျိုးရန် ရွေးချယ်လိုက်ပါက ထိုအကွက်တွင် စိုက်ပျိုးရန် အမွေဆက်ခံသူကို ဦးစားပေးသည်။ သို့သော် ထိုမြေသည် ကျေးရွာစီမံခန့်ခွဲမှုအောက်တွင်သာ ရှိနေသေးပြီး၊ များသောအားဖြင့် ရောင်းချခြင်း၊ ငှားရမ်းခြင်းတို့ကို ခွင့်မပြုပေ။

လိုစွာလ်မန်လီယမ် - lo hrawh man liam — လယ်သမားတစ်ဦး၏ လယ်မြေ သို့မဟုတ် ဥယျာဉ်ကို ဖျက်စီးခြင်းအတွက် ပေးသော လျော်ကြေးငွေ

(ဖလမ်းချင်းတွင် ) နူနော် သွမ်း သို့မဟုတ် (ဟားခါးချင်းတွင်) နူသွဂမ် - nunau thuawm — သတို့သမီးတစ်ဦးအဖြစ် ဇနီးမယားမှ ဝယ်သော အဆင်တန်ဆာများနှင့် အဝတ်များ (Stevenson 1943 – 166)

ဖီယန်း - phiang — ပဲစဉ်းငုံ

ဖီယန်းကွမ် - phiang kum — "ပဲနှစ်"။ ပဲနှစ်တစ်နှစ်တွင် ဖွင့်လှစ်သော လိုပီ (လိုင်လို) တွင် ပဲစဉ်းငုံများ အဓိကစိုက်ပျိုးသည်။ ယခုနှစ်သည် ရိုးရာဓလေ့အရ "ပဲနှစ်တွင် ပဲများကို အမြဲစိုက်ပျိုးစေသော ဒဏ္ဍာရီလာ တားမြစ်ချက်များနှင့် ရှောင်ကြဉ်ဖွယ်များ" (Lehman 1963: 61)

ဖွန် - phun — မျိုးနွယ်စု

ဘွေဖွန် - bawi phun — မျိုးနွယ်စုအကြီးအကဲ

ဖွန်သော့ - phun thawh — ဇနီး၏ မျိုးနွယ်စု၊ မျိုးရိုးအဆင့်အတန်းနှင့်ဆိုင်ပြီး သူမမှ ခင်ပွန်း နှင့် ကလေးများ၏ မျိုးရိုးအဆင့်အတန်းကို အထောက်အထားပြပေးသော ထိမ်းမြားသည့်ငွေကြေးအမျိုးအစား

စူ - seu — လုပ်သားငှားခြင်း သို့မဟုတ် ပစ္စည်းချင်းဖလှယ်ခြင်း ကိုဆုံးဖြတ်ရာတွင် သုံးသော ယူနစ်တစ်ခုကို ဆိုလိုသည်။ (နီလွှမ်းမန် ဟုလည်းခေါ်သည်)

စတီလ်ရမ် - satil tlawn — စားကျက်မြေ

စီယာ - sia — နွားနောက် (Bos frontalis)

စီယာပီလ် - siapil — လိုပီမြေ၊ တစ်ခါတစ်ရံတွင် စိုက်ပျိုးရေးအတွက် ဖွင့်လှစ်မည့် နောက် လိုပီတွင် စားကျက်မြေပြုလုပ်ခြင်း

စီယာပီလ်နမ် - siapil nam — စီယာဖေလ်တစ်ခုတွင် မြက်စားမည့် တိရိစ္ဆာန်များကို ကာကွယ်ရန် နွားနောက် တစ်ကောင်ကို ယဇ်ပူဇော်ခြင်း

သန်တြေ (ဖလမ်းချင်း) သို့ ရတွန် (ဟားခါးချင်း) - thantre (Falam Chin) or ratum (Hakha Chin) — ဆာလဖာပဲအမျိုးမျိုး

သက်ဟွန်း သို့ လှော့ဘုံ - Thathunh or hlawh bung — စုပေါင်း၍ လုပ်သားမျှဝေသည့်စနစ်။ လိုပီရှိ မြေကွက်တစ်ကွက်ကို စိုက်ပျိုးနေသော အိမ်ထောင်စုတိုင်းသည် လိုပီလုပ်သားအုပ်စုသို့ အမျိုးသားတစ်ဦးကို ပေးရန်လိုအပ်သည်

တီဟူ - ti huai — စိမ့်စမ်းကို စောင့်ရှောက်သည်ဟုယုံကြည်သော နတ်ဆိုး။ ခရစ်ယာန် ဘာသာသို့ မဝင်မီ စိမ့်စမ်းဝန်းကျင်ရှိ သစ်တောများကို ကာကွယ်ခြင်း အတွက် တီဟူကို ကြောက်ရွံ့ခြင်းဖြစ်သည်

ဗို့ - vok — ဝက်

ဗို့ပီး - vok pi — ဝက်သိုး

ဇိုလို - zo lo — အေးသောမြေ၊ လိုပီကို ကြည့်ပါ

ဇူပီ - zu pi — ပြောင်းဆန် သို့မဟုတ် ပြောင်းဖူးဖြင့် ပြုလုပ်သော ရိုးရာခေါင်ရည်

ဇူပူး - zu pu — ခေါင်ရည်အိုးကြီး



# ကျေးဇူးတင်လွှာ

ဤစီမံကိန်းအား အသက်မွေးဝမ်းကျောင်းနှင့် စားနပ်ရိက္ခာ ဖူလုံရေးရန်ပုံငွေ (Livelihoods, and Food Security Trust Fund – LIFT) ၏ သင်ယူလေ့လာမှုနှင့် ဆန်းသစ်တီထွင်မှု အစီအစဉ်က အသက်မွေးဝမ်းကျောင်းဆိုင်ရာ ပြဿနာများနှင့် ပတ်သက်ပြီး အသိပညာ ဗဟုသုတများကို မြှင့်တင်နိုင်စေရန် ရံပုံငွေထောက်ပံ့ကူညီပေးထားခြင်းဖြစ်သည်။

သုတေသနပြုလုပ်ငန်းနှင့် သုတေသနစာတမ်းဖြစ်မြောက်ရေးအတွက် Maxime Boutry (သုတေသီခေါင်းဆောင်) နှင့် Celine Allaverdian (စီမံကိန်းညှိနှိုင်းရေးမှူး) တို့က တာဝန်ယူဆောင်ရွက်ထားပြီး ကွင်းဆင်းသုတေသီများမှာ မခင်ပြည့်စုံ၊ ကိုတင်မျိုးဝင်းနှင့် မဆုန်ချင်းပါရ်တို့ ဖြစ်ပါသည်။

ရပ်ရွာလူထုနှင့် ယုံကြည်မှုတည်ဆောက်ရာတွင် ကူညီပံ့ပိုးပေးခဲ့သော ဒေသတွင်းလုပ်ငန်းအတွေ့အကြုံ ဆယ်စုနှစ်ခန့်ရှိပြီဖြစ်သည့် ဟားခါး GRET နှင့် CORAD အဖွဲ့တို့ကိုလည်း ကျေးဇူးအထူးတင်ရှိပါသည်။ အထူးသဖြင့် ကွင်းဆင်းသုတေသနလုပ်ငန်းတွင် လိုအပ်သော ထောက်ပံ့ပို့ဆောင်ရေး အကူအညီများအတွက် ကျေးဇူးတင်ရှိပါသည်။

Murielle Morrisson (GRET ဟားခါးစီမံကိန်း မန်နေဂျာ)၊ Lai Uk Nawl (ခ) Ukte (ချင်းပြည်နယ် MFI စီမံကိန်း မန်နေဂျာ)၊ Tial Lian (ဟားခါး - GRET ဆက်သွယ်ညှိနှိုင်းရေးမှူး)၊ Salai Sui Cue (CORAD)၊ Tha Khar (CORAD)၊ နှင့် Thla Uk (CORAD) တို့အားလည်း လွန်စွာကျေးဇူးဥပကာရ တင်ရှိပါသည်။ အဆိုပါ ပုဂ္ဂိုလ်များ၏ တန်ဖိုးမဖြတ်နိုင်သော အကူအညီများကို မရခဲ့ပါက ဤသုတေသနလေ့လာမှု ဖြစ်မြောက်အောင်မြင်ရန် လွယ်ကူမည်မဟုတ်ပေ။

သုတေသနကွင်းဆင်းလေ့လာချိန်တွင် စေတနာမေတ္တာအပြည့်ဖြင့် ဧည့်ဝတ်ကျေပွန်စွာလက်ခံကြပြီး မိမိတို့၏ အသိအမြင်များကို မျှဝေပေးခဲ့ကြသော ဟားခါးမြို့နယ်နှင့် ကျေးရွာများမှ ဒေသခံပြည်သူများကိုလည်း အထူးကျေးဇူးတင်ရှိပါသည်။

ဤသုတေသနစာတမ်းအတွဲကို ဝိုင်းဝန်း ဆန်းစစ်သုံးသပ် ကူညီပေးခဲ့သော Paul DeWit, Olivier Evrard, Philip Hirsch နှင့် Mark Vicol တို့ကိုလည်း အထူးကျေးဇူးတင်ရှိပါသည်။ ၎င်းတို့၏ အကြံပေးချက်များသည် အလွန်တရာအထောက်အကူဖြစ်စေခဲ့ပါသည်။ မြန်မာဘာသာသို့ပြန်ဆိုမှုကို ချောမွေ့သည်အထိဖြစ်အောင် အားထုတ်ပေးခဲ့သည့် ကိုကဲယုန်း (Ke Jung) ကိုလည်း အထူးကျေးဇူးတင်အပ်ပါသည်။

Celine Allaverdian

ပုံ ၄ : HNIARLAWN ကျေးရွာရှိ မိခင်နှင့်ကလေးငယ်



ပုံ ၅ :  စပါးရိတ်သိမ်းချိန်တွင် စုပေါင်းလုပ်သားမျှဝေလုပ်ကိုင်ကြသည့်အဖွဲ့

# အနှစ်ချုပ်

ချင်းပြည်နယ်သည် အိန္ဒိယနိုင်ငံနှင့် ထိစပ်နေသော မြန်မာနိုင်ငံ၏ အနောက်ဖျားဒေသရှိ ကျောက်ဆောင်ကမ်းပါးများ ထူထပ်လျက်ရှိသော တောင်တန်းများပေါ်တွင် တည်ရှိပြီး ဝေးလံခေါင်ပါးသည့် ကျေးလက်ဒေသတစ်ခုဖြစ်ပါသည်။ ချင်းပြည်နယ်တွင် စုစုပေါင်းလူဦးရေ ၅၀၀,၀၀၀ ခန့်ရှိကာ (၂၀၁၄ သန်းခေါင်စာရင်းအရ) အဓိကတောင်ယာလုပ်ငန်းဖြင့်အသက်မွေးဝမ်းကျောင်းပြုကြပြီး နိုင်ငံတကာစံနှုန်းများအရ မြန်မာနိုင်ငံ၏အဆင်းရဲဆုံးဒေသတစ်ခုအဖြစ် သတ်မှတ်ထားပါသည်။

၂၀၁၁ ခုနှစ်မှ စတင်ခဲ့သော သမ္မတဦးသိန်းစိန်အစိုးရ၏ မြေယာပြုပြင်ပြောင်းလဲမှုနောက်ခံအခြေအနေအကျင်းတွင် ပြင်ပနိုင်ငံများသို့ ရွှေ့ပြောင်းနေထိုင်နေကြသော ချင်းလူငယ်များ၏အရေးနှင့် နိုင်ငံအတွင်းနှင့် ကမ္ဘာအဆင့် ဈေးကွက်များသို့ ချင်းပြည်နယ်၏ တိုးပွားလာနေသောစီးပွားရေး ချိတ်ဆက်မှု (Vicol et a/. 2018) တို့သည် ချင်းပြည်နယ်၏ မြေယာလုပ်ပိုင်ခွင့်နှင့်ချင်းလူမျိုးများ၏ မြေယာအာမခံချက် ရရှိရေးတို့နှင့် စပ်လျဉ်းပြီး အသစ်အသစ်သောမေးခွန်းများကို ပေါ်ပေါက်လာစေပါသည်။ ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲပြီးကာစအချိန်တွင် ယခုသုတေသနကို ပြုလုပ်ခဲ့ခြင်းဖြစ်ပါသည်။ လေ့လာထားသည့် မြေယာပြုပြင်မှုအပြောင်းအလဲ၊ မြို့ပြ ဖြစ်

Celine Allaverdian

တည်လာမှု၊ ဖွံ့ဖြိုးတိုးတက်မှု အရွေ့များတို့သည် အမျိုးသားဒီမိုကရေစီ (NLD) အုပ်ချုပ်မှု အောက်နှင့် အလွန်ကာလများတွင် ဆီလျော်မည်ဖြစ်သည့်အပြင် အထူးသဖြင့် ၂၀၁၈ လွတ်၊ လပ်၊ ရိုင်း စီမံခန့်ခွဲရေးဥပဒေအသစ် ပြဋ္ဌာန်းခြင်းကဲ့သို့သော ပြုပြင်ပြောင်းလဲမှုအသစ်များနှင့် လည်း ကိုက်ညီလျက်ရှိပါသည်။

ဓလေ့ထုံးတမ်းအရ မြေပိုင်ဆိုင်ခွင့်စနစ်များ (CLS)ကို အစိုးရဘက်မှ အသိအမှတ်ပြု ထားခြင်းမရှိသည်က ချင်းပြည်နယ်ရှိ ဒေသတွင်း အရပ်ဘက်လူမှုအဖွဲ့အစည်းများ (CSOs) နှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများ (NGOs)များမှ အဓိကစိုးရိမ်ပူပန်များရှိနေသည်ကို တွေ့ရှိရပါသည်။ အမှန်မှာ အဆိုပါစနစ်များသည် ချင်းပြည်နယ်မြောက်ပိုင်း[1]ကျေးရွာများရှိ မြေယာများနှင့် ဆက်စပ်အရင်းအမြစ်များကို စီမံအုပ်ချုပ်ခန့်ခွဲရာတွင် မရှိမဖြစ် လိုအပ်သော မူဘောင်တစ်ရပ်ကို ကိုယ်စားပြုနေခြင်းဖြစ်ပါသည်။ သို့သော်လည်း ချင်းပြည်နယ်ရှိ ဒေသခံများ မှ ကျင့်သုံးနေသော မြေယာနှင့် အရင်းအမြစ်များ၊ စီမံခန့်ခွဲမှုစနစ်များ (ရွှေ့ပြောင်းတောင်ယာ (သို့မဟုတ်) အလှည့်ကျအနားပေးစိုက်ပျိုးရေး၊ သယံဇာတဘုံစီမံခန့်ခွဲမှု)သည် လက်ရှိပြဋ္ဌာန်း ဥပဒေ မူဘောင်များနှင့် အံဝင်ခွင်ကျ မရှိသေးသကဲ့သို့ အခြားသော တရားဝင် အသိအမှတ် ပြုထားသည့် လုပ်ပိုင်ခွင့်များလည်း ဖြစ်မနေပါ။

ယခုစာတမ်းသည် ချင်းပြည်နယ်မြောက်ပိုင်းရှိ ဟားခါးမြို့နယ်အတွင်းတွင် ဗြိတိသျှ ကိုလိုနီတို့ သိမ်းပိုက်ခဲ့သည့်အချိန်မှ ယနေ့ခေတ်အထိ တစ်ဦးချင်းစီ၏ မြေယာလုပ်ပိုင်ခွင့်နှင့် စီမံခန့်ခွဲပိုင်ခွင့် ပြောင်းလဲမှု အဆင့်ဆင့်တို့ကို ကောင်းမွန်စွာ နားလည်သဘောပေါက်နိုင်ရန် အတွက် ရည်ရွယ်ကာ လေ့လာမှတ်တမ်းတင် ပြုစုထားခြင်းဖြစ်သည်။ လေ့လာမှုတွင် ဟားခါး မြို့ (ချင်းပြည်နယ်၏မြို့တော်)နှင့် အနီးတစ်ဝိုက်ကျေးရွာ ကိုးရွာ၌ ရက်ပေါင်း ၈၈ ရက် (လေ့လာသူ x ရက်ပေါင်းကြာချိန်) နံ့နံ့စပ်စပ် လက်တွေ့ကွင်းဆင်းကာ အဓိက ဖြေဆိုသူ ၁၃၇ ဦးနှင့် တွေ့ဆုံမေးမြန်းခဲ့မှုများ ပါဝင်ပါသည်။ မြန်မာနိုင်ငံ မြေပြန့်ဒေသတွင်မူ အရှိန်အဟုန်မြင့် စွာ ပြောင်းလဲနေသော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကြောင့် မြို့ပြဖြစ်တည်လာမှုမှာ ခြိမ်းခြောက်မှုတစ်ခု ဖြစ်နေပါသည်။ သို့သော် ဟားခါးမြို့နှင့် အနီးရှိ ကျေးလက်ဒေသများတွင်မူ ပြဋ္ဌာန်းဥပဒေနှင့် ဓလေ့ထုံးတမ်းဥပဒေများအကြား အားပြိုင်နေသည့် မြေယာလုပ်ပိုင်ခွင့်စနစ် များ ရှိနေပါသည်။

ထို့ကြောင့် ပြည်နယ်တစ်ခု ဖြစ်လာခြင်းနှင့် ဈေးကွက်ဖြစ်တည်လာမှုတို့သည် ဟားခါး မြို့အပါအဝင် အနီးတစ်ဝိုက်ကျေးရွာသားများနှင့် ၎င်းတို့၏ မြေယာအသုံးချသည့် ပုံစံဆက်နွယ်မှု

1 မြန်မာနိုင်ငံတောင်ပေါ်ဒေသအများစုတွင် တွေ့ရှိရသကဲ့သို့။

အပေါ်တွင် ဖြစ်ပေါ်လာသည့် သက်ရောက်မှုများကို လေ့လာရန် ချင်းပြည်နယ်သည် အကောင်း ဆုံးနေရာတစ်ခုပင် ဖြစ်ပါသည်။

ချင်းပြည်နယ် ဟားခါးမြို့ဝန်းကျင်ရှိ ကျေးရွာများ၏ မျက်မှောက်ခေတ် မြေယာပိုင်ဆိုင်မှုနှင့် မြေယာအခြေပြုအရင်းအမြစ်များ လုပ်ပိုင်ခွင့်သည် ကိုလိုနီခေတ်အတွင်း(၁၈၉၆-၁၉၄၈) မှ အစပြုခဲ့သည့် ပြောင်းလဲမှုဖြစ်စဉ်၏ နောက်ဆက်တွဲရလဒ်များပင်ဖြစ်ပါသည်။ ထိုကာလတွင် ကျေးရွာတည်နေရာများကို မြေပုံပေါ်တွင် ကန့်သတ်ထားခြင်းမရှိဘဲ ပိုင်နက်နယ်နိမိတ်များကို သတ်မှတ်ပေးခဲ့ခြင်းဖြင့် ချင်းတောင်တန်းဒေသအား နစ်သိမ့်ပေးခဲ့ပါသည်။ ချင်းလူမျိုးများသည် ခရစ်ယာန်ဘာသာဝင်အဖြစ် ပြောင်းလဲခဲ့ပြီးနောက်နှင့် ကျေးရွာအုပ်ချုပ်ရေးအဖွဲ့များ ရှိလာခြင်း စသည်တို့ကြောင့် ဟားခါးချင်းလူမျိုးများ၏ မြေယာအပေါ် ရှုမြင်ပုံမှာလည်း ပြောင်းလဲခဲ့ပါသည်။

မျိုးနွယ်စုတိုက်ပွဲများ ဖြစ်ပွားတိုင်း ပြောင်းလဲနေသည့် နယ်မြေနယ်နိမိတ်များကို အုပ်ချုပ်ရန် ဘုရားသခင်၏ စေလွှတ်ခြင်းခံရသည့် လူမျိုးစုအကြီးအကဲအဖြစ် မိမိကိုယ်ကို ခံယူထားသူ၏ အုပ်ချုပ်မှုကိုခံယူကာ အိမ်ထောင်စုများသည် မိမိတို့လုပ်ကိုင်နိုင်သလောက် ရရှိထားသော မြေများကို အစဉ်အဆက် အမွေဆက်ခံလာခဲ့ကြသည်။ အဘယ်ကြောင့်ဆိုသော် ကြောက်ရွံ့ရိုသေရသော နတ်ဝိဉာဉ် (အထူးသဖြင့် ရေဝေရေလဲသစ်တောများကို ကာကွယ်မည့်သူ) နေရာတွင် ခရစ်ယာန်ဘုရားသခင်ဖြင့် အစားထိုးခဲ့ပြီး လူမျိုးစုအကြီးအကဲအစား အုပ်ချုပ်ရေး အဖွဲ့ခေါင်းဆောင်တစ်ဦး၏ အုပ်ချုပ်မှုဆီသို့ ပြောင်းလဲခဲ့ပါသည်။

သွားလာရ လွယ်ကူလာပြီး မြေပြန့်ဒေသနှင့် ပိုမိုဆက်သွယ်မှုရှိလာခြင်းတို့ကြောင့် ဆန်စပါးကို စတင်စိုက်ပျိုးလာကာ ရွှေ့ပြောင်းတောင်ယာများတွင် ပုံမှန်စိုက်ပျိုးလျက်ရှိသည့် ပြောင်းဆန်ကဲ့သို့သော ကောက်ပဲသီးနှံများအစား ပြောင်းဖူးများကို စိုက်ပျိုးလာခဲ့ကြပါသည်။

တချိန်တည်းမှာပင် ကုန်စည်ချင်းဖလှယ်သည့်စနစ်မှ ငွေကြေးဖြင့်ရောင်းဝယ်သည့် စနစ်ဆီသို့ တဖြည်းဖြည်း အစားထိုးပြောင်းလဲလာခဲ့ကြပါသည်။ ဆန်စပါးသည် အားထားရသည့် အဓိက သီးနှံတစ်ခုဖြစ်လာပြီး ခေတ်မီသော လူ့ဘောင်အဖွဲ့အစည်းဖြစ်လာစေရေးအတွက် လည်း လိုအပ်ချက်တစ်ခုဖြစ်လာပါသည်။ ဆန်စပါးသည် ရာသီတိုင်းစိုက်ပျိုးသော ပထမဆုံး သီးနှံဖြစ်လာပြီး ဥယျာဉ်ခြံများ စိုက်ပျိုးရာမှ တစ်ဦးချင်းစီမြေယာပိုင်ဆိုင်မှုများလည်း ရှိလာခဲ့ပါသည်။ ၁၉၄၆ ခုနှစ်တွင် ဟားခါးမြို့ကို ချင်းပြည်နယ်၏မြို့တော်အဖြစ် သတ်မှတ်လိုက်ပြီး နောက် တိုးပွားလာသော မြို့ပြလူဦးရေမှ စားသုံးမည့် ဈေးကွက်လိုအပ်ချက်ကို ဟင်းသီးဟင်းရွက် စိုက်ပျိုးခြင်းဖြင့် ဖြည့်ဆည်းပေးနိုင်ခဲ့ပါသည်။

ဥယျာဉ်ခြံမြေများ ဖြစ်ထွန်းလာခြင်း၊ ဝင်ငွေရ ကောက်ပဲသီးနှံများကို စတင်စိုက်ပျိုးလာခြင်းဖြင့် တစ်ဦးချင်းမြေယာပိုင်ဆိုင်မှုများ ဖြစ်ပေါ်လာခဲ့ပါသည်။ မြို့ပြတွင်နေထိုင်သူများသည် သစ်များ၊ မီးသွေးများသာမက လမ်းဖောက်လုပ်ရာတွင် အသုံးပြုသည့် ကျောက်များလည်း လိုအပ်လာသဖြင့် ထိုသဘာဝအရင်းအမြစ်များ စီမံခန့်ခွဲရေးစနစ်သည် ကျေးရွာများအထိ သက်ရောက်မှုရှိလာခဲ့ပါသည်။

ရွှေ့ပြောင်းတောင်ယာလုပ်ကိုင်ခြင်းမှာ ချင်းလူမျိုးများ၏ အခြေခံ စိုက်ပျိုးရေးလုပ်ငန်းတစ်ခုဖြစ်ပါသည်။ ကျေးရွာများရှိ မြေအမျိုးအစားများမှာ ရေဝေရေလဲသစ်တောများ၊ သစ်နှင့်ထင်းခုတ်တောများ စသည့် မတူညီသော မြေများဖြစ်ကြပါသည်။ ထို့ပြင် အဓိက စိုက်ပျိုးမြေများကို လိုပီလ်းလ်(lopil- တောင်ယာကွက်များ) အဖြစ် ထပ်မံပိုင်းခြားထားပါသည်။ ကျေးရွာအတွင်းရှိ လိုပီလ်းလ်အမျိုးမျိုးတွင် အလှည့်ကျစိုက်ပျိုးခြင်းကို လုပ်ဆောင်ကြသည်။ ကျေးရွာတစ်ရွာရှိ လိုပီလ်းလ် (lopil) အရေအတွက်မှာ လူဦးရေအချိုးအစားအပေါ် မူတည်ပြီး ရံဖန်ရံခါတွင် ပြောင်းလဲလေ့ရှိပါသည်။ ကောက်ပဲသီးနှံများ (ပြောင်းဖူး၊ တောင်ပေါ်စပါးနှင့် ယခင်က စိုက်ပျိုးခဲ့သော ပြောင်းဆန် စသည့်သီးနှံများ)နှင့် ဟင်းသီးဟင်းရွက်များကို ကိုယ်တိုင်စားသုံးရန်အတွက် စိုက်ပျိုးခြင်းမှ ဈေးကွက်ကို ဦးတည်သည့် ဝင်ငွေရ စိုက်ပျိုးရေးအဖြစ်သို့ ပြောင်းလဲလာခြင်းသည် ရွှေ့ပြောင်းတောင်ယာလုပ်ကိုင်ခြင်းနှင့် သက်ဆိုင်သော သိသာထင်ရှားသည့် အပြောင်းအလဲတစ်ခု ဖြစ်ပါသည်။

ရွှေ့ပြောင်းတောင်ယာများတွင် ဝင်ငွေရသီးနှံများကိုစိုက်ပျိုးသည့် အလေ့အထဆီသို့လည်း သိသာစွာ ပြောင်းလဲလာပါသည်။ ရေသွင်းစပါးစိုက်ကွက်များနှင့် လှေကားထစ်စိုက်ခင်းများသည် အိမ်ထောင်စုတစ်ခုလုံး၏ နှစ်စဉ်စားသုံးမှုအတွက် မလုံလောက်သောကြောင့် စိုက်ခင်းများမှ ရရှိသည့်ဝင်ငွေကို ဆန်နှင့် အခြားစားသောက်ကုန်ပစ္စည်းများ ဝယ်ယူရန် အသုံးပြုကြပါသည်။ ဟားခါးမြို့နှင့် ပိုမိုဝေးကွာပြီး ဝင်ငွေရနိုင်သော အခွင့်အလမ်းများကို လက်လှမ်းမမီနိုင်သည့် ကျေးရွာများအတွက် ရွှေ့ပြောင်းတောင်ယာ လုပ်ကိုင်ခြင်းသည် အထူးအရေးကြီးပါသည်။ ထို့ပြင် သဘာဝဘေးအန္တရာယ်များ သို့မဟုတ် စီးပွားရေးအကျပ်အတည်းများနှင့် စားနပ်ရိက္ခာပြတ်တောက်မှုများ ကြုံတွေ့ရသောအခါတွင်မူ ရွှေ့ပြောင်းတောင်ယာ စိုက်ပျိုးရေးသည် ဝင်ငွေနှင့် စားနပ်ရိက္ခာများကို အသင့်ရရှိနိုင်သော အကောင်းဆုံး စိုက်ပျိုးရေးအရင်းအမြစ်ဖြစ်ပါသည်။ ရွှေ့ပြောင်းတောင်ယာ လုပ်ကိုင်ခြင်းသည် ဘေးဒဏ်များကိုလည်း ကြံ့ကြံ့ခံနိုင်ပေသည်။

ရွှေ့ပြောင်းတောင်ယာများမှ တစ်ဦးချင်းပိုင်မြေယာအဖြစ် အသုံးပြုလုပ်ကိုင်စီမံရသည့်

အမြဲတမ်းစိုက်ပျိုးရေးသို့ ကူးပြောင်းခြင်း အဓိကအဆင့်သုံးဆင့်ရှိပါသည်။ ပထမအဆင့်တွင် လှေကားထစ်များဖြင့် စပါးစိုက်ပျိုးခဲ့ပြီးနောက် နှစ်ရှည်ဥယျာဉ်ခြံများနှင့် အခြားဥယျာဉ်ခြံမြေတို့ကို (ဟင်းသီးဟင်းရွက်နှင့် သစ်သီးစားပင်များ) စိုက်ပျိုးခဲ့ကြသည်။ ထို့ပြင် မကြာသေးမီအချိန်ကစ၍ ဝဥကို အခြေခံသော သီးနှံသစ်တောရောနှော စိုက်ပျိုးသည့်စနစ်များ ပေါ်ပေါက်လာခဲ့ပါသည်။ ၁၉၆၀ ပြည့်နှစ်တွင် ခလေ့ထုံးတမ်းများအရ လူမျိုးစုအဆင့်အတန်းခွဲခြားသတ်မှတ်မှု ပျောက်ကွယ်ခြင်းနှင့်အတူ လှေကားထစ် စနစ်သုံး စိုက်ပျိုးခြင်းများဖြင့် ကျေးရွာအတွင်းလူမှုစီးပွားအခြေအနေများ စတင်ခွဲခြားသတ်မှတ်ခဲ့ပါသည်။

အိမ်ခြံဥယျာဉ်များ (Inn Dum) တည်ရှိခဲ့သည်မှာ နှစ်ကြာရှည်ပြီဖြစ်သော်လည်း စီးပွားဖြစ်စိုက်ပျိုးသော အမြဲစိုက်ဥယျာဉ်များ (Dum) ဖြစ်ထွန်းလာခြင်းသည် ဟားခါးမြို့နှင့် ပတ်ဝန်းကျင်ဒေသများတွင် မြို့ပြ စတင်ဖြစ်တည်လာပြီဖြစ်ကြောင်း ဖော်ပြနေပါသည်။ လှေကားထစ်စိုက်ခင်းများဖြစ်ထွန်းလာခြင်း၏ အခြားတစ်ဖက်တွင် ရွှေ့ပြောင်းစိုက်ကွက်များကို အမြဲတမ်းစိုက်ကွက်များအဖြစ်သို့ ပြောင်းလာကာပြီး မြေကို ပြန်လည်အသွင်ပြောင်း၍လည်း အသုံးချနိုင်သည်။ အမြဲတမ်း စိုက်ကွက်များ စိုက်ပျိုးလာခြင်းသည် ငွေကြေးသုံးစွဲသည့် လူမှုစီးပွားစနစ်ဆီသို့ ပြောင်းလာခြင်းကို အထောက်အပံ့တစ်ရပ်ဖြစ်ပါသည်။ ရွာနှင့် အနီးအနားများတွင် လှေကားထစ် စိုက်ခင်းများနှင့် အမြဲတမ်းစိုက်ကွက်များ စိုက်ပျိုးခြင်းကြောင့် တိရိစ္ဆာန်မွေးမြူရေးအပေါ် ထိခိုက်မှုများရှိလာသည်ကိုလည်း သိသာစွာ မြင်တွေ့ရပါသည်။

ရာသီအလိုက်မွေးမြူလာကြသော တိရိစ္ဆာန်များကို နိစ္စဓူဝကြောင်းရန်အတွက် အမြဲတမ်းစိုက်ကွက်များအပေါ်တွင် ဖြတ်သန်းသွားလာမှုမှာ လပေါင်းများစွာဖြစ်သောကြောင့် စိုက်ခင်းများအတွက် ပြဿနာများ ဖြစ်ပေါ်လာစေပါသည်။

ထင်းနှင့်သစ်သည် ကျေးရွာများတွင်သာမကဘဲ ဟားခါးမြို့ပေါ်အထိပါ လိုအပ်ချက်မြင့်မားနေသော အရင်းအမြစ်များဖြစ်ကြပါသည်။ ဟားခါးမြို့ပေါ်တွင် ထင်းများရောင်းချခြင်းသည် ဝင်ငွေရ နည်းပါးသော အိမ်ထောင်စုများအတွက် အရေးကြီးသော ဝင်ငွေအရင်းအမြစ်တစ်ခုပင်ဖြစ်ပါသည်။ ထင်းများခုတ်ယူရန်အတွက် စည်းမျဉ်းစည်းကမ်းများမှာ တစ်ရွာနှင့်တစ်ရွာ မတူကြပေ။ အချို့သော ရွာများတွင်မူ ထင်းများရနိုင်သည့် နှစ်ရှည်သစ်တောများ ရှိနေသေးသော်လည်း အချို့ရွာများတွင်မူ နှစ်စဉ်အလှည့်ကျ သတ်မှတ်ထားသော ထင်းရှာဖွေနိုင်သည့် သတ်မှတ်နေရာများရှိပါသည်။ သစ်မှာ ထုတ်ယူမှုစနစ်မှာ ဓလေ့ထုံးတမ်း စီမံခန့်ခွဲမှုနှင့် ဆက်နွယ်မှုရှိပြီး (ကျေးရွာအဆင့်စီမံအုပ်ချုပ်မှု လက်အောက်တွင်ရှိနေသေးခြင်းဖြင့်) သစ်တောဦးစီးဌာန၏ ထိန်းချုပ်မှုအောက်ရှိ အရင်းအမြစ်မှာမူ အစိုးရ၏ စီမံအုပ်ချုပ်မှုစနစ်နှင့် ပိုမိုနီးစပ်နေပေသည်။

ဓလေ့ထုံးတမ်းစီမံမှုများအရ လွတ်လပ်စွာ ရယူအသုံးချခွင့်ရှိသော အိမ်ခြံကွက်များသည်လည်း မြို့ပြချဲ့ထွင်သည့် စီမံကိန်းများကြောင့် ဂင်ငွေရစေသော အခွင့်အလမ်းအဖြစ်သို့ တဖြည်းဖြည်းပြောင်းလဲလာပြီး ဓလေ့ထုံးတမ်းအရ စီမံလေ့ရှိသည့် မြေလုပ်ပိုင်ခွင့်ဘောင်၏ ပြင်ပသို့ ရောက်ရှိသွားစေသည်။ ပြည်နယ်၏ အုပ်ချုပ်မှုယန္တရား ပိုမိုကျယ်ပြန့်လာခြင်းနှင့်အတူ မြို့ပြအနေအထား ပိုမိုတိုးတက်လာမှုကြောင့် သစ်မာများနှင့် ထင်းကဲ့သို့သော အခြားအရင်းအမြစ်များလည်း အဖိုးတန်လာပြီး ၎င်းတို့ကို စီမံခန့်ခွဲရာတွင်လည်း ဓလေ့ထုံးတမ်းအရ စီမံခန့်ခွဲသည့်စနစ် ပြင်ပသို့ ရောက်ရှိသွားသည်။ အလားတူပင် ယခင်က ရေဝေရေလဲသစ်တောဟူ၍ သီးသန့်သတ်မှတ်မှု မရှိခဲ့ဘဲ နတ်ထိန်းတောများအဖြစ် ကာကွယ်ထိန်းသိမ်းခဲ့ကြပြီး ထင်းနှင့် သစ်မာများကိုမူ (သစ်တောများ၊ စိုက်ပျိုးမြေနှင့် မြေလွတ်များ၊ အိမ်မြေများ အစရှိသည်တို့အပါအဝင်) ကျေးရွာ၏ စီမံခန့်ခွဲမှု အောက်တွင်ထားရှိခဲ့သည်။ အချို့သော အရင်းအမြစ်များသည် ငွေကြေးအဖြစ် အဖိုးတန်လာပြီးနောက်တွင် CLS အရင်းအမြစ် စီမံခန့်ခွဲမှုအောက်မှ လွတ်ကာ သီးခြားစီမံသည့် အမျိုးအစားများ ဖြစ်လာခဲ့ပါသည်။

ချင်းလူမျိုးတို့၏ ဓလေ့ထုံးတမ်းအရ ကျောက်ထုတ်ယူမှုလုပ်ငန်းများကို ယခင်က လုပ်ကိုင်ခြင်းမရှိခဲ့သော်လည်း ယခုအခါ ထိုအရင်းအမြစ် (ကျောက်နှင့် သစ်မာ)များကို ပြည်နယ်အစိုးရ၏ အုပ်ချုပ်ရေး လက်တံများဖြစ်သော ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများက စီမံလာရခြင်းကြောင့် ပြည်နယ်အစိုးရ၏ စီမံခန့်ခွဲပိုင်ခွင့်များကို ကိုယ်စားပြုမှု ပိုမိုအားကောင်းလာစေပါသည်။ CLSနှင့် ပြည်နယ် အစိုးရ၏ မူဘောင်များအကြား ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ၏ အခန်းကဏ္ဍမှာ မေးခွန်းထုတ်စရာအနေအထား ဖြစ်လာခဲ့ပါသည်။ ကျေးရွာလူထုနှင့် သက်ဆိုင်သည့် မြေယာနှင့် အရင်းအမြစ်များကို စီမံခန့်ခွဲခြင်းနှင့် ဆုံးဖြတ်ချက်များ ချမှတ်ရာတွင် အမှန်တကယ်တရားဝင်ခြင်း ရှိ/မရှိ ဆိုသည်နှင့် ကျေးရွာဘုံပိုင်မြေများကို အမြဲတမ်းဥယျာဉ်ခြံများအဖြစ် ပြောင်းလဲရာတွင် ကျေးရွာအုပ်ချုပ်ရေးမှူး တစ်ဦးတည်းသာ ကြီးကြပ်ရသောကြောင့် အလွဲများရှိနိုင်သည့် လုပ်ဆောင်ချက်များ ဖြစ်စေခဲ့သည်။ ထို့ကြောင့်ကျေးရွာလူထုက မြေယာနှင့် အရင်းအမြစ်များ စီမံခန့်ခွဲရာတွင် ကောင်းမွန်သော ကိုယ်စားပြုမှု (ဥပမာအားဖြင့် ရပ်ရွာမှ ရပ်မိရပ်ဖ (ခေါင်းဆောင်များ) ကောင်စီမှ ဆုံးဖြတ်ချက်ချမှတ်ပေးနိုင်ရန်) ရှိလာစေရန် တောင်းဆိုလာကြပါသည်။

လက်ရှိတွင် စိုက်ပျိုးရေးလုပ်ငန်းသည် ဟားခါးချင်း အိမ်ထောင်စုများအတွက် ယခင်ကကဲ့သို့ မရှိမဖြစ် အရေးမပါတော့သော်လည်း အများစုမှာ ဧကအနည်းငယ် (အမြဲတမ်းစိုက်ကွက် ၁ မှ ၂ ဧက) တို့ကို ယနေ့တိုင် လက်လှမ်းမီသလောက် စိုက်ပျိုးလုပ်ကိုင်လျက်ရှိပါသည်။ လှေကားထစ်စိုက်ခင်းများနှင့် အမြဲတမ်း စိုက်ကွက်များကို လက်လှမ်းမီစိုက်ပျိုးနိုင်မှု အခြေ

အနေပေါ်မူတည်ကာ လူမှုရေးအခြေအနေ ကွာဟမှုများလည်း ဖြစ်ပေါ်နေပါသည်။ သို့သော် ချင်းပြည်နယ်မြောက်ပိုင်း စိုက်ပျိုးရေးလုပ်ငန်းများသည် စီးပွားဖြစ်စိုက်ပျိုးရေးနှင့် အလှမ်းဝေးကွာနေသေးပါသည်။ တောင်သူများသည် မိသားစုလုပ်အားကိုသာ အားကိုးကြပြီး စိုက်ပျိုးရေးအတွက် အလုပ်သမားငှားရမ်းမှုမှာ နည်းပါးပါသည်။

မကြာသေးသော ဆယ်စုနှစ်အတွင်း ဝင်ငွေရသီးနှံများကို စိုက်ပျိုးလာကြသော်လည်း ကျေးလက်နေ အိမ်ထောင်စုများသည် တနိုင်တပိုင် စိုက်ပျိုးထုတ်လုပ်မှုကိုသာ အစဉ်တစိုက် လုပ်ကိုင်နေကြပါသည်။ ဟားခါးမြို့နှင့် အနီးဆုံးကျေးရွာများတွင်ပင် ဝင်ငွေရသီးနှံများကိုအဓိကထား စိုက်ပျိုးသူ အနည်းငယ်သာ ရှိပါသည်။ ရွှေ့ပြောင်းတောင်ယာနှင့် အမြဲတမ်း စိုက်ခင်းနှစ်မျိုးစလုံးကို တွဲဖက်လုပ်ကိုင်သည့် အချက်ကို အဓိကထား မီးမောင်းထိုးပြရန် လိုအပ်ပါသည်။ ရပ်ဝေးသို့ရောက်နေသည့် မိသားစုဝင်များမှ ပြန်ပို့ငွေများသည် ရပ်ရွာတွင် ကျန်ရစ်နေသော မိသားစုအတွက် မရှိမဖြစ် အရေးပါလှပါသည်။ ထိုငွေများကို ကျောင်းစရိတ်နှင့် မိသားစုအခြေခံလိုအပ်ချက်များအတွက် အဓိက အသုံးပြုကြသည်ဟု အင်တာဗျူးဖြေဆိုသူများထံမှ သိရသည်။ နောက်ပိုင်းတွင် ထိုငွေများကို တိရိစ္ဆာန်မွေးမြူရေးနှင့် စိုက်ပျိုးရေးလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံရန်အတွက်လည်း အသုံးပြုလာကြပါသည်။

တချိန်တည်းမှာပင် လမ်းတံတားဆောက်လုပ်ရေးလုပ်ငန်းများတွင် လုပ်ကိုင်ခြင်းသည်လည်း ဝင်ငွေရ အရင်းအမြစ်တစ်ခုဖြစ်သည့်အပြင် ပို့ဆောင်ဆက်သွယ်ရေးကဏ္ဍကိုလည်း လွယ်ကူပြီးမြန်ဆန်လာစေသည်။ ယခုအခါတွင် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို ဝေးကွာသောရပ်ခြားနယ်မြေများတွင် လုပ်ကိုင်လာကြသောကြောင့် လူများနှင့် ပိုင်နက်နယ်မြေကြား ပတ်သက်ဆက်နွယ်မှုများ ပြောင်းလဲလာနေပါသည်။ နောက်ဆုံးသော အခြေအနေတွင် အနွမ်းပါးဆုံးအိမ်ထောင်စုများသည် ကျေးရွာအတွင်း လူမှုစီးပွား ကွာဟချက်များကြောင့် ကျေးရွာသစ်များအဖြစ် ခွဲထွက်၍ အခြေချနေထိုင်သော မဟာဗျူဟာကို ကျင့်သုံးကြသည်။

အကျပ်အတည်းကာလများတွင် ရွှေ့ပြောင်းတောင်ယာစိုက်ပျိုးခြင်းသည် အိမ်ထောင်စုအတော်များများအတွက် စားဝတ်နေရေးဖူလုံမှုကို ပေးစွမ်းနိုင်သဖြင့် ပြဋ္ဌာန်းမြေယာမူဘောင်များထဲတွင် ရွှေ့ပြောင်းတောင်ယာစနစ်ကို အသိအမှတ်ပြုပေးရန် လိုအပ်နေပါသည်။

အမြဲတမ်းစိုက်ပျိုးရေးလုပ်ငန်းများနှင့် ပတ်သက်သောလုပ်ပိုင်ခွင့်များကိုလည်း ခိုင်မာလုံခြုံမှုရှိစေရန်လိုအပ်ပါသည်။ တောင်သူများကို ရွှေ့ပြောင်းတောင်ယာလုပ်ကိုင်ရာမှ အမြဲတမ်းစိုက်ပျိုးရေးစနစ်ကို ပြောင်းလဲကျင့်သုံးရန် ဆယ်စုနှစ်ကြာအောင်တွန်းအားပေးခဲ့သော်လည်း

အမြဲတမ်း စိုက်ခင်းများအတွက် အသိအမှတ်ပြုခံရခြင်းမရှိ (စပါးစိုက်ကွက်မှလွဲ၍) သေးသည်ကို အံ့အားသင့်စွာ တွေ့ရှိရပါသည်။

ဓလေ့ထုံးတမ်းမြေယာစနစ်ကို အသိအမှတ်ပြုနိုင်ရာတွင် သစ်တောထွက် အရင်းအမြစ်များ၏ အခန်းကဏ္ဍကိုလည်း ထည့်သွင်းစဉ်းစားရန် အလွန်အရေးကြီးပါသည်။ 'ဓလေ့ထုံးတမ်းမြေယာ'ဟုဆိုရာတွင် စိုက်ရေးပျိုးရေးတစ်ခုတည်းကိုသာ အလေးထားပြောဆိုကြလေ့ရှိပါသည်။ သစ်မဟုတ်သော သစ်တောထွက်ပစ္စည်းများ၊ အိမ်သုံးလောင်စာအဖြစ် အသုံးပြုသော ထင်းများ၊ သစ်မာများနှင့် မီးသွေးများ ရောင်းချသည့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းသည်လည်း ဒေသနေပြည်သူများအတွက် သစ်တောမှ ရရှိသော အရေးပါသည့် အရင်းအမြစ်များဖြစ်ပါသည်။

CLS ကို တရားဝင်အသိအမှတ်ပြုရာတွင် အောက်ပါအချက်များအပေါ် ဂရုတစိုက် အလေးထားစဉ်းစားသင့်ပါသည်။

- ပြောင်းလဲမှုအတွက် လိုက်လျောညီထွေသော ရပ်ဝန်းတစ်ခုလိုအပ်ပါသည် -
  အရင်းအမြစ် အသုံးချမြေပုံများနှင့် စီမံခန့်ခွဲမှုစနစ်များကို အတူတကွ ပြန်သုံးသပ်ခြင်းသည် အရေးကြီးသော ပြဿနာအချို့ကို ဖြေရှင်းနိုင်သော်လည်း မြေယာအသုံးချမှုနှင့် စိုက်ပျိုးရေး လုပ်ငန်းစနစ်တို့ လိုက်လျောညီထွေရှိနေမှုအပေါ် အဟန့်အတားဖြစ်စေသည်။

- အမျိုးမျိုးသော အခွင့်အရေးများနှင့် မတူညီသော လုပ်ပိုင်ခွင့်စနစ်များ -
  ရွှေ့ပြောင်းတောင်ယာတွင် ပါရှိသော လုပ်ပိုင်ခွင့်များသည် အများပိုင်စနစ်နှင့် တစ်ဦးပိုင်စနစ်ကြား မတူညီသော လုပ်ပိုင်ခွင့်များကို တောင်းဆိုမှုများဖြင့် ရှုပ်ထွေးနေသည်။ အများအားဖြင့် ထိုလုပ်ပိုင်ခွင့်များကို တရားဝင် အသိအမှတ်ပြုရာတွင် ဘောင်တစ်ခုကန့်သတ်ကာ အဓိကထား စဉ်းစားလေ့ ရှိတတ်သည်။ ထို့ကြောင့် ဟားခါးချင်းကျေးရွာများအတွက် မြေယာလုပ်ပိုင်ခွင့်အာမခံချက် ရှိစေရန် လုပ်ဆောင်ရာတွင် လက်ရှိကျင့်သုံးနေသော အစိုးရ၏ မြေယာ မူဘောင်များကိုလည်း ခွဲခြားဖယ်ချန်ထားခြင်းမျိုးမဖြစ်စေဘဲ ကျယ်ပြန့်သောနည်းလမ်းတစ်ခု ဖြစ်စေရန်အလွန်အရေးကြီးပါသည်။ အကျိုးအမြတ်များကိုခွဲဝေရာတွင် ဒေသခံလူထုအားလုံးအတွက် သာတူညီမျှရှိစေ

ရန်အတွက်သာမက ပျက်စီးနေပြီးဖြစ်သော မြေအနေအထားများအား ကာကွယ်ရန်အတွက်ပါ ရည်ရွယ်၍ (သစ်၊ ထင်းသစ်နှင့် ကျောက်ထုတ်ယူမှုစသည့်) စီးပွားရေးအရတန်ဖိုးပိုကြီးသော အရင်းအမြစ်များကို ကျေးရွာအခြေပြုမူဘောင်တစ်ခုအတွင်း ပေါင်းစပ်ထည့်သွင်းထားသင့်ပါသည်။ ဥပမာအားဖြင့် အမွေရအကွက်များ(လိုမွန်)သည် ကျေးရွာမှစီမံခန့်ခွဲသည့် စနစ်တစ်ခုတွင် ပါဝင်နေသော်လည်း တစ်ဦးချင်း အသုံးပြုလုပ်ကိုင်ခွင့်ရှိပါသည်။ ထို့ကြောင့်ပင် CLS တရားဝင်အသိအမှတ်ပြုရာတွင် ထိုအခွင့်အရေးများ မထိခိုက်စေရန် အထူးဂရုမူပြီး စီစဉ်ဆောင်ရွက်ရန်လိုအပ်ပါသည်။ ဒုတိယအဆင့်တွင် အစိုးရ၏မြေယာမူဘောင်အတွင်းတွင် (ရပ်ရွာအလိုက်ဖြစ်စေ၊ တစ်ဦးချင်းဖြစ်စေ) စုပေါင်းမြေယာပိုင်ဆိုင်ခွင့်ကို တရားဝင်အသိအမှတ်ပြုရန် လုပ်ဆောင်သင့်ပါသည်။

- **အသုံးချပုံအမျိုးမျိုးရှိသော မြေယာအမျိုးအစားများကို အသိအမှတ်ပြုခြင်း -**
  ရွှေ့ပြောင်းတောင်ယာစနစ်သည် စိုက်ပျိုးမြေများနှင့် လပ်ထားသောမြေများကို အလှည့်ကျ အနားပေးစနစ်တစ်ခုဖြစ်စေသည်ကို နားလည်ထားရမည်ဖြစ်ပါသည်။ ထို့အပြင် လိုပီလ်(Lopil)တွင် ကောက်ပဲသီးနှံမျိုးစုံကို စိုက်ကြသည့်အပြင် နည်းအမျိုးမျိုးဖြင့် အသုံးချလေ့ရှိသည့် မြေလပ်များသည်လည်း အသက်မွေးဝမ်းကျောင်းအတွက် လိုက်လျောညီထွေပြီး အထောက်အကူပြုစေနိုင်ပါသည်။ ပြဋ္ဌာန်းဥပဒေများ၏ အဓိက အားနည်းချက်တစ်ခုမှာ မြေဧရိယာတစ်ကို နည်းလမ်းတစ်ခုတည်းဖြင့်သာ အသုံးချမြေအဖြစ် သတ်မှတ်ထားခြင်းဖြစ်ပါသည်။

- **ကျေးရွာဘုံလုပ်ပိုင်ခွင့်အား အသိအမှတ်ပြုရေးအတွက် သက်ဆိုင်သောကဏ္ဍများကို အဓိပ္ပာယ်သတ်မှတ်ခြင်း**
  ကျေးရွာနေလူထုနှင့် ကျေးရွာတွင်းအဖွဲ့အစည်းများက မိမိတို့၏ ပိုင်နက်နယ်နိမိတ်အတွင်းရှိ မြေယာနှင့် သဘာဝ အရင်းအမြစ်များ စီမံခန့်ခွဲရေးနှင့်စပ်လျဉ်းသည့် အခွင့်အရေးအမျိုးမျိုးကို ကျေးရွာ ဘုံလုပ်ပိုင်ခွင့်အောက်တွင် ထည့်သွင်းသတ်မှတ်ထားလေ့ရှိပါသည်။ ထိုနယ်နိမိတ်တို့ကိုမူတည်၍ ဟားခါးချင်းလူမျိုးများက ကျေးရွာ၏ နယ်မြေအဖြစ် သတ်မှတ်လေ့ရှိသည်။ သို့သော်လည်း အရင်းအမြစ်အမျိုးမျိုးဖြစ်သည့် ရေ၊ စားကျက်မြေနှင့် သစ်

တောများကို ကျေးရွာများမှ စုပေါင်းစီမံခန့်ခွဲကာ အသုံးပြုကြပါသည်။ ထို့ကြောင့် ကျေးရွာဘုံပိုင်မြေများကို တရားဝင် အသိအမှတ်ပြုရာတွင် ကျေးရွာတစ်ရွာနှင့်တစ်ရွာကြားရှိ ပတ်သက်ဆက်နွယ်မှုကိုထည့်သွင်း စဉ်းစားရန် အရေးကြီးပါသည်။

- **ပဋိပက္ခဖြစ်စေနိုင်သည့် အခြေအနေများကို ရှောင်ရှားခြင်း**
  ကျေးရွာတစ်ရွာချင်းစီတို့၏ ပိုင်းခြားသည့်နယ်နိမိတ်များကို သတ်မှတ်ရာတွင် ပဋိပက္ခအသစ် ပေါ်ပေါက်လာနိုင်သည်။ CLS ကို အသိအမှတ်မပြုမီ မြေယာနှင့် သဘာဝ အရင်းအမြစ်များနှင့် ပတ်သက်၍ ရှိနှင့်ပြီးသား ပဋိပက္ခများကို အရင်လေ့လာစမ်းစစ်ပြီး လိုအပ်သော ပဋိပက္ခဖြေရှင်းသည့် လုပ်ထုံးလုပ်နည်းယန္တရားများကို ဖန်တီးပေးရမည်ဖြစ်ပါသည်။ ထိုအရာများမှာ အချက်အလက်များ စုဆောင်းခြင်းနှင့် သဘောထားဆန္ဒခံယူခြင်း၊ ရွာနီးချင်း ကျေးရွာများ နယ်နိမိတ် သတ်မှတ်ခြင်း၊ ကန့်ကွက်နိုင်ရန်အတွက် တိကျသော လုပ်ထုံးလုပ်နည်းယန္တရားများ အစရှိသည်တို့ဖြစ်သည်။ လက်ရှိအချိန်တွင် မရှိသေးသည့် အခြားသီးသန့် ပဋိပက္ခဖြေရှင်းသည့်အဖွဲ့အစည်းများ (ဥပမာ- မြို့နယ်အဆင့်တွင်) လိုကောင်းလိုအပ်နိုင်ပါသည်။

ကနဦးအနေဖြင့် ဒေသခံများ၏ အခွင့်အရေး၊ မြေယာနှင့်ဆက်စပ်သည့် အရင်းအမြစ်များ အသုံးချခွင့်ကို ကာကွယ်ပေးနိုင်မည့် အခြားနည်းလမ်းများမှာ - မြေယာနှင့် အရင်းအမြစ်များ လုပ်ပိုင်ခွင့် တစ်ခုချင်းစီကို တရားဝင် အသိအမှတ်ပြုခြင်းထက် အခြားနေရာတွင် အသုံးပြုရန်လိုအပ်လာသည့်အခါ ထိရောက်စွာ ကာကွယ်နိုင်ရန် လုပ်ထုံးလုပ်နည်းများကို သတ်မှတ်ထားခြင်းဖြစ်သည်။ ဒါ့အပြင် ကျေးရွာတစ်ရွာနှင့်တစ်ရွာ သို့မဟုတ် ကျေးရွာဆက်များကြား ထပ်တူသော အချက်များရှိ/မရှိ နှင့် ကျေးရွာ ဘုံမြေနှင့် တစ်ဦးပိုင်မြေများ တောင်းဆိုမှုတို့ကိုလည်း စနစ်တကျ ဆန်းစစ်ရမည်ဖြစ်ပါသည်။

မြေယာနှင့် ဆက်စပ်အရင်းအမြစ်များကို လက်လှမ်းမီ အသုံးပြုခွင့်ရှိသူတို့၏ အခွင့်အရေးကို ကာကွယ်ရန် ကနဦးအာရုံစိုက်ရမည့် ကိစ္စမှာ ပြဿနာကို အခြားနည်းဖြင့် ကိုင်တွယ်ဖြေရှင်းရန်ဖြစ်ပါသည်။ မြေယာနှင့် အရင်းအမြစ်များပိုင်ဆိုင်ခွင့် တစ်ခုချင်းစီတိုင်းကို တရားဝင်ပြုလုပ်မည့်အစား ပိုမိုထိရောက်သော ချဉ်းကပ်နည်းလမ်းတစ်ခုမှာ မြေယာများကို ကာကွယ်ရန်အတွက် ခိုင်မာသော လုပ်ထုံးလုပ်နည်းတစ်ရပ်ကို သတ်မှတ်ရန်ကြိုးစားခြင်းပင် ဖြစ်ပေလိမ့်မည်။ သို့မှသာ အခြားရည်ရွယ်ချက်များအတွက် မြေယာကို တောင်းဆိုလာသော

အခါတွင် ကျေးရွာနှင့် ကျေးရွာများကြားရှိ မြေနေရာများ ထပ်နေခြင်း ရှိ/မရှိကို စစ်ဆေးရန် အတွက် စနစ်ကျသော အတည်ပြုမှုကို လုပ်ဆောင်နိုင်မည်ဖြစ်သည်။

အသက်မွေးဝမ်းကျောင်းပြောင်းလဲမှုများနှင့် ဆက်စပ်နေသည့် လက်ရှိ မြေယာအသုံးချမှုအစီအမံတစ်ခုအပေါ် အခြေခံလျှင် ပဋိပက္ခများကို လျော့နည်းစေနိုင်ပြီး မွေးမြူရေး တိရိစ္ဆာန်များကြောင့် ကောက်ပဲသီးနှံများ ပျက်စီးမှုကိုလျှော့ချရန် အကူအညီဖြစ်စေနိုင်ပါမည်။ ထပ်မံ၍ မြေယာအသုံးပြုမှု အစီအမံရေးဆွဲခြင်းဖြင့် လယ်သမားများ၊ အာဏာပိုင်များနှင့် NGO များ၏ အမြင်ရှုထောင့်ကွဲပြားမှုကို ဖြေရှင်းရန် ကူညီပေးနိုင်သည်။ ထို့ပြင် ရေရှည်တည်တံ့သော အရင်းအမြစ်များ စီမံခန့်ခွဲမှုနှင့် အကောင်းဆုံး မြေယာ အသုံးချမှုစနစ် ဖြစ်ပေါ်လာစေရန်အတွက် ကျေးရွာဘုံပိုင်မြေများကို မှတ်ပုံတင်ရာတွင် အများလက်ခံ၍ ပူးပေါင်းပါဝင်နိုင်သော မြေယာ အသုံးချမှု အစီအမံရေးဆွဲခြင်း (PLUP) လုပ်ငန်းစဉ်မှာ အကောင်းဆုံးလုပ်ငန်းစဉ်တစ်ခုဖြစ် ကြောင်း ထင်မြင်ယူဆကြသည်။

ဒေသတွင်း အဖွဲ့အစည်းများသည် ကောင်းမွန်သော ဒေသန္တရစီမံအုပ်ချုပ်မှု အလေ့ အကျင့်များနှင့် ဒီမိုကရေစီ အခြေခံမှုများကို အခြေခံ၍ စီမံဆောင်ရွက်ကြရန် အရေးကြီးပါသည်။ တန်းတူညီမျှမှု၊ ဒေသတွင်းတာဝန်ခံမှုနှင့် အားလုံးပူးပေါင်းပါဝင်နိုင်ရန် တိုက်တွန်းအားပေးသင့် သည်။ အဆိုပါ အဖွဲ့အစည်းများသည် ကျေးရွာကို အမှန်တကယ် ကိုယ်စားပြုကြောင်း သေချာ စေရန်အတွက် အခြေခံအကျဆုံးဖြစ်သော အကြီးအကဲကောင်စီ သို့မဟုတ် မျိုးနွယ်စု ကိုယ်စား လှယ်များပါ ဤလုပ်ငန်းစဉ်တွင် ပါဝင်ရန် လိုအပ်သည်။



Adapted from MIMU, 2016

# သုတေသနအကျဉ်းချုပ်

## ၁ ။ နိဒါန်း

ချင်းပြည်နယ်သည် အိန္ဒိယနိုင်ငံနှင့် ထိစပ်နေသော မြန်မာနိုင်ငံ၏ အနောက်ဖျား ဖက်ဒေသရှိ ကျောက်ဆောင် ကျောက်ကမ်းပါးများ ထူထပ်လျက်ရှိသော တောင်တန်းများ ပေါ်တွင် တည်ရှိပြီး အလွန်ပင် ဝေးလံခေါင်ပါးသော ကျေးလက်ဒေသတစ်ခု ဖြစ်ပါသည်။ ချင်းပြည်နယ်တွင် စုစုပေါင်းလူဦးရေ ၅၀၀,၀၀၀ ခန့်ရှိကာ (၂၀၁၄ သန်းခေါင်စာရင်းအရ) အဓိက တောင်ယာလုပ်ငန်းဖြင့် အသက်မွေးကြပြီး နိုင်ငံတကာစံနှုန်းများအရ မြန်မာနိုင်ငံ၏ အဆင်းရဲဆုံး ဒေသတစ်ခုအဖြစ် သတ်မှတ်ထားပါသည်။

၂၀၁၁ ခုနှစ်မှ စတင်ခဲ့သော သမ္မတဦးသိန်းစိန် အစိုးရ၏ မြေယာပြုပြင်ပြောင်းလဲမှု နောက်ခံ အခင်းအကျင်းတွင် ပြင်ပဒေသများသို့ ရွှေ့ပြောင်းနေထိုင်နေကြသော ချင်းလူငယ်များ၏ အရေးနှင့် နိုင်ငံအဆင့်၊ ကမ္ဘာအဆင့် ဈေးကွက်များသို့ ချင်းပြည်နယ်၏ တိုးပွားလာနေသော စီးပွားရေး ချိတ်ဆက်မှု (Vicol et a/. 2018) တို့သည် ချင်းပြည်နယ်၏ မြေယာလုပ်ပိုင်ခွင့်နှင့် ချင်းပြည်သူများ၏ မြေယာအာမခံချက် ရရှိရေးတို့နှင့်စပ်လျဉ်းကာ အသစ်အသစ်သော မေးခွန်း များကို ပေါ်ပေါက်လာစေပါသည်။

ချင်းပြည်နယ်တွင် ဓလေ့ထုံးတမ်းအရ မြေပိုင်ဆိုင်ခွင့်စနစ်များ (CLS) ပေးမထား သည်ကို ဒေသတွင်းအရပ်ဘက် လူမှုအဖွဲ့အစည်းများ (CSOs)နှင့် အစိုးရမဟုတ်သော အဖွဲ့ အစည်းများ (NGOs)မှ စိုးရိမ်ပူပန်မှုများရှိနေသည်ကို အကြိုလေ့လာတွေ့ရှိရပါသည်။ အမှန်

Celine Allaverdian

ပုံ ၄ : ရိတ်သိမ်းချိန်တွင် လေဖြင့် စပါးလှေ့ခြင်း

မှာ အဆိုပါစနစ်များသည် ချင်းပြည်နယ် မြောက်ပိုင်း ကျေးရွာ[1]များရှိ မြေယာများနှင့် ဆက်စပ် အရင်းအမြစ်များကို စီမံအုပ်ချုပ်ခန့်ခွဲရာတွင် မရှိမဖြစ် လိုအပ်သော မူဘောင်တစ်ရပ်ကို ကိုယ်စားပြုနေခြင်းဖြစ်ပါသည်။ သို့သော်လည်း ချင်းပြည်နယ်ရှိ ဒေသခံပြည်သူများ လက်တွေ့ အသုံးပြုနေသော မြေယာနှင့် အရင်းအမြစ်များ စီမံခန့်ခွဲမှုစနစ်များသည် လက်ရှိပြဋ္ဌာန်း ဥပဒေ မူဘောင်များနှင့် အံဝင်ခွင်ကျ မရှိသေးသကဲ့သို့ အခြားသော တရားဝင် အသိအမှတ် ပြုထားသည့် လုပ်ပိုင်ခွင့်များလည်း ဖြစ်မနေပါ။

ယခုစာတမ်းသည် ချင်းပြည်နယ်မြောက်ပိုင်းရှိ ဟားခါးမြို့နယ်အတွင်းတွင် ဗြိတိသျှ ကိုလိုနီတို့သိမ်းပိုက်ခဲ့သည့်အချိန်မှ ယနေ့ခေတ်အထိ တစ်ဦးချင်းစီ၏ မြေယာလုပ်ပိုင်ခွင့်နှင့် စီမံခန့်ခွဲပိုင်ခွင့် ပြောင်းလဲမှုအဆင့်ဆင့်တို့ကို ကောင်းမွန်စွာနားလည်သဘောပေါက်နိုင်ရန် အတွက် ရည်ရွယ်ကာ လေ့လာမှတ်တမ်းတင် ပြုစုထားခြင်းဖြစ်ပါသည်။ ချင်းပြည်နယ်၏ မြို့တော်ဖြစ်သည့် ဟားခါးမြို့တော်နှင့် အနီးတစ်ဝိုက်ကျေးရွာ ကိုးရွာတွင် ရက်ပေါင်း ၈၈ ရက်ကြာ (လေ့လာ သူ x ရက်ပေါင်းကြာချိန်) နှံ့နှံ့စပ်စပ် လက်တွေ့ကွင်းဆင်းကာ အဓိက ဖြေဆိုသူ (၁၃၇) ဦးနှင့် တွေ့ဆုံမေးမြန်းခဲ့သည့် လေ့လာမှုဖြစ်ပါသည်။ မြန်မာနိုင်ငံ မြေပြန့် ဒေသတွင်မူ အရှိန်အဟုန်မြင့်စွာ ပြောင်းလဲနေသော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ကြောင့် မြို့ပြ ဖြစ်တည်လာမှုမှာ ခြိမ်းခြောက်မှုတစ်ခုကဲ့သို့ ဖြစ်နေပါသည်။ သို့သော် ဟားခါးမြို့ နှင့် အနီးရှိ ကျေးလက်ဒေသများတွင်မ ပြဋ္ဌာန်းဥပဒေများနှင့် ဓလေ့ထုံးတမ်းဥပဒေများအကြား အားပြိုင်နေသည့် မြေယာ လုပ်ပိုင်ခွင့်စနစ်များ ရှိနေပါသည်။

၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလတွင် ရက်သတ္တတစ်ပတ်ကြာသည့် ကနဦး လေ့လာဆန်းစစ် ချက်များကို ပြုလုပ်ခဲ့ပြီး (မတူညီသောအခြေအနေများကို ခြုံငုံနိုင်သော သုတေသန နည်းလမ်း၊ လေ့လာမည့် အကြောင်းအရာများရွေးချယ်ခြင်း)၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလတွင် သုံးပတ်ကြာ ကွင်းဆင်းလေ့လာခဲ့ပါသည်။ ဤသုတေသနပါ တွေ့ရှိချက်များသည် ဟားခါးမြို့ပေါ် နှင့် ကျေးရွာ ကိုးရွာတို့တွင် ၈၈ ရက်ကြာ [လေ့လာသူ x ရက်ပေါင်းကြာချိန်] နိုင်ငံတကာပညာရှင်များ၊ ဗမာ သုတေသီများနှင့် ချင်းသုတေသီများက အသေးစိတ်လေ့လာထားသည့် တွေ့ရှိချက်များ ဖြစ် ပါသည်။ ကနဦးကြိုတင်ပြင်ဆင်ထားသည့် သုတေသနမေးခွန်းများကို အဓိကဖြေဆိုသူများအား အကြိမ်ကြိမ်တွေ့ဆုံမေးမြန်းခဲ့ပါသည်။ စုစုပေါင်းဖြေဆိုပေးသူ ၁၃၇ ဦးကို မေးမြန်းခဲ့ပြီး (အချို့ကို အကြိမ်ကြိမ်တွေ့ဆုံမေးမြန်း) အလွတ်သဘော ပြောဆိုဆွေးနွေးမှုများလည်း ပါဝင်ပါသည်။ သုတေသန အစီရင်ခံစာကို လေ့လာတွေ့ရှိချက်များနှင့် ထုတ်ဝေပြီးသော စာတမ်းများ (အထူး သဖြင့် သမိုင်းနှင့် သက်ဆိုင်သည့် စာတမ်းများ) ကို အခြေခံပြီး ပြုစုထားပါသည်။

1 မြန်မာနိုင်ငံတောင်ပေါ်ဒေသအများစုတွင် တွေ့ရှိရသကဲ့သို့။

## ၂။ ဓလေ့ထုံးတမ်းအရ စီမံခန့်ခွဲသော မြေယာလုပ်ပိုင်ခွင့်စနစ်ကို အသိအမှတ်ပြုရေးတွင် ဥပဒေဆိုင်ရာ စိန်ခေါ်မှုများ

မြေယာကဏ္ဍပြုပြင်ပြောင်းလဲမှုကို ပထမဆုံး အရပ်သားတစ်ပိုင်း အစိုးရ (သမ္မတဦးသိန်းစိန် အစိုးရ ၂၀၁၁ မှ ၂၀၁၅) လက်ထက်တွင် စတင်ခဲ့ပါသည်။ ၂၀၁၂ လယ်ယာမြေ ဥပဒေအရ ဖြစ်ပေါ်လာသည့် အဓိက အပြောင်းအလဲမှာ မြေယာများ အသုံးချ မှတ်ပုံတင်စနစ်ဖြင့် အမွေပေးခြင်း၊ ရောင်းချခြင်း၊ ငှားရမ်းခြင်း၊ ပေါင်နှံခြင်းနှင့် အပေါင်ထားခြင်းတို့ကို တရားဝင် အသိအမှတ်ပြုပေးလိုက်ခြင်းဖြစ်ပါသည်။ ယခင်ဥပဒေများကဲ့သို့ပင် အဆိုပါဥပဒေမှာလည်း အမြဲတမ်းစိုက်ပျိုးရေးနှင့် တစ်ဦးချင်းစီ၏ မြေယာအသုံးပြုပိုင်ခွင့်တို့အပေါ် အလေးပေးထားပါသည်။ ထို့ပြင် ၂၀၁၂ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေး ဥပဒေ (VFV) အရ မြေလွတ်၊ မြေလပ် နှင့် မြေရိုင်းများကို ကုမ္ပဏီများနှင့် တသီးပုဂ္ဂလများ စီးပွားရေး လုပ်ကိုင်နိုင်ရန် နှစ် (၃၀)လုပ်ပိုင်ခွင့် ပြုပေးနိုင်သည့် မူဘောင်တစ်ရပ် ချမှတ်ခဲ့ပါသည်။ သဘောတရားအရ အလှည့်ကျ အသုံးပြုလေ့ရှိသည့် မြေလပ်(လုပ်ထားသည့်မြေ)များဖြစ်သော်လည်း မှတ်ပုံမတင်ထားသည့် မည်သည့်မြေကိုမဆို လျှောက်ထားလာသည့် ပုဂ္ဂလိကနှင့်အဖွဲ့အစည်းများ၊ ကုမ္ပဏီများထံသို့ တရားဝင်လုပ်ပိုင်ခွင့် ချထားပေးနိုင်ခြင်းဖြစ်ပါသည်။ အလားတူပင် တောင်ပေါ်ဒေသရှိ မြေအများစုကို လယ်ယာမြေ စီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန (DALMS)[2]မှ စာရင်းများ ကောက်ယူနိုင်ခြင်းမရှိသောကြောင့် လွတ်၊ လပ်၊ ရိုင်း မြေများအဖြစ် အလို အလျောက် သတ်မှတ်ခံရနိုင်ပါသည်။ လွတ်၊ လပ်၊ ရိုင်း ဥပဒေကို ၂၀၁၈ ခုနှစ်တွင် ပြန်လည် ပြင်ဆင်ခဲ့သော်လည်း အဆိုပါ ပြဿနာရပ်ကို မဖြေရှင်းနိုင်သေးပေ။ မြေလွတ်၊ မြေလပ်၊ မြေရိုင်း ခွဲဝေချထားခြင်း (၁၉၉၁) လမ်းညွှန်ချက်များဖြင့် တောင်ပေါ်ဒေသများရှိ မြေများကို သိမ်းယူခဲ့ခြင်းကြောင့် လူမှုအဖွဲ့အစည်းနှင့် ဒေသနေပြည်သူလူထုက မိမိတို့၏ မြေယာနှင့် အရင်းအမြစ်များအား နိုင်ငံတော်က အသိအမှတ်ပြုမည့်အရေးကို စိုးရိမ်ပူပန်လျက်ရှိပါသည်။

ထို့ပြင် သစ်နှင့် သစ်တောထိန်းသိမ်းရာတွင် နိုင်ငံတော် အစိုးရ၏ မူဝါဒများနှင့် မူဘောင်များကိုသာ အခြေခံပြီး ဆောင်ရွက်ရသောကြောင့် ဒေသနေပြည်သူများလုပ်ကိုင်သည့် ဓလေ့ထုံးတမ်း မြေယာစနစ်ကို ထည့်သွင်းစဉ်းစားထားမှု အလွန်ပင် နည်းပါးသည်။ သစ်တောမူဝါဒ (၁၉၉၅) တွင်လည်း 'ရွှေ့ပြောင်း တောင်ယာသည် သစ်တောပြုန်းတီးမှုကို အလွန်အကျွံဖြစ်စေသောကြောင့် အားမပေးသင့်'ဟု ၎င်း၏ ရပ်တည်ချက်ကို ရှင်းလင်းစွာ ဖော်ပြထားပါသည်။ ဒေသနေပြည်သူများ အစုအဖွဲ့ပိုင်သစ်တော ညွှန်ကြားချက် (၂၀၁၆ ခုနှစ်တွင် ပြန်လည် ပြင်ဆင်

2 ယခင်က မြေယာပြန်လည်ချထားရေး နှင့် မြေယာမှတ်တမ်းဦးစီးဌာန (SLRD) ဟု ခေါ်ဆိုသည်။

အတည်ပြုထားသော CFI-၁၉၉၅) အရ ဒေသနေ ပြည်သူများက နှစ်သုံးဆယ် ခွင့်ပြုထားသော သစ်တောနယ်မြေများကို အသိအမှတ်ပြုပေးနိုင်ရန်အတွက် လျှောက်ထားနိုင်သော်လည်း ဓလေ့ထုံးတမ်းအရ စီမံခန့်ခွဲသော သစ်တောမြေများကို အသိအမှတ်ပြုနိုင်ခြင်းမရှိပေ။ ထို့ပြင် သစ်တော ဥပဒေ (၁၉၉၂) တွင် မပါရှိသော ဒေသခံပြည်သူများ အစုအဖွဲ့ပိုင် သစ်တောညွှန်ကြား ချက်(၂၀၁၆)ပါ ကဏ္ဍအချို့ကို အသက်ဝင်စေရန်အတွက် သစ်တောဥပဒေသစ်တစ်ရပ်ကို လိုအပ် လျက်ရှိပါသည်။ လက်တွေ့တွင်မူ ဒေသခံပြည်သူများ အစုအဖွဲ့ပိုင်သစ်တောများကို မှတ်ပုံ တင်ရာတွင် ကုန်ကျစရိတ်များ လိုအပ်မှုကြောင့် အုပ်ချုပ်ရေး လုပ်ထုံးလုပ်နည်းများသည် NGO များ ပါဝင်ကူညီထောက်ပံ့နေရသေးသော လုပ်ငန်းစဉ်တစ်ခု ဖြစ်နေပါသည်။

၂၀၁၆ ခုနှစ်တွင် အတည်ပြုခဲ့သော အမျိုးသားမြေအသုံးချမှု မူဝါဒပါ "အပိုင်း (၈) တိုင်းရင်းသားလူမျိုးများ မြေအသုံးချမှုအခွင့်အရေးများ" သည် ရွှေ့ပြောင်းတောင်ယာနှင့် ဓလေ့ ထုံးတမ်းအရ မြေယာ ပိုင်ဆိုင်ခွင့်ကို အသိအမှတ်ပြုနိုင်မည့် အခွင့်အလမ်းများ ပါရှိသောကြောင့် ပိုမိုကောင်းမွန်လာသည်ဟု ဆိုနိုင်ပါသည်။ သို့ရာတွင် လက်တွေ့ဖော်ဆောင်ပေးနိုင်မည့် မြေယာဥပဒေများ မရှိသေးသောကြောင့် ၎င်းကို အကောင်အထည်ဖော်နိုင်ခြင်းမရှိသေးပေ။

ပြည်ပသို့တင်ပို့နိုင်ရန် ဆန်စပါးစိုက်ပျိုးရေးနှင့် တန်ဖိုးမြင့်ဝင်ငွေရ သီးနှံများကို အမြဲတမ်းစိုက်ပျိုးနိုင်မည့် စိုက်ပျိုးရေးမူဝါဒနှင့် ချိတ်ဆက်ဆောင်ရွက်ရန်သာ နိုင်ငံတော် အစိုးရက အဓိက ဦးတည်လေ့ရှိပါသည်။ အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ် ဦးဆောင်သော အစိုးရလက်ထက် တွင် လုပ်ကွက်ငယ် တောင်သူများနှင့် ဈေးကွက်များ ချိတ်ဆက်မှုကို ဖော်ဆောင်နိုင်မည့် ဖွံ့ဖြိုး ရေး လမ်းစဉ်များကို ဦးစားပေး ဆောင်ရွက်လျက်ရှိသည်။ (Vicol et al.2018 p 453)

## ၃ ။ ချင်းလူမျိုးများ၏ မြေယာလုပ်ပိုင်ခွင့်နှင့် လူမှုအပြောင်းအလဲများဆိုင်ရာ နောက်ခံသမိုင်းကြောင်းကို ခြုံငုံလေ့လာခြင်း

ချင်းပြည်နယ် ဟားခါးမြို့ဝန်းကျင်ရှိ ကျေးရွာများ၏ မျက်မှောက်ခေတ် မြေယာပိုင် ဆိုင်မှုနှင့် မြေယာအခြေပြု အရင်းအမြစ်များ လုပ်ပိုင်ခွင့်သည် ကိုလိုနီခေတ် (၁၈၉၆-၁၉၄၈)မှ အစပြုခဲ့သည့် ပြောင်းလဲမှုဖြစ်စဉ်၏ နောက်ဆက်တွဲ ရလဒ်များပင်ဖြစ်ပါသည်။ ထိုကာလတွင် ကျေးရွာတည်နေရာများကို အတည်တကျသတ်မှတ်ပြီး ကျေးရွာနယ်နိမိတ်များက ပိုင်းခြား ပေးခြင်းဖြင့် ချင်းတောင်တန်းအား နှစ်သိမ့်ပေးခဲ့သည်။ ချင်းလူမျိုးများသည် ခရစ်ယာန် ဘာသာဝင်အဖြစ် ပြောင်းလဲခဲ့ပြီးနောက် ကျေးရွာအုပ်ချုပ်ရေးအဖွဲ့များ ရှိလာခြင်းနှင့် အတူ ဟားခါးချင်းလူမျိုးများ၏ မြေယာအပေါ် ရှုမြင်ပုံမှာလည်း ပြောင်းလဲခဲ့ပါသည်။ မျိုးနွယ်စုတိုက်ပွဲ

များဖြစ်ပွားတိုင်း ပြောင်းလဲနေသည့် နယ်မြေနယ်နိမိတ်များကို အုပ်ချုပ်ရန် ဘုရားသခင်၏ စေလွှတ်ခြင်းခံရသည့် လူမျိုးစုအကြီးအကဲအဖြစ် မိမိကိုယ်ကို ခံယူထားသူ၏ အုပ်ချုပ်မှုကို ခံယူကာ အိမ်ထောင်စုများသည် မိမိတို့လုပ်ကိုင်နိုင်သလောက် ရရှိထားသော မြေများကို အစဉ်အဆက် အမွေဆက်ခံလာခဲ့ကြသည်။ အဘယ်ကြောင့်ဆိုသော် ကြောက်ရွံ့ရိုသေရသော နတ်ဝိဉာဉ် (အထူးသဖြင့် ရေဝေရေလဲသစ်တောများကို ကာကွယ်မည့်သူ) နေရာတွင် ခရစ်ယာန် ဘုရားသခင်ဖြင့် အစားထိုးခဲ့ပြီး မျိုးနွယ်စုအကြီးအကဲအစား အစိုးရအုပ်ချုပ်ရေးချုပ်ရေးအဖွဲ့မှ ကျေးရွာအာဏာပိုင်တစ်ဦး၏ အုပ်ချုပ်မှုဆီသို့ ပြောင်းလဲခဲ့ပါသည်။

မျိုးနွယ်စုအကြီးအကဲမှ အုပ်ချုပ်သည့်စနစ် တစ်ခန်းရပ်သွားခြင်းသည် ချင်း လူ့အဖွဲ့ အစည်းအတွက် သိသာထင်ရှားသော သက်ရောက်မှုများ ရှိလာခဲ့ပါသည်။ မျိုးနွယ်စုများအကြား သာမန် ချီယာ (Chia) နှင့် အုပ်ချုပ်သူ ဘွေ (Bawi) မျိုးနွယ်စု ဟူ၍ အဆင့်အတန်း ခွဲခြားမှုကို ဖယ်ရှား ပြောင်းလဲလိုက်နိုင်ခြင်းကြောင့် ထိုလူတန်းစားများကြား တူညီသော လူမှုအဆင့် အတန်းများ ဖြစ်ပေါ်လာခဲ့သည်။

ထို့ကြောင့် ရိုးရာဓလေ့အရ ငွေကြေးချမ်းသာကြွယ်ဝမှုအပေါ် မူတည်၍ ပေးဆပ်ရခြင်း နှင့် အခွန်အကောက်ဆိုင်ရာ အစီအမံများအပေါ်လည်း သက်ရောက်မှုရှိလာခဲ့သည်။ ၁၉၆၁ ခုနှစ်၊ ဆိုရှယ်လစ် အစိုးရလက်ထက်တွင် စိုက်ပျိုးမြေများကို နိုင်ငံပိုင်မြေများအဖြစ်သို့ ပြောင်းလဲ သတ်မှတ်လိုက်ခြင်းနှင့်အတူ မျိုးနွယ်စုအကြီးအကဲများ အုပ်စိုးသောစနစ် တခန်းရပ်သွားခြင်း ကြောင့် မြေပိုင်ရှင်ကြီးများစနစ် အဆုံးသတ်ကာ ရွှေ့ပြောင်းတောင်ယာမြေများ (Lopil) စီမံခန့်ခွဲမှုများတွင် ဒီမိုကရေစီစနစ်ဘက်သို့ ဦးတည်လာခဲ့သည်။

သွားရလာရ ပိုမိုလွယ်ကူလာသည်နှင့်အမျှ မြေပြန့်ဒေသတွင် နေထိုင်ကြသူများနှင့် ကူးလူးဆက်ဆံမှု ပိုမိုများပြားလာကာ ဆန်စပါးစိုက်ပျိုးခြင်းကို စတင်လာခဲ့ပြီး ဓလေ့အရ စိုက်ပျိုး ခဲ့သည့် နံစားပြောင်းကဲ့သို့သော သီးနှံများအစား ပြောင်းကို အစားထိုး စိုက်ပျိုးလာခဲ့ကြသည်။ ချင်းတောင်တန်း၏ စီးပွားရေးစနစ်တွင် ငွေကြေးကို အသုံးပြုလာကြသဖြင့် ချင်းလူမျိုးများ၏ အသိုင်းအဝန်းတစ်ခုလုံးအတွက် အကျိုးသက်ရောက်မှုများ ရှိလာခဲ့သည်။ ငွေကြေးနှင့် လိုအပ် ချက်အသစ်များ စတင်ဖြစ်ပေါ်လာခြင်း၊ ကုန်ပစ္စည်းဖလှယ်ရန်နှင့် ဝမ်းစာဖူလုံရန်အတွက်သာ စိုက်ပျိုးရာမှ ဝင်ငွေရ စိုက်ပျိုးရေးစနစ်အဖြစ် ပြောင်းလဲခဲ့ခြင်းကြောင့် မျိုးနွယ်စုအစွဲများ လျော့ နည်းလာပြီး ကျေးရွာ၏ ပိုင်ဆိုင်မှုများကိုလည်း မျိုးနွယ်စုအကြီးအကဲများက ဗဟိုပြုစီမံခြင်းမှ အိမ်ထောင်စုအလိုက် စီမံလုပ်ကိုင်သော အဆင့်သို့ရောက်ရှိလာခဲ့သည်။


N
W
E
S
INDIA
BANGLADESH
Cikha
Tonzang Township
Tonzang
Tedim Township
Rihkhawdar
Tedim
Khampat
Mawlaik
Kale
Kalewa
SAGAING
Falam Township
Falam
Mingin
Thantlang
Hakha
Thantlang Township
Hakha Township
Kani
Chin State
Gangaw
Yinmabin
Salingyi
Pale
Rezua
Matupi Township
Tilin
Matupi
Myaing
Pauk
Mindat Township
Mindat
Kyaukhtu
Pakokku
Paletwa Township
Paletwa
Samee
MAGWAY
Taungpyoletwea
Kanpetlet
Saw
Nyaung-U
Bagan
RAKHINE
Kanpetlet Township
Buthidaung
Chauk
Seikphyu
Maungdaw
Kyauktaw

ပုံ ၇ : ချင်းပြည်နယ်၏ မြေပုံ

ဆန်စပါးသည် ခေတ်မီသော လူမှုအဖွဲ့အစည်းတစ်ခု ဖြစ်လာစေရန်အတွက် အဖိုးတန်သော ပင်မသီးနှံတစ်ခု ဖြစ်လာခဲ့သည်။ လေ့ကားထစ်စိုက်ခင်းများ ဖော်ထုတ်ခြင်းအတွက် အစိုးရက အထောက်အပံ့များပေးကာ ဆန်စပါးစိုက်ပျိုးရန် အလေးထားမြှင့်တင်ပေးခဲ့သည်။ စပါးစိုက်ပျိုးလာခြင်းဖြင့် ပထမဆုံး အမြဲတမ်း စိုက်ပျိုးရေးစနစ်ကို စတင်ခဲ့ပြီး (အိမ်ခြံဥယျာဉ်မှလွဲ၍) တစ်ဦးချင်း မြေယာပိုင်ဆိုင်မှုများ ဖြစ်လာခဲ့သည်။ ဤသို့ဖြင့် လုပ်အားဖလှယ်သော စနစ်နှင့် စုပေါင်းလုပ်ကိုင်မှုစနစ် လျော့နည်းလာပြီး လုပ်သားငှားရမ်းသည့်စနစ်ဘက်သို့ ဦးတည်လာခဲ့သည်။ ၁၉၆၄ ခုနှစ်တွင် ချင်းပြည်နယ်၏ မြို့တော်ဟားခါးတွင် နေထိုင်သူလူဦးရေ တိုးပွားလာသည်နှင့်အမျှ ဟင်းသီးဟင်းရွက်လိုအပ်မှု ပိုမိုမြင့်တက်လာခဲ့သည်။ အမြဲတမ်းစိုက်ပျိုးသည့် ဥယျာဉ်ခြံများနှင့် ဝင်ငွေရသီးနှံများ စိုက်ပျိုးမှုများပြားလာခြင်းကြောင့် တစ်ဦးချင်း မြေယာပိုင်ဆိုင်မှုများစနစ် ဖြစ်ပေါ်လာခဲ့သည်။ မြို့ပေါ်နေလူထုအတွက် ထင်းနှင့်သစ်မာများ လိုအပ်လာခြင်းနှင့် လမ်းတံတားဖောက်လုပ်ရန်အတွက် ကျေးရွာများမှ ကျောက်ထုတ်ယူမှု မြင့်မားလာသဖြင့် ကျေးရွာအဆင့် အရင်းအမြစ်များစီမံခန့်ခွဲမှုကို သက်ရောက်မှု ရှိလာပါသည်။

၁၉၉၀ ခုနှစ်တွင် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ (နဝတအစိုးရ) တက်ချိန်မှစပြီး ချင်းပြည်နယ်အတွင်း အစိုးရ၏ လွှမ်းမိုးမှု ပိုမိုကျယ်ပြန့်လာသည်ကို 'တစ်ရက် ထက်တစ်ရက် စစ်အစိုးရ၏ ကြီးစိုးမှု တဖြည်းဖြည်း တိုးပွားလာသည်' ဟု Callahan 2007-39 တွင် ဖော်ပြထားသည်။ ထိုသို့ တိုးပွားလာမှုသည် ဒေသတွင်းရှိ ချင်းအမျိုးသားတပ်ဦး (CNF) ၏ တည်ရှိမှုကို တုံ့ပြန်ရန်ဟု အကြောင်းပြသော်လည်း သဘာဝအရင်းအမြစ်များနှင့် အရေးကြီးသော နယ်စပ်ဒေသနှင့် ကုန်သွယ်ရေးလမ်းကြောင်းများကို ရရှိနိုင်ရန် စတင်ကြိုးပမ်းလာခြင်း ဖြစ်နိုင်သည်ဟု (ibid-59)တွင် ရေးသားထားပါသည်။ ယင်းသည် လူသားနှင့် မြေယာကြား ဆက်နွယ်မှုကို အသွင်ပြောင်းခြင်း၊ ဈေးကွက်သစ် အပြောင်းအလဲများကို အားကောင်းလာစေခြင်း၊ ဒေသတွင်းရှိ မြေယာနှင့် မြေယာအခြေပြု အရင်းအမြစ်များကို အုပ်ချုပ်စီမံခန့်ခွဲရာတွင် ပြဿနာသစ်များကို ဖြစ်ပေါ်လာစေခဲ့ပါသည်။ စီးပွားရေးဖိအားနှင့် စစ်ရေးအခြေအနေ တင်းမာလာခြင်းတို့နှင့်အတူ လူ့အခွင့်အရေးချိုးဖောက်ခြင်း (အဓမ္မ လုပ်အားပေးစေခိုင်းမှု၊ ငွေညှစ်ခြင်း အစရှိသည်)တို့ကြောင့် ကျေးရွာနေဒေသခံများသည် မြို့ကြီးများနှင့် နိုင်ငံရပ်ခြား တိုင်းပြည်များသို့ ရွှေ့ပြောင်းနေထိုင်သွားကြသည်။

အဆိုပါပြောင်းလဲမှုများ (မြေများကို ပိုမိုအသုံးချလာခြင်း၊ အရင်းအမြစ်များကို CLS အတိုင်းမဟုတ်ဘဲ ထုတ်ယူခြင်းနှင့် အခြားသော အကြောင်းအရာများ)ကြောင့် ၂၀၁၅ ခုနှစ်၊ ဇူလိုင်လနှင့် ဩဂုတ်လများတွင် မိုးသည်းထန်စွာ ရွာသွန်းပြီး ကြီးမားသော မြေပြိုမှုဖြစ်ကာ ဆိုးရွားသော သဘာဝဘေးများကို ဖြစ်စေခဲ့သည်မှာ သိသာထင်ရှားနေပါသည်။ ထိုသဘာဝ

ဘေးဒဏ်ကြောင့် ဟားခါးမြို့ဟောင်း[3]တွင် နေထိုင်သူများက ဟားခါးမြို့သစ်ဆီ ရွှေ့ပြောင်းကြရပြီး နီးစပ်ရာ ကျေးရွာများတွင် မြို့ပြဖြစ်တည်မှု ပြဿနာတစ်ရပ် ဖြစ်ပေါ်စေခဲ့ပါသည်။

## ၄ ။ ချင်းပြည်နယ်ရှိ မြေယာနှင့် အရင်းအမြစ်လုပ်ပိုင်ခွင့်ဆိုင်ရာ ဆက်လက်ကျင့်သုံးမှုများနှင့် အပြောင်းအလဲများ

### ■ ၄.၁။ ရွှေ့ပြောင်းတောင်ယာ

*အခွင့်အရေးအမျိုးမျိုး - ကျေးရွာဘုံပိုင်စနစ်တစ်ခုအတွင်းရှိ တစ်ဦးချင်းလုပ်ပိုင်ခွင့်များ*

ရွှေ့ပြောင်းတောင်ယာသည် ချင်းပြည်နယ်၏ အခြေခံစိုက်ပျိုးရေးစနစ်၏ အဖြစ်ယနေ့တိုင်ကျန်ရှိနေပါသေးသည်။ ကျေးရွာနယ်နိမိတ်အတွင်းရှိ နယ်မြေများတွင် ရေဝေ ရေလဲ တောများ၊ သစ်နှင့် ထင်းတောများ စသည့် မတူညီသောမြေများ ပါဝင်သည်။ ရွာနယ်နိမိတ်၏ အဓိကအပိုင်းများကို စိုက်ပျိုးမြေ လိုပီလ် (lopil) (လယ်ကွက်များ) အဖြစ်ခွဲခြားထားသည် (ရုပ်ပုံ ၂ ကို ကြည့်ရန်)။ ကျေးရွာအတွင်းရှိ လိုပီလ် (lopil) အမျိုးမျိုးတွင် အလှည့်ကျစိုက်ပျိုးခြင်းကို ကိုင်ကြပါသည်။


အမွေဆက်ခံခြင်းဖြင့်ဖြစ်စေ သို့မဟုတ် လက်ထပ်ထိမ်းမြားခြင်းဖြင့် ရလာသည့် လို-မွန်း (lo-hmun)[4] ဟုခေါ်သော အချို့သော အကွက်များသည် လက်ရှိနှစ်တွင်အလှည့်ကျ၍ စိုက်ပျိုးသော လိုပီလ် (lopil) (တစ်ဖက်ပါ ရုပ်ပုံ ၁ ကို ကြည့်ရန်) အတွင်းရှိမှသာ အဆိုပါအကွက်များကို ဦးစားပေး အသုံးပြုခွင့်ရှိကြသည်။ လူတစ်ဦးတစ်ယောက်တွင် လိုပီလ် (lopil) တစ်ခုအတွင်းတွင် လို-မွန်း (lo-hmun) များစွာရှိနိုင်သော်လည်း၊ လိုပီလ် (lopil) တစ်ခုစီတိုင်းတွင် လို-မွန် (lo-hmun) များ ရှိနေစရာမလိုအပ်ပေ။ ဤမြေများသည် ကျေးရွာဘုံစီမံခန့်ခွဲမှုအောက်တွင် ရှိသောကြောင့် ရောင်းချခြင်း သို့မဟုတ် ငှားရမ်းခြင်းများ ပြုလုပ်၍မရပေ။ ရွှေ့ပြောင်းတောင်ယာ လုပ်ကိုင်ရာတွင်မူ အိမ်ထောင်စုများသည် မိမိတို့ အမှန်တကယ်လုပ်ကိုင်နိုင်သည့် ဧရိယာထက်

---

3 အဆိုပါ မြေပြိုမှုများသည် ချင်းပြည်နယ်ရှိလူပေါင်း ၆၅၃၅ ကျော်ကို သက်ရောက်ခဲ့ကာ၊ ဟားခါးမြို့နယ်တွင်ပင် မြေဧကပေါင်း ၁၀၆၀ ကို ဖျက်ဆီးခဲ့သည် (CCERR 2015) ။ ဟားခါးမြို့ပေါ်တွင် အိမ်ပေါင်း ၃၀၀ ဝန်းကျင်ခန့်ပျက်စီးခဲ့ပြီး၊ အခြားပစ္စည်းများလည်း ပျက်စီးခဲ့ကာ၊ လူပေါင်း ၂၆၀၀ ကျော်ခန့်ကို ဘေးကင်းနေရာများသို့ ရွှေ့ပြောင်းပေးခဲ့ရသည်။ (http://landslideinhakhacity.blogspot.com)

4 "အမွေရမြေကွက်" ဆိုသည်မှာ လိုပီတစ်ခုတွင် ကောင်းသောအရည်အသွေးရှိသော ဘိုးဘွားများမှ စိုက်ပျိုးထွန်ယက်ခဲ့ကာ အမွေပေးခြင်းမှတဆင့် အသုံးပြုလုပ်ကိုင်ခွင့်ကို လွှဲပြောင်းပေးခဲ့သည့် မြေတစ်ကွက်ကိုဆိုလိုသည်။

ပို၍ နေရာယူထားခြင်း၊ သီးစား(အငှား) ချထားခြင်းကိုလည်း ခွင့်မပြုပေ။ လိုအပ်ချက်ထက် ပိုနေသော အမွေရမြေအကွက် (lo-hmun) များကို လိုပီလ် (lopil) စိုက်ပျိုးချိန်တွင် ကျေးရွာဘုံစီမံခန့်ခွဲသည့်အကွက်များအတွင်း ထည့်သွင်းကြပါသည်။ အဆိုပါ ကျေးရွာပိုင် လိုပီလ် (lopil) များကို ရှင်းလင်းပြီးနောက်တွင် ကျေးရွာအတွင်း အခြေချနေထိုင်သော အိမ်ထောင်စုများကြား မဲစနစ်ဖြစ်ဖြစ်စေ၊ အိမ်ထောင်ဦးစီးမှ မြေကွက်ရွေးချယ်ခြင်းဖြင့်ဖြစ်စေ ခွဲဝေကြပါသည်။ မြေနေရာ ရွေးချယ်မှုကို ကျေးရွာအစည်းအဝေးတွင် ကျေးရွာအုပ်ချုပ်ရေးမှူးမှ ကျေးရွာအကြီးအကဲကောင်စီ၏ အကြံဉာဏ်များကိုယူ၍ အတည်ပြုပေးရပါသည်။ အချို့သော ကျေးရွာများတွင် အဆိုပါ ကျေးရွာအကြီးအကဲများသည် ကျေးရွာတွင်းရှိ အဓိက မျိုးနွယ်စုတစ်ခုချင်းစီကို ကိုယ်စားပြုသူများလည်း ဖြစ်နိုင်ပါသည်။ အခြားရွာများတွင်မူ ၎င်းတို့သည် "ဆယ်အိမ်စု" ကို ကိုယ်စားပြုသော ဆယ်အိမ်စုမှူးများ ဖြစ်ကြသည်။ ကျေးရွာအတွင်း မနေထိုင်သည့် အိမ်ထောင်စုများမှာ ရွှေ့ပြောင်း တောင်ယာမြေကွက်များကို အသုံးပြုခွင့်မရှိပေ။ ကျေးရွာတွင် အခြေချနေသူများ စိုက်ပျိုးလိုပါက လိုပီလ် (lopil) အတွင်း မြေကွက်များ အသုံးပြုလုပ်ကိုင်နိုင်ပါသည်။ အလားတူပင် ကျေးရွာသို့ ရောက်လာသော အိမ်ထောင်စုအသစ်များမှ စိုက်ပျိုးလုပ်ကိုင်နိုင်ရန် မြေကွက်များကို တောင်းဆိုနိုင်ပါသည်။




| | ပထမနှစ် | ဒုတိယနှစ် | တတိယနှစ် |
|---|---|---|---|
| လိုပီလ် ၁ | စိုက်ပျိုးပြီး | မြေလပ် | မြေလပ် |
| လိုပီလ် ၂ | မြေလပ် | စိုက်ပျိုးပြီး | မြေလပ် |
| လိုပီလ် ၃ | မြေလပ် | မြေလပ် | စိုက်ပျိုးပြီး |

ရုပ်ပုံ ၁ - နာဘွဲးကျေးရွာတွင်တွေ့ရသည့် နမူနာ ရွှေ့ပြောင်းတောင်ယာစနစ်

လိုပီလ် (lopil) အရေအတွက်နှင့် လိုပီလ် တစ်ခုချင်းဆီတွင် ဆက်တိုက်နှစ်စဉ် စိုက်ပျိုးနိုင်သည့် နှစ်အရေအတွက် - ဆိုလိုသည်မှာ ရွှေ့ပြောင်းတောင်ယာစက်ဝန်းနှင့် မြေလပ်များ၏ သက်တမ်းသည် လူဦးရေတိုးပွားနှုန်း၊ မြေသြဇာအခြေအနေ၊ ရွှေ့ပြောင်းတောင်ယာနှင့် စိုက်ပျိုးမြေအဖြစ် ရရှိနိုင်သည့် မြေဧရိယာများစသည်တို့အပေါ် မူတည်၍ တစ်ရွာနှင့်တစ်ရွာ ကွဲပြားနိုင်ပါသည်။ လိုပီလ်အမျိုးအစားပေါ် မူတည်၍လည်း အလှည့်ကျစိုက်ပျိုးသည့်နှစ်ကာလများကွဲပြားပါသည်။ ချင်းလူမျိုးများသည် "အေးသော" နှင့် "နွေးသော" မြေကွက်များ ဟူ၍ အနီးစပ်ဆုံးအနက်ပြန်ဆို[5]နိုင်သည့် ဇိုလို (zo lo) နှင့် လိုင်လို (lai lo) စသဖြင့် အသီးသီး ခွဲခြားကြသည်။ ဇိုလို (zo lo) များသည် လိုင်လို (lai lo) ထက် (အမြင့်ပေ ၅၀၀၀ ) ပို၍မြင့်သောနေရာတွင် တည်ရှိသည်။ ဇိုလို (zo lo) မြေများသည် အရည်အသွေး နိမ့်ပါးသည်ဟု ဆိုကြပါသည်။ ထို့အပြင် မြေလပ်ထားသည့်ကာလများတွင် အပင်ပြန်လည်ကြီးထွားနှုန်းမှာလည်း လိုင်လို (lai lo) ထက် ပို၍နှေးကွေးပါသည်။ ထို့ကြောင့် ဇိုလိုများ (zo lo) ကို လိုင်လိုများ (lai lo) ထက် သက်တမ်းတိုအဖြစ်သာ (ပုံမှန်အားဖြင့် တစ်နှစ်) စိုက်ပျိုးကြပြီး၊ လိုင်လိုများကို (Lehman 1963-54) ၁၉၅၀ ခုနှစ်နောက်ပိုင်းတွင် တစ်နှစ်သာ စိုက်ပျိုးခဲ့ကြပြီး၊ ယနေ့ခေတ်တွင် တစ်နှစ်မှ နှစ်နှစ်ထိ (တခါတရံတွင်မူသုံးနှစ်အထိ) စိုက်ပျိုးကြသည်။

## *အမြဲလိုက်လျောညီထွေမှုရှိသော လိုပီလ် (lopil) စနစ်*

ကျေးရွာတစ်ရွာရှိ လိုပီလ် (lopil) အရေအတွက်သည် ပြောင်းလဲရှိနိုင်ကြောင်း အင်တာဗျူးများအရ သိရပါသည်။ ဥပမာအားဖြင့် တစ်နှစ်ထက်တစ်နှစ် အသုံးပြုလုပ်ကိုင်သူများလျော့နည်းလာသောကြောင့် လိုအပ်သည့် မြေဧရိယာလည်း လျော့နည်းလာသည်။ ကျေးရွာနှင့် နီးသော လိုပီလ်များကို ယခုအခါတွင် အလှည့်ကျစိုက်ပျိုးရန် "လိုပီလ်ခွဲ" (sub-lopil) များအဖြစ်ထပ်မံခွဲခြားကြသည်။ လိုပီလ်များ၏ အမည်များကိုလည်း (မြစ်များ၊ ကျောက်များ၊ စသည်တို့၏အမည်များကို အသုံးပြု၍) အဆိုပါနေရာများနှင့် အနီးဆုံးဖြစ်သော ဒေသခွဲများကို ရည်ညွှန်း၍ ပြောင်းလဲနိုင်သည်။

## *ရွှေ့ပြောင်းတောင်ယာတွင် စိုက်ပျိုးသောကောက်ပဲသီးနှံများ*

စိုက်ပျိုးသည့် ကာလစက်ဝန်းသည် (လုပ်မြေသက်တမ်းကြာချိန်ပေါ် မူတည်လျက်) ယေဘုယျအားဖြင့် အလယ်အလတ်အမြင့်ရှိသော သစ်ပင်များနှင့် မြင့်မားသောသစ်ပင်များဖြင့်

Celine Allaverdian

5 လိုင် နှင့် ဇို အဓိပ္ပါယ်ကို ပို၍ ကျယ်ကျယ်ပြန့်ပြန့် သိရှိဆွေးနွေးနိုင်ရန် Lehman 1963 - စာမျက်နှာ ၅၃-၅၅ ကို ကြည့်ပါ။



ပုံ ၈ : ရိတ်သိမ်းချိန်တွင် မြင်တွေ့ရသည့်လေ့ကားစပါးစိုက်ခင်း
(ချွန်ကျုံးကျေးရွာ၊ ဒီဇင်ဘာ ၂၀၁၅)

ဖုံးလွှမ်းနေသော လိုပီလ် (lopil) အသစ်တစ်ခုကို ဖွင့်လှစ်ခြင်းဖြင့် စတင်သည်။ ဒီဇင်ဘာလ ဝန်းကျင်တွင် သစ်ပင်များကို ခုတ်လှဲခြင်းဖြင့် မြေကွက်များကို ရှင်းလင်းပြီး၊ မတ်လ-ဧပြီလ ဝန်းကျင်တွင် လိုပီလ်ပေါ်ရှိ ကျန်နေသေးသော အကိုင်းအခက်များကို မီးရှို့ကြသည်။ လိုင်လို (lai lo) ကွက်များတွင် ပြောင်းဆန်နှင့်တောင်ယာစပါး[6]များကို စိုက်ပျိုးမှုသည် နည်းပါးလာသောကြောင့် ယခုအခါ အဓိကအားဖြင့် ပြောင်းဖူးကို မေလတွင် စိုက်ပျိုးကြသည်။ ပြာမှုန့်များနှင့် ဇီဝမြေဩဇာ စုပုံနေသောမြေကွက်ဧရိယာများတွင် သခွားသီးနှင့် ဖရုံသီးကဲ့သို့သော ဟင်းသီးဟင်းရွက်များကို ရံဖန်ရံခါစိုက်ပျိုးကြသည်။ ချင်းနမ်း၊ ပဲ၊ ပိန်း၊ ကန်စွန်းဥ နှင့် ခရမ်းခါး တို့ကိုလည်း အနည်းငယ်စိုက်ပျိုးကြသည်ကို တွေ့ရမည်ဖြစ်ပါသည်။ "ပဲနှစ်" (သုံးနှစ်တစ်ကြိမ် တွေ့ရသော ဖီယန်းကွမ်[phiag kum] [7]) ဖြစ်ပါက ပဲစဉ်းငုံကို အဓိကသီးနှံအဖြစ် စိုက်ပျိုးကြသည်။ ဇိုလိုမြေတွင်မူ အာလူးကဲ့သို့သော သီးနှံများကို စိုက်ပျိုးကြသည်။ ရွှေ့ပြောင်းတောင်ယာတွင် အိမ်ထောင်တစ်စုမှ (လေ့ကားထစ်စပါးစိုက်ခင်းမရှိအိမ်ထောင်စုများ) စိုက်ပျိုးသော ပျမ်းမျှမြေဧရိယာသည် ၁-၂ ဧကခန့်ထိရှိပြီး၊ အိမ်ထောင်စုများတွင် လုပ်သား အင်အားပိုရှိပါက ဧကအရေအတွက် ပိုများနိုင်ပါသည်။

## *အဓိက အပြောင်းအလဲများ*

ရွှေ့ပြောင်းတောင်ယာစိုက်ပျိုးမှုတွင် သိသာထင်ရှားသော အပြောင်းအလဲတစ်ခုမှာ အဓိကကောက်ပဲသီးနှံများ (ပြောင်း၊ တောင်ပေါ်စပါး နှင့် ယခင်စိုက်ပျိုးခဲ့သော ပြောင်းဆန်) နှင့် ဟင်းသီးဟင်းရွက်များကို ကိုယ်တိုင်စားသုံးမှုအတွက်သာ စိုက်ပျိုးခြင်းမှ ဟားခါးဈေးကွက်သို့ တင်သွင်းရန် ဝင်ငွေရကောက်ပဲသီးနှံအဖြစ် စတင်စိုက်ပျိုးလာသော အပြောင်းအလဲဖြစ်ပါသည်။ ရွှေ့ပြောင်းတောင်ယာလုပ်ငန်းမှာ ဝင်ငွေရသောစိုက်ပျိုးရေးစနစ်သို့ သိသိသာသာ ဦးတည်လာခဲ့ပြီး ထိုဝင်ငွေများဖြင့် ဆန်ဝယ်ရန်အတွက် အဓိကတဖန်ပြန်လည် အသုံးပြုကြပါသည်။ အဘယ်ကြောင့်ဆိုသော် ရေသွင်းစပါးစိုက်ကွင်းများနှင့် လှေကားထစ်စိုက်ခင်းများသည် အိမ်ထောင်စုတစ်စုလုံး၏ နှစ်စဉ်စားသုံးမှုအတွက် မလုံလောက်သောကြောင့် ဖြစ်ပါသည်။ အလုပ်သမားများကို တစ်ဦးချင်းစီမံခန့်ခွဲခြင်းနှင့် ရှားပါးလာခြင်းတို့ကြောင့် စိုက်ပျိုးရေးအလေ့

6 ပြောင်းဆန်ဘီယာထုတ်လုပ်ခြင်းအတွက် (Vicol et al. 2018: 456) အထူးသဖြင့် ပြောင်းဆန်ကို ယနေ့တိုင်စိုက်ပျိုးနေသေးသော ချင်းပြည်နယ်တောင်ပိုင်းများရှိ အခြေအနေများနှင့် နှိုင်းယှဉ်သော်၊ အိမ်ထောင်စုအများစုမှာ နှစ်ခြင်းခရစ်ယာန်ဘာသာဝင်များဖြစ်သော်လည်း ဟားခါးဒေသတွင် ထိုကဲ့သို့စိုက်ပျိုးခြင်းမဟုတ်ပေ။ နှစ်ခြင်းခရစ်ယာန်အသင်းသည် တစေးအခြေပြုထုတ်ကုန်များ စားသုံးခြင်းကို တားမြစ်ထားသည်။

7 ခုနှစ်သည် ရိုးရာဓလေ့အရ "ပဲနှစ်တွင် ပဲများကို အမြဲစိုက်ပျိုးစေသော ဒဏ္ဍာရီလာတားမြစ်ချက်များ နှင့် ရှောင်ကြဉ်ဖွယ်များ" (Lehman 1963: 61)

အထဝများကို ရှိုးရှင်းအောင်ပြုလုပ်ခဲ့ပြီး စိုက်ပျိုးသော ကောက်ပဲသီးနှံမျိုးစိတ်များနှင့် မျိုးကွဲများ စိုက်ပျိုးနေမှုကိုလည်း လျှော့ချခဲ့သည်။

ရွှေ့ပြောင်းတောင်ယာလုပ်ကိုင်ခြင်းသည် ဟားခါးမြို့နှင့် ပိုမိုဝေးကွာပြီး၊ ဈေးများ၊ မြို့များနှင့်ဆက်စပ်မှုအလန်းဝေးနေသော ဝင်ငွေရအခွင့်အလမ်းများနည်းပါးသည့် ကျေးရွာများအတွက်ပိုမို အရေးကြီးပါသည်။ ဥပမာအားဖြင့် - ၂၀၁၆ ခုနှစ်တွင် ဟားခါးမြို့နှင့် အနီးတဝိုက်ရှိ ကျေးရွာများဖြစ်သော နီပီ၊ ဘွဲလ်တက် နှင့် လော့ခ်လောင်စသည့်ကျေးရွာများတွင် ရွှေ့ပြောင်းတောင်ယာ လုပ်ကိုင်သောအိမ်ထောင်စုများမှာ ၀ မှ ၁၀ ရာခိုင်နှုန်းသာရှိပြီး၊ (မြို့မှ သုံး-လေးနာရီကြာ ကားဖြင့်သွားရသော) ဖိုင်ပါးကဲ့သို့သော ကျေးရွာများတွင် ၆၀ ရာခိုင်နှုန်းထိ ရှိပါသည်။ ကျေးရွာအများစုတွင် အမြဲတမ်းစိုက်စိုက်ပျိုးရေးအလေ့အထသစ်များ ဖွံ့ဖြိုးလာမှုကြောင့် ရွှေ့ပြောင်းတောင်ယာလုပ်ကိုင်သော အိမ်ထောင်စုအရေအတွက်သည် တစ်နှစ်ထက်တစ်နှစ်လျော့နည်းလာသည်။


သို့သော် သဘာဝဘေးအန္တရာယ်များ (ဟားခါးမြို့နယ်တွင်ဖြစ်ပွားခဲ့သည့် ၂၀၁၅ မြေပြိုကျမှုကဲ့သို့သော) သို့မဟုတ် စီးပွားအကြပ်အတည်းများ နှင့် စားနပ်ရိက္ခာပြတ်တောက်မှုများ ဖြစ်သည့်အခါတွင်မူ ရွှေ့ပြောင်းတောင်ယာလုပ်ကိုင်ခြင်းသည် ဝင်ငွေနှင့် စားနပ်ရိက္ခာများကို အလွယ်တကူရရှိနိုင်သောကြောင့် ဘေးဒဏ်ကို ကြံ့ကြံ့ခံနိုင်စေသည်။ ထို့ပြင် ရွှေ့ပြောင်းတောင်ယာ လုပ်ကိုင်ခြင်းသည် လှေကားထစ်စပါးစိုက်ခင်းများနှင့် အခြား အမြဲတမ်းစိုက်ကွက်များမရှိသည့် ဆင်းရဲနွမ်းပါးသော အိမ်ထောင်စုများအတွက် မရှိမဖြစ်လိုအပ်သော ရင်းမြစ်တစ်ခုလည်းဖြစ်သည်။

## ■ ၄.၂။ အမြဲတမ်းစိုက်ပျိုးရေးစနစ်သို့ ပြောင်းလဲလာခြင်း

ရွှေ့ပြောင်းတောင်ယာလုပ်ကိုင်ခြင်းစနစ်မှ တစ်ဦးချင်း မြေယာအသုံးပြုလုပ်ကိုင် စီမံရသည့် အမြဲတမ်းစိုက်ပျိုးရေးစနစ်သို့ ပြောင်းလဲလာစေသည့် အဓိကအဆင့်သုံးဆင့်ရှိပါသည် - ပထမဆုံးအဆင့်မှာ လှေကားထစ်စပါးစိုက်ပျိုးခြင်းဖြစ်ပြီး ထို့နောက်တွင် အမြဲစိုက် ဥယျာဉ်များနှင့် သစ်သီးခြံများ (ဟင်းသီးဟင်းရွက်ပင်များ နှင့် သစ်သီးစားပင်များ) စိုက်ပျိုးခဲ့ကြပြီး မကြာသေးမီကစတင်၍ ဝဥကို အခြေခံသော သီးနှံသစ်တောစနစ်များပေါ်ပေါက်လာခဲ့သည်။ (ရုပ်ပုံ - ၂ ကို ကြည့်ရန်)။ အမြဲတမ်းစိုက်ပျိုးသည့် လယ်ယာလုပ်ငန်းများကို ရပ်ရွာနှင့်နီးကပ်သော လိုပီလ် (lopil) များရှိ အကွက်များတွင် ကနဦး စမ်းသပ်စိုက်ပျိုးခဲ့ကြသည်။ များသောအားဖြင့် မြေအရည်အသွေးပိုမိုကောင်းသောမြေများဖြစ်သည့် အမွေရထားသော အကွက်များ



(lo hmum) သို့မဟုတ် ကျေးရွာဘုံပိုင်မြေကွက်များအထဲမှ ရနိုင်သေးသောအကွက်များကို တစ်ဦးချင်း စိုက်ပျိုးရန်အတွက် ခွင့်ပြုချက်[8] ဖြင့် စိုက်ပျိုးနေသည်။ မြေကွက်တစ်ကွက်သည် အမြဲတမ်းစိုက်ပျိုးရေးအတွက် အသုံးပြုလာပါက ၎င်းအား တစ်ဦးချင်းပိုင်ဆိုင် လုပ်ကိုင်ခွင့် ရှိသည်ဟု သတ်မှတ်ကြပြီး မြေယာရောင်းချမှုကိုလည်း လက်ခံခွင့်ပြုထားသည်။




ရုပ်ပုံ ၂ - ချင်းပြည်နယ်မြောက်ပိုင်းရှိ နှစ်အလိုက် လိုပီလ်မြေအသုံးပြုမှု အပြောင်းအလဲနှင့် တစ်ဦးချင်းပိုင်မြေအဖြစ် ပြောင်းလဲရေးဖြစ်စဉ်များ

## *စပါးစတင်စိုက်ပျိုးလာခြင်းသမိုင်း*

ရေသွင်းစပါးစတင်စိုက်ပျိုးလာခြင်းသည် အစောဆုံးမှတ်တမ်းများအရ (ဆတ်တား ကျေးရွာ) ၁၉၃၀ ခုနှစ်တွင်အစပြုခဲ့သော်လည်း ထိုအဆင့်သည် ချင်းပြည်နယ် စိုက်ပျိုးရေးကဏ္ဍ တွင် သက်ရောက်မှုအနည်းငယ်သာရှိခဲ့ကြောင်း ၁၉၅၀ ခုနှစ်များတွင် Lehman (1963: 48) မှ တခါတရံ လေ့လာသုံးသပ်ခဲ့သည်။ ချင်းတောင်သို့ အဆိုပါစိုက်ပျိုးရေးအလေ့အထများကို ဆောင်ကျဉ်းလာခဲ့ခြင်းသည် စားသုံးမှုတိုးမြင့်မားလာသော ကောက်ပဲသီးနှံများကို စိုက်ပျိုးလို သည့် ချင်းလူမျိုး "စွန့်ဦးတီထွင်ရှေ့ဆောင်ပုဂ္ဂိုလ်များ" မှ တဆင့် မြေပြန့် (ကလေးမြို့) ဒေသ နှင့် ပိုနီးစပ်သော ချင်းအသိုင်းအဝိုင်းများထံမှတဆင့် တောင်ပေါ်ဒေသသို့ တဖြည်းဖြည်းရောက် ရှိ လာခဲ့သည်။ ထိုစဉ်က ဆန်ကို အဆင့်မြင့်သောစားသောက်ဖွယ်ရာအဖြစ် သတ်မှတ်ထားကြ

8 အချို့သော ကျေးရွာများတွင် မြေကွက်တစ်ကွက်ကို အမြဲစိုက်ဥယျာဉ်မြေအဖြစ် အသွင်ပြောင်းခြင်းကို ကျေးရွာအုပ်ချုပ်ရေးမှူး၊ ရွာအကြီးအကဲများ သို့မဟုတ် ဆယ်အိမ်မှူးများမှ ဆုံးဖြတ်ကြသည်။ အခြားကျေးရွာများတွင်မူ ကျေးရွာအုပ်ချုပ်ရေးမှူးတစ်ဦးတည်းမှ ဆုံးဖြတ်လေ့ရှိပြီး၊ ကျေးရွာသားများအကြား တွင် မကျေနပ်မှုများဖြစ်ပေါ်လေ့ရှိသည်။



ပုံ ၉ : ဂဥ (မြေပြင်ပေါ်တွင် ဥအစိမ်းများ၊ နောက်ဘက်တွင် ပါးလွှာကာ အခြောက်လှမ်းထားသည့်ပုံ)၊ အသစ်စိုက်ပျိုးလာသော သီးနှံ

ပြီး အင်တာဗျူးဖြေဆိုသူများ၏ ပြောကြားချက်များအရ ၁၉၇၀ ခုနှစ်များခန့်မှသာ မြောက်ပိုင်းချင်းပြည်နယ်တွင် ပိုမိုလက်ခံစားသုံးလာကြကြောင်း သိရသည်။

၁၉၆၂ ခုနှစ်နောက်ပိုင်း ဗိုလ်ချုပ်ကြီးနေဝင်း၏ စစ်အစိုးရအုပ်ချုပ်မှုနှင့်အတူ ဗဟိုအစိုးရသည် ပထဝီဝင်အနေအထားနှင့် ရာသီဥတုအခြေအနေများကို ထည့်သွင်းစဉ်းစားခြင်းမရှိဘဲ တစ်တိုင်းပြည်လုံးအနှံ့တွင် ဆန်စပါးစိုက်ပျိုးမှုတိုးတက်စေရန်အတွက် တွန်းအားပေးခဲ့သည်။ တွန်းအားပေးမှုများသည် တာဝန်ဝတ္တရားများအဖြစ်သို့ ပြောင်းလဲလာကာ ကျေးရွာနေပြည်သူများကို ဒုက္ခခံ၍ လှေကားထစ်စိုက်ခင်းများ ပြုလုပ်ရန် ဖိအားပေးခဲ့သည်။ ကျွဲနွားများကိုလည်း တပါတည်း စတင်မိတ်ဆက်လာကာ လူ့လုပ်အားဖြင့် လုပ်ရသော အလုပ်များကို ထွန်ကို အသုံးပြုခြင်းဖြင့်အစားထိုးခဲ့သည်။ အင်တာဗျူး ဖြေကြားချက်များအရ "အမွေရမြေကွက်" ပိုင်ရှင်များကို ၎င်းတို့မြေပေါ်၌ လှေကားထစ်စိုက်ခင်းများပြုလုပ်ရန် ဦးစားပေးခံရသော်လည်း၊ လှေကားထစ် စပါးစိုက်ခင်းများ ပြုလုပ်လိုခြင်းမရှိပါက လုပ်ကိုင်ရန်ဆန္ဒရှိသည့် အခြားမည်သည့်ရွာသားကိုမဆို မြေကွက်ပေးအပ်ရပေသည်။ လှေကားထစ်များဖော်ထုတ်ရန် ဗဟိုအစိုးရမှ အလုပ်သမားခများကို ထောက်ပံ့ပေးခြင်းကြောင့် လှေကားထစ်စပါးစိုက်များဖောက်ထုတ်ခြင်းသည် ၁၉၇၀ နှင့် ၁၉၈၀ နှစ်များတွင် ပိုမိုထွန်းကားလာခဲ့သည်။

### *လှေကားထစ်စပါးစိုက်ခင်းများ - အသက်မွေးဝမ်းကြောင်းအတွက် အလွန်အမင်း အရေးပါခြင်းမျိုးထက် လူနေမှုအဆင့်အတန်းကိုဖော်ညွှန်းသည့် ပြယုဂ်*

အိမ်ထောင်စုတိုင်းသည် ၎င်းတို့စိုက်ပျိုးရရှိလာသော စပါးများကို စားသုံးကြသော်လည်း ဝမ်းစာအတွက် ရေသွင်းစပါးစိုက်ပျိုးမှုကို ဖြစ်ပေါ်လာစေသည့် နောက်ကွယ်မှ အဓိက အကြောင်းတရားတစ်ခု မဟုတ်နိုင်ပေ။ ဟားခါးချင်းအိမ်ထောင်စုများသည် (ကလေးမြို့ စပါးစိုက်ခင်းများမှလာသော) မြေပြန့်လွင်ပြင်များမှ ဝယ်ယူသောစပါးကိုသာ ပိုမိုအားထားနေရကြောင်း အင်တာဗျူးများမှ သိရသည်။ အိမ်ထောင်စုတစ်ခုတွင် လှေကားထစ်စပါးစိုက်ပျိုးမှုသည် ဝင်ငွေ သို့မဟုတ် တစ်နှစ်ပတ်လုံးစာ ဆန်စပါးဖူလုံမှုအပေါ်တွင် သိသာထင်ရှားလောက်သည့် သက်ရောက်မှုမရှိကြောင်းကို ဤလေ့လာမှုတွင် ပါဝင်သည့် ကျေးရွာများ၌ပင် Frissard and Rritts (2018-100) တို့နှစ်ဦး ပြုလုပ်ခဲ့သော လယ်စိုက်ပျိုးရေးစနစ် ဆန်းစစ်လေ့လာမှု တစ်ရပ်ကလည်း ပြသနေသည်။

Danel-Fédou and Robinne (2007: 14) မှ "ဝမ်းစာဖူလုံမှုနည်းပါးခြင်းနှင့် မြေပြန့်ဒေသ စပါးစိုက်တောင်သူများအပေါ် မှီခိုကာ လှေကားထစ်စိုက်ခင်းများ လုပ်ကိုင်လာခြင်းကြောင့် [...] တို့သည် အကျိုးအမြတ်ရရေးထက် [...] လူမှုအဆင့်အတန်း တိုးတက်မှုသဖွယ် ရွေးချယ်မှု

တစ်ရပ်ဖြစ်သည်" ဟု ရှင်းပြထားသည်။

ဓလေ့ရိုးရာအရ ဘော့ [bawi] (မျိုးနွယ်ဝင်များ) – ချီအာ [chia] (သာမန်ပြည်သူများ) အဖြစ် အဆင့်အတန်းခွဲခြားသည့်စနစ် ပျောက်ကွယ်မှုနှင့်အတူ လေ့ကားထစ်စပါးစိုက်ပျိုးရေးကို စတင်မိတ်ဆက်ခြင်းသည် ကျေးရွာတွင်း လူမှု- စီးပွားခွဲခြားသည့်ဖြစ်စဉ်ကို ဆက်လက်အရှိန်ရှည်စေသည်။ လေ့ကားထစ်စပါး စိုက်ပျိုးလုပ်ကိုင်လာကြပြီးနောက် နွားနောက် (Bos frontalis) နေရာတွင် ကျွဲနွားမွေးမြူရေးများဖြင့်အစားထိုးလာခဲ့သည်။ လေ့ကားထစ်စပါး စိုက်ပျိုးခြင်းသည် လူမှုအဆင့်အတန်းကို ဖော်ညွှန်းသည့် ပြယုဂ်တစ်ခု ဖြစ်လာသည့်နှင့်အတူ နွားနောက်ပိုင်ဆိုင်မှုစနစ်များကိုလည်း အစားထိုးလာခဲ့ကြသည်။

## *အမြဲစိုက်ဥယျာဉ်ခြံများ - မြို့ပြဖြစ်တည်မှုနှင့် လူမှု-စီးပွားအခြေအနေပြောင်းလဲမှု*

အိမ်ခြံဥယျာဉ် ခေါ် (အင်ဒွမ်း) များ စိုက်ပျိုးခဲ့သည်မှာ ကာလကြာမြင့်ပြီးဖြစ်သော်လည်း "စီးပွားဖြစ်" အမြဲစိုက် ဥယျာဉ်ခြံများ (ဒွမ်း) ပေါ်ထွန်းလာခြင်းသည် ဟားခါးမြို့နှင့် မြို့စွန်မြို့ဖျားနေရာများတွင် မြို့ပြ စတင်ချဲ့ထွင်လာခြင်း ကို ရည်ညွှန်းနေပါသည်။ ဤစိုက်ပျိုးရေးအလေ့အထသည် ၁၉၆၀ ခုနှစ်များအတွင်း (ချင်းပြည်နယ်၏မြို့တော်ကို ဖလမ်းမှ ဟားခါးအဖြစ်သို့ ပြောင်းလဲပြီးနောက်) သိသာစွာတိုးပွားလာသော မြို့ပြလူဦးရေ၏ ဒေသတွင်း ဝယ်လိုအားကို ဖြည့်ဆည်းရန် ဖြစ်ထွန်းလာခြင်းဖြစ်သည်။ ထို့အပြင် ရွှေ့ပြောင်းတောင်ယာလုပ်ကိုင်ခြင်းမှ ဥယျာဉ်ခြံများ၊ သစ်သီးခြံများနှင့် ဝဥ များကို ပြောင်းလဲစိုက်ပျိုးလာစေသော တွန်းအားတစ်ခုမှာ လုပ်သားရှားပါးမှု နှင့် ငွေကြေးလိုအပ်ချက် တိုးမြင့်လာမှုကြောင့်ဖြစ်သည်။ လူငယ်များရပ်ဝေးဒေသများသို့ ဆက်လက်ပြောင်းရွှေ့နေသောကြောင့် စိုက်ပျိုးရေးအတွက် တောင်သူများဆုံးဖြတ်ချက်ချရာတွင် လယ်ယာလုပ်သားများ၏ အခန်းကဏ္ဍမှာ အဓိက အကြောင်းအချက်တစ်ခုဖြစ်နေသည်။ အထူးသဖြင့် နစ်ရှည်ပင်များ[9]နှင့် စပ်လျဉ်း၍ ကျေးလက်တွင် နေထိုင်သောသူများ၏ သက်တမ်းကိုလည်း ဤအခြေအနေတွင် ထည့်တွက်ရန် လိုသည်။ အကျိုးဆက်အနေဖြင့် သီးနှံသစ်တောစိုက်ပျိုးရေးဖြစ်သည့် ဥယျာဉ်ခြံများ၊ သစ်သီးခြံများ နှင့် ဝဥ စိုက်ပျိုးခြင်းသို့ ပြောင်းလဲမှုသည် လမ်းပန်းဆက်သွယ်ရေးတိုးတက်လာမှုများနှင့် ယှဉ်တွဲ ဖြစ်ပွားနေပါသည်။ အမြဲစိုက်ဥယျာဉ်ခြံများကို စီးပွားဖြစ်စိုက်ပျိုးခြင်းသည် ကျေးရွာတိုင်းတွင်

9 ဖြေဆိုသူတစ်ဦးမှ - လယ်သမားများသည် အိုမင်းလာပြီး၊ ရွှေ့ပြောင်းတောင်ယာစိုက်ရာတွင် ပြုလုပ်ရသည့် သစ်ပင်ခုတ်ခြင်းနှင့် မီးရှို့ခြင်းနှင့် လေ့ကားထစ်ဆန်စပါးစိုက်ကွင်းများကို ထိန်းသိမ်း ထွန်ယက်ရသည့်အလုပ်များစသည့်လုပ်အားသုံးရသည့် အလုပ်များကို စီမံဆောင်ရွက်ရန်မလိုသော ၎င်းတို့အိုမင်းသည့်အရွယ်တွင် ပုံမှန်ဝင်ငွေ ရင်းမြစ်တစ်ခု ပေးနိုင်သည့် အပင်များကိုသာ စိုက်လိုကြောင်း ရှင်းပြထားသည်။

တပြေးညီမဖြစ်သေးသော်လည်း နေရာဒေသအားလုံးတွင် အဆိုပါ စိုက်ပျိုးရေး အပြောင်းအလဲကို လေ့လာတွေ့ရှိရပါသည်။

အမြဲစိုက်ဥယျာဉ်ခြံများဖြစ်ထွန်းလာခြင်းသည် စိုက်ပျိုးရေးအလေ့အထများကို သာမက တိရိစ္ဆာန်မွေးမြူမှုပေါ်တွင်လည်း ကြီးမားသောသက်ရောက်မှုရှိပါသည်။ "(dum-ization) ဥယျာဉ်ခြံများတည်ခြင်း[10]" သည် မကြာခင်က စတင်ခဲ့သော လုပ်ငန်းစဉ်ဖြစ်သာကြောင့် အထွက်နှုန်း တိုးတက်စေရန်အတွက် ပြုလုပ်သော စိုက်ပျိုးရေး အလေ့အကျင့်များသည် ယခင်တောင်ယာစိုက်ပျိုးရေး ကျွမ်းကျင်မှုများပေါ်တွင်သာ အခြေပြုနေရသေးသည်။ ဥယျာဉ်ခြံများကို သုံးနှစ်မှ ငါးနှစ်ထိ စိုက်ပျိုးပြီးသောအခါတွင် မြေသြဇာများ ကုန်ခမ်းလာမှုနှင့် အထွက်နှုန်းလျော့နည်းလာမှုတို့ကြောင့် ၎င်းတို့ကို စွန့်ပစ်လိုက်ကြကြောင်း အစီရင်ခံ တင်ပြချက်များအရ သိရသည်။ လေ့ကားထစ်စပါးစိုက်ခင်းများနှင့် အမြဲစိုက်ဥယျာဉ်ခြံများကြောင့် တိရိစ္ဆာန်များကို ကျေးရွာများအတွင်း ညအိပ်မထားနိုင်သောအခါ မြေသြဇာအတွက် တိရိစ္ဆာန်မစင်များ စုဆောင်းရယူခြင်းမှာလည်း အကန့်အသတ်ဖြစ်လာကာ အိမ်ခြံစိုက်ဥယျာဉ်များအတွက်သာ အသုံးပြုနေရသည်။

## *ဥယျာဉ်ခြံများ - အမြဲတမ်းနှင့် ရွှေ့ပြောင်း စိုက်ပျိုးခြင်းပုံစံများကြားရှိ အလှည့်အပြောင်း*

လှေကားထစ်စပါးစိုက်ခင်းများ ဖြစ်ထွန်းလာမှု၏အခြားတစ်ဖက်တွင် ရွှေ့ပြောင်းတောင်ယာမှအကွက်များ လို(lo) ကို အမြဲစိုက်ဥယျာဉ်ခြံများ ဒွမ်း(dum) အဖြစ်သို့ အသွင်ပြောင်း၍ စိုက်ပျိုးလာပြီး တဖန်၍ လို(lo) တောင်ယာကွက်များအဖြစ်သို့ ပြန်လည် အသုံးပြုနိုင်ခြင်းပင်ဖြစ်ပါသည်။ လိုပီလ် (lopil) တစ်ခုလုံးကို မြေလွတ်များအဖြစ် ငါးနှစ်ခန့် လုပ်ထားစဉ်တွင် လို (lo) တစ်ကွက်ကို ၄က်ပျောပင်များ စိုက်ပျိုးလေ့ရှိသည်။ အဆိုပါအကွက်ကိုပင် ၄က်ပျောစိုက်ကာလအပြီးတွင် ထိုအကွက်ရှိရာလိုပီလ်(lopil)၏ အလှည့်ကျစက်ဝန်းအတွင်းသို့ ပြန်လည်ထည့်သွင်းကာ စီမံခန့်ခွဲကြသည်။ အခြားသော ရွှေ့ပြောင်းစိုက်ကွက်များကိုမူ နှစ်ရှည်ပင်များနှင့် ဒေသတွင်း ရောင်းချနိုင်သော ဂျင်းနှင့် အခြားဟင်းသီးဟင်းရွက်များ စိုက်ပျိုးခြင်းအတွက် အမြဲစိုက်ဥယျာဉ်ခြံများအဖြစ်သို့ လုံးလုံးလျားလျား ပြောင်းလဲလိုက်နိုင်သည်။ အဆိုပါ အကြောင်းများကြောင့်ပင် လူမှု-စီးပွားဘဝအခြေအနေ အပြောင်းအလဲအတွက် ငွေကြေးသုံးစွဲမှု ပိုမိုလိုအပ်သည့်အတွက် ကုန်စည်ဖလှယ်ခြင်းနှင့် ကူးသန်းရောင်းဝယ်ရေးခြင်း စသည့်လုပ်ငန်းတို့သည် ပို၍ လိုက်လျောညီထွေမှုရှိလာပါသည်။

10 လိုပီမြေနေရာများကို ဥယျာဉ်များ (ဒန်) အဖြစ်ပြောင်းလဲခြင်းအတွက် ထွင်ထားသော စကားလုံး။

Maxime Boutry



ပုံ ၁၀ :  ဆောင်းရာသီတွင် သီဖူးလ်ကျေးရွာရှိ ဂေါ်ဖီနှင့် ကြက်သွန်ဖြူများစိုက်ပျိုးထားသော လှေကားထစ်စိုက်ခင်း

ဤအမြဲတမ်းနှင့် ရွှေ့ပြောင်းစိုက်ပျိုးလုပ်ကိုင်ခြင်းကြားရှိ အလှည့်အပြောင်းသည် မကြာသေးသောကာလ[11]များအတွင်း စတင်စိုက်ပျိုးလာကြသည့် ဝဥစိုက်ပျိုးမှုနှင့်လည်း ဆက်စပ်နေသည်။ ဝဥများကို သဘာဝသစ်တောပေါက်ပင်များ၏ အရိပ်အောက်တွင် မရိတ်သိမ်းမီ သုံးနှစ်မှ လေးနှစ်ကြာကာလအတွင်း စိုက်ပျိုးကြသည်။ မြေလွတ်များမှနေ၍ သက်တမ်းရင့်လာသော သဘာဝသစ်တောအချို့တွင် စိုက်ပျိုးခြင်းဖြစ်သော်လည်း ဝဥစိုက်ပျိုးရေးသည် အခြား အမြဲတမ်းစိုက်ပျိုးရေးအမျိုးအစားများ၏ဖြစ်စဉ်နှင့် အလားတူပင် - ဝင်ငွေရရှိရေးသို့ ဦးတည်လာခဲ့သည်။

## *အမြဲတမ်းစိုက်ပျိုးသောမြေကွက်များကို မှတ်ပုံတင်ခြင်း*

လေ့ကားထစ်စပါးနှင့် အမြဲစိုက်ဥယျာဉ်ခြံများစိုက်ပျိုးခြင်း အလေ့အထများနှင့် စပ်လျဉ်းသည့် တရားဝင်မြေယာအသုံးပြုလုပ်ကိုင်ခွင့်များကို လေ့လာရာတွင် ကွဲပြားခြားနားချက်များရှိနေပါသည်။ အဘယ်ကြောင့်ဆိုသော် အဆိုပါစိုက်ပျိုးရေးအလေ့အထနှစ်ခုကို စတင်မိတ်ဆက်လာခြင်းနှင့် စိုက်ပျိုးရသည့်ရည်ရွယ်ချက်များ မတူသောကြောင့်ပင်ဖြစ်သည်။ လေ့ကားထစ်စပါးစိုက်ပျိုးခြင်းကို အစိုးရမှ ထောက်ပံ့ပေးခဲ့ပြီး ၎င်းသည် ကြွယ်ဝမှုနှင့် လူမှုအဆင့်အတန်းပြယုဂ်တစ်ခုဖြစ်လာပါသည်။ အမြဲစိုက်ဥယျာဉ်များမှာမူ ဝင်ငွေရစေရန် ရည်ရွယ်သည့် စိုက်ပျိုးရေးလုပ်ငန်းတစ်ခုဖြစ်သည်။ ထို့ကြောင့်ပင် အဆိုပါစိုက်ပျိုးရေး အလေ့အထနှစ်မျိုးနှင့် စပ်လျဉ်းသည့် မြေယာအသုံးပြုလုပ်ကိုင်ခွင့်ကို တရားဝင်ဖြစ်စေသည့် လုပ်ငန်းစဉ်များ ကွဲပြားရခြင်းဖြစ်သည်။

အစိုးရမှ လေ့ကားထစ်စိုက်ပျိုးရေးကို တက်တက်ကြွကြွအားပေးခဲ့သောကြောင့် လေ့ကားထစ်စပါးစိုက်ခင်းများ အသုံးပြုခွင့်ကို အစိုးရမှ ဆယ်စုနှစ်များစောစောကပင် အသိအမှတ်ပြုထားခဲ့ပါသည်။ လယ်ယာမြေဥပဒေ (၂၀၁၂) ပြဋ္ဌာန်းပြီးနောက်တွင် လေ့ကားထစ်စပါးစိုက်ခင်းများစွာကို မြေယာအသုံးပြုခွင့်လက်မှတ် (Land Use Certificate ခေါ် ပုံစံ ၇) ဖြင့် မှတ်ပုံတင်ခဲ့ကြသည်။ လေ့ကားထစ်စပါးစိုက်ခင်းများသည် အမွေပစ္စည်းတစ်ခုဖြစ်လာပြီး နွားနောက်များနှင့် မောင်းများစသည့် ရိုးရာပစ္စည်းများကဲ့သို့ပင် အိမ်ထောင်စု၏ သီးသန့်ပိုင်ဆိုင်မှုအဖြစ် နည်းလမ်းတကျပိုင်ဆိုင်လာခဲ့သည်။

တနည်းအားဖြင့် ဟားခါးချင်းကျေးရွာများတွင် တွေ့ရနည်းပါးသော အမြဲစိုက်ဥယျာဉ်ခြံ

11 ချင်းပြည်နယ်တောင်ပိုင်းနှင့်နိုင်းယှဉ်သော် ဝဥများကို ချင်းပြည်နယ်မြောက်ပိုင်းတွင် နှစ်ပေါင်းများစွာကြာပြီးမှစိုက်ပျိုးခဲ့ခြင်းဖြစ်ပြီး၊ ၂၀၁၆-၂၀၁၈ တွင် အရန်စိုက်ပျိုးသော ကောက်ပဲသီးနှံဖြစ်နေသေးကြောင်း သတိပြုပါ။

များသည် ရွှေ့ပြောင်းတောင်ယာစိုက်ပျိုးရေးနှင့် မြေကွက်တစ်ကွက်တွင်နစ်ရှည် စိုက်ပျိုးသည့် ပုံစံတစ်ခုကြား လုံးဝမတူညီသော အလှည့်အပြောင်းဖြစ်စဉ်တစ်ခုဖြစ်ပါသည်။ ဟားခါးမြို့ပေါ်တွင် ရွှေ့ပြောင်းတောင်ယာကို မလုပ်ကိုင်ကြတော့ဘဲ အမြဲစိုက်ဥယျာဉ်ခြံများ လုပ်ကိုင်ခြင်းနှင့် ရေသွင်းစပါးစိုက်ပျိုးခြင်းတို့မှာ အဓိကစိုက်ပျိုးရေးလုပ်ငန်းများ ဖြစ်လာကြပြီး ဥယျာဉ်ခြံအများစုကို တရားဝင်အမည်ပေါက် ပိုင်ဆိုင်မှုစနစ်များကို ကျင့်သုံးလာခဲ့ကြပါသည်။ မြို့ပေါ်၏အနီးအနားကျေးရွာများတွင်မူ ရွှေ့ပြောင်းတောင်ယာစိုက်ပျိုးရေး နှင့် ဥယျာဉ်ခြံများကြားရှိ အပြောင်းအလဲသည် အိမ်ထောင်စုတစ်ခုချင်းစီ၏ စီးပွားရေးလိုအပ်ချက်များပေါ်တွင် မှီတည်နေပေသည်။ ငွေကြေး ပိုမိုလိုအပ်ပါက ဥယျာဉ်ခြံများအား ပိုမိုဖြစ်ထွန်းအောင် လုပ်ကိုင်ကြပြီး မိသားစုလုပ်သားမရှိပါက ခြံများကို ပစ်ထားလေ့ရှိကြပါသည်။ ထိုအချက်များကြောင့် ကျေးရွာများရှိ ဥယျာဉ်ခြံအများစုကို တရားဝင်အမည်ပေါက်ပိုင်ဆိုင်မှုများဖြင့် ကန့်သတ်မထားဘဲ၊ ၎င်းတို့ကို ရွှေ့ပြောင်းတောင်ယာစိုက်ပျိုးမြေကွက်များအဖြစ်သို့ပြန်လုပ်ကိုင်နိုင်သော လမ်းတစ်ခုဖွင့်ထားသည်။ အများအားဖြင့် ဥယျာဉ်ခြံကွက်များ၏တရားဝင်မှတ်ပုံတင် ပုံစံ (၇) ကို အဆက်အသွယ်ကောင်းရှိသော လယ်သမားများသာ ရနိုင်ပေသည်။

## ■ ၄.၃။ မြေယာအသုံးပြုမှု အပြောင်းအလဲ နှင့် မြို့ပြဖြစ်တည်မှုများနှင့်အတူ - မွေးမြူရေးပုံစံများပြောင်းလဲမှု

ကျေးရွာအနီးတပိုက်တွင် လေှကားထစ်စပါးစိုက်ခင်းများ နှင့် အမြဲစိုက်ဥယျာဉ်ခြံများပေါ်ထွန်းလာခြင်းကြောင့် မွေးမြူရေးပုံစံများကို သိသာသောအကျိုးသက်ရောက်မှုရှိလာခဲ့ပါသည် (Frissard and Pritts 2018: 71-72)။ ယခင်က တိရိစ္ဆာန်များကို တောစားကျက်များသို့ ထိန်းကျောင်းသူများနှင့်အတူ စေလွှတ်ခြင်း သို့မဟုတ် နေ့ခင်းဘက်အချိန်တွင် လိုပီလ် (lopil) (စီယာ-ပေလ်) သတ်မှတ်ထားသော စားကျက်များသို့ လွှတ်ထားခြင်း၊ ညဖက်တွင် ကျေးရွာအိမ်ဝန်းအတွင်းသို့ ပြန်လည်ခေါ်ခြင်းတို့ ပြုလုပ်ခဲ့ကြသည်။ သို့သော် လေှကားထစ် စပါးစိုက်ခင်းများနှင့် အမြဲစိုက်ဥယျာဉ်ခြံများကို လုပ်ကိုင်လာခြင်းကြောင့် တိရိစ္ဆာန်များ စိုက်ခင်းများကို နေ့တိုင်းဖြတ်သန်းသွားလာနိုင်ရန်မှာ စိန်ခေါ်မှုတစ်ခု ဖြစ်လာခဲ့သည်။ ထို့ကြောင့်ပင် ဆန်စပါးစိုက်ပျိုးရာသီ (မေလမှ နိုဝင်ဘာလအထိ) တွင် ဘုံစားကျက်မြေအတွင်းထိန်းကျောင်းကြပြီး စပါးများ ရိတ်သိမ်းပြီးသောအခါတွင် လေှကားထစ်စပါးစိုက်ခင်းများကို လွှတ်လပ်စွာအများသုံးစားကျက်မြေအဖြစ် ရာသီအလိုက် သတ်မှတ်အသုံးပြုလာကြသည်။ ယခုအခါတွင် တိရိစ္ဆာန်များကို ကာလအတန်ကြာ လွှတ်ကျောင်းထားသောကြောင့် ရွှေ့ပြောင်းတောင်ယာစိုက်ခင်းများနှင့် အမြဲစိုက်ဥယျာဉ်ခြံများအတွက် ပြဿနာများဖြစ်လာစေပါသည်။



ပုံ ၁၁ : ကိုယ်တိုင်စားသုံးရန်အတွက် နှစ်ပတ်လည်စိုက်ပျိုးသော အိမ်ခြံဥယျာဉ်

၁၉၉၁ မြေရိုင်းဆိုင်ရာလမ်းညွှန်ချက်များအရ အကြီးစားမွေးမြူရေးနှင့် နိုင်ငံအသိအမှတ်ပြု စားကျက်မြေများကို တစ်ဦးချင်းပိုင်အဖြစ်ခွဲဝေချထားပေးခြင်းကို အားပေးသောအစိုးရအစီအစဉ်များ (သို့မဟုတ်) အစိုးရကိုယ်တိုင်ပါဝင်လာခြင်းကြောင့် ဒေသတွင်း လူကုံထံများနှင့် အကြီးစားမွေးမြူရေး လုပ်ကိုင်သူများသည် မြေယာဧကပေါင်းများစွာကို လျှောက်ထားရယူနိုင်ခဲ့ကြသည်။ အဆိုပါမြေယာများသည် ဥပဒေအရ "မြေရိုင်း" ဟုယူဆထားသော်လည်း လက်တွေ့တွင် ရွှေ့ပြောင်းတောင်ယာစိုက်ပျိုးရေးနှင့် အခြားသောမြေယာအသုံးချမှုများအတွက် ကျေးရွာပိုင်နယ်မြေဖြစ်နေပါသည်။ အထက်ပါအကြောင်းအရာများကြောင့် ရိုးရာဓလေ့ မြေပိုင်ဆိုင်မှု မူဘောင်တစ်ရပ်နှင့် (ဓလေ့ထုံးတမ်းအရ ကျေးရွာအခြေပြုအရင်းအမြစ်များကို အသုံးပြုသည့် ရွှေ့ပြောင်းတောင်ယာနှင့် ကျေးရွာဘုံပိုင်စားကျက်မြေ) အစိုးရ၏ မြေယာလုပ်ပိုင်ခွင့်မူဘောင် (မြေယာသီးသန့် အသုံးပြုမှုကိုသာအခြေခံသော စီးပွားရေးဖြစ် လုပ်ကိုင်သော ကျွဲနွားမွေးမြူရေး၊ သစ်ထုတ်လုပ်မှု နှင့် ကျောက်ထုတ်ယူခြင်းတို့ကို စတင်လုပ်ကိုင်လာခြင်းမှတဆင့်) တို့သည် တစ်ခုနှင့်တစ်ခု စင်ပြိုင်ဖြစ်နေကြောင်း မီးမောင်းထိုးပြခြင်းပင်ဖြစ်ပါသည်။

## ■ ၄.၄။ သစ်တောနှင့် အခြားအရင်းအမြစ်များ

*မျက်မှောက်ခေတ်နှင့်လျော်ညီသည့် ကျေးရွာများကြားရှိ အရင်းအမြစ်စီမံခန့်ခွဲမှု*

ရိုးရာအလေ့အထများကို မူနှင့် စည်းမျဉ်းစည်းကမ်းများက လွှမ်းမိုးပြောင်းလဲသွားသော်လည်း ဓလေ့ထုံးစံမြေယာအသုံးပြုမှုနှင့် အရင်းအမြစ်များစီမံခန့်ခွဲမှု ဆက်လက်တည်ရှိနေကြောင်းကို ယနေ့ခေတ်ရေဝေရေလဲ သစ်တောများက နမူနာအဖြစ်ပြသနေပါသည်။ ထိုရေဝေရေလဲ သစ်တောတွင်လည်း သစ်မာပင်များနှင့် ထင်းတောများ အတိုင်းအတာတစ်ခုအထိ ပါဝင်ပါသည်။ ဟားခါးချင်းတို့၏ CLS သည် နတ်ကိုးကွယ်မှုနှင့် ဆက်နွယ်နေသော အလေ့အထများကို လိုက်နာ ကျင့်သုံးလာခြင်းနှင့် ရေရရှိမှုလျော့နည်းလာခြင်းကို တုံ့ပြန်သည့်အနေဖြင့် ပြဋ္ဌာန်းခဲ့သော ဓလေ့ထုံးတမ်းနှင့် စည်းမျဉ်းစည်းကမ်းအသစ်များ ထုတ်ပြန်လာခြင်းသည် ၎င်းတို့၏ လိုက်လျောညီထွေစွာ နေထိုင်နိုင်စွမ်းကို ပြသနေပေသည်။

စားကျက်မြေများကဲ့သို့ပင် ရေဝေရေလဲတောများ၏ အဓိကလက္ခဏာတစ်ရပ်မှာ ကျေးရွာတစ်ရွာတည်းကသာ စီမံခန့်ခွဲသည့်(ရွှေ့ပြောင်းနှင့် အမြဲတမ်းစိုက်) စိုက်ပျိုးမြေများနှင့်မတူညီပဲ အဆိုပါမြေနေရာများကို ကျေးရွာများမှပေါင်းစပ် စီမံခန့်ခွဲကြခြင်းဖြစ်ပါသည်။ ထို့ကြောင့် (ထင်းတောကဲ့သို့သော) အခြားမြေယာ အသုံးပြုမှုများနှင့် ရောထွေးနေနိုင်သောကြောင့် ၎င်းမြေယာများ စီမံခန့်ခွဲရာတွင် အငြင်းပွားမှုများ ပေါ်ပေါက်စေနိုင်ပါသည်။ ဓလေ့

Celine Allaverdian

ထုံးတမ်းအရ မြေယာပိုင်ဆိုင်ခွင့်ကို တရားဝင်ပြုလုပ်ခြင်းအတွက် အဓိကအတားအဆီး ဖြစ်နေသည်မှာ စားကျက်မြေများနှင့် ရေဝေရေလဲတောများအား ကျေးရွာနစ်ရွာ သို့မဟုတ် နစ်ရွာထက်ပိုသော ကျေးရွာများ၏ ဘုံပိုင်မြေနေရာအဖြစ် တရားဝင်အသိအမှတ်ပြုလုပ်ရန်လို အပ်ပြီး အဆိုပါနေရာများတွင်ခွင့်ပြုထားသော မြေအသုံးပြုမှုအမျိုးမျိုး နှင့်စပ်လျဉ်း၍ ရှင်းရှင်း လင်းလင်းချမှတ်ထားရန်လည်းလိုအပ်ပါသည်။

အထူးသဖြင့် ဟားခါးမြို့တွင် လူဦးရေတိုးပွားလာမှုနှင့် ကျေးရွာများ အတည်တကျ ထူထောင်လာခြင်းကြောင့် အရင်းအမြစ်များကိုထုတ်ယူသုံးစွဲမှုပိုမိုမြင့်တက်လာပြီး သစ်မာနှင့် ထင်လောင်စာများအား ကုန်ကြမ်းများအဖြစ် ကျယ်ကျယ်ပြန့်ပြန့်ထုတ်ယူအသုံးပြုကြပါသည်။

*လောင်စာ - ထင်း နှင့် မီးသွေး*

ဟားခါးတောင်ပေါ်ဒေသ၏ အလွန်အေးသည့် ရာသီဥတုကြောင့် ထင်းသည် ကျေးရွာ အဆင့်တွင်သာမက ဟားခါးမြို့တွင်ပါ လိုအပ်မှုမြင့်မားသော အရင်းအမြစ်တစ်ခု ဖြစ်ပါသည်။ ဟားခါးမြို့ပေါ် သို့ ထင်းများကို ရောင်းချခြင်းသည် အနွမ်းပါးဆုံးအိမ်ထောင်စုများအတွက် အရေး ကြီးသော ဝင်ငွေရင်းမြစ်တစ်ခုလည်းဖြစ်ပါသည်။ အင်တာဗျူးမေးမြန်းချက်များအရ ဟားခါးမြို့နေ မိသားစုဝင်ငါးဦးရှိသော အိမ်ထောင်စုတစ်ခု၏ ထင်းအသုံးပြုမှုသည် တစ်နှစ်လျှင် ၁.၅ တန်ခန့် ရှိပါသည်။ ကျေးရွာနေအိမ်ထောင်တစ်စုတွင်မူ တစ်နှစ်လျှင် ၁ တန်နီးပါးခန့် အသုံးပြုကြပါသည်။

ထင်းများ ထုတ်ယူသုံးစွဲခွင့်နှင့် စည်းမျဉ်းစည်းကမ်းများမှာ တစ်ရွာနှင့်တစ်ရွာ မတူညီ ကြပေ။ အချို့သော ကျေးရွာများတွင် ထင်းများခုတ်ယူနိုင်သည့် နစ်ရှည်သစ်တောများရှိကြပြီး အခြားကျေးရွာများတွင်မူ ကျေးရွာဘုံပိုင်သစ်တောအတွင်း ထင်းများကို နစ်အလိုက် သတ်မှတ် နေရာများမှ အလှေ့ကျခုတ်ယူနိုင်ပါသည်။ ထင်းများထုတ်ယူသုံးစွဲနိုင်သည့် မြေကွက်ကို မဲစနစ် ဖြင့် ခွဲဝေသတ်မှတ်ကြပါသည်။ ကုန်ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုဖလှယ်ခြင်းစနစ်ကို အသုံးပြုပြီး တစ်ဦးချင်းပိုင်မြေကွက်များ သို့မဟုတ် အမွေရအကွက်များ လို-မွန်း(lo-hmun) မြေကွက် ပိုင်ရှင်များထံမှ ခွင့်ပြုချက်တောင်းခံကာ ထင်းများကိုခုတ်ယူနိုင်ပါသည်။

အချို့ကျေးရွာများတွင် ထင်းထုတ်ယူမှုအား တစ်အိမ်ထောင်လျှင် ထင်းသစ်တစ်တန် ဟု ဘုံသဘောတူညီဖြင့် ခုတ်ယူကြပြီး အခြားကျေးရွာများမှာမူ တန်အရေအတွက်ဖြင့် ကန့်သတ် ထားခြင်းမဟုတ်ပဲ အချိန်ကာလအားဖြင့်သာ (အောက်တိုဘာလမှ ဒီဇင်ဘာလ) ထင်းခုတ်ယူရန် ရွာသားများကို ခွင့်ပြုထားပါသည်။ ဟားခါးမြို့တွင်းနေထိုင်ကြသူများကလည်း သဘောတူညီ ချက်ဖြင့် အချို့သော ကျေးရွာများ၏နယ်နိမိတ်အတွင်းမှ ထင်းများကို တိုက်ရိုက်ခုတ်ယူနိုင်ပါ

သည်။ အခြားကျေးရွာများတွင်မူ မီးသွေးဖုတ်ပြီး ဟားခါးမြို့ဈေးကွက်သို့ ရောင်းချခြင်းသည် ဝင်ငွေရစေသော နောက်ထပ်နည်းလမ်းတစ်ခုပင်ဖြစ်ပါသည်။

## သစ်မာ

ချင်းပြည်နယ်မြောက်ပိုင်းရှိရွာများသည် ရွာ၏ ဇိုလို (zo-lo) မြေများတွင် ပေါက်ရောက်သော ထင်းရှူးပင်များကို (အထူးသဖြင့် အိမ်ဆောက်ခြင်းအတွက်သုံးသော) မှီခိုထုတ်ယူကြပါသည်။ ကျေးရွာတည်နေရာပေါ် မူတည်၍ ထိုသစ်များကို ပေါများစွာတွေ့ရှိနိုင်သော်လည်း ကျေးရွာအနည်းငယ်တွင်သာ စီးပွားဖြစ်ခုတ်ယူနိုင်သော သစ်တောများရှိပါသည်။ ၁၉၉၀ ခုနှစ်နောက်ပိုင်း ငြိမ်ဝပ်ပိပြားရေးအစိုးရ တက်လာပြီးနောက် နိုင်ငံစီမံအုပ်ချုပ်ရေးကဏ္ဍတွင် ခေါင်းပုံဖြတ်မှုများရှိလာခဲ့ပြီး အစိုးရကို ကျောထောက်နောက်ခံပြုထားသော တစ်ဦးချင်းစီ၏ (ခရိုနီစနစ်) ဖြစ်ထွန်းလာခဲ့ပါသည်။ ဟားခါးမြို့နှင့်အနီးတဝိုက်မှ ကျေးရွာခေါင်းဆောင်များမှာ အစိုးရ၏ ကိုယ်စားလှယ်များဖြစ်လာကြပြီး ၄င်းတို့၏အခန်းကဏ္ဍများ ပိုမိုကျယ်ပြန့်လာခဲ့ခြင်းကြောင့် ခေါင်းပုံဖြတ်နိုင်ရန် အခွင့်အလမ်းများကို ဖန်တီးပေးသကဲ့သို့ ဖြစ်စေခဲ့ပါသည်။ ဥပမာအားဖြင့် (၁၉၉၁ မြေရိုင်းဆိုင်ရာလမ်းညွှန်ချက်များ ထုတ်ပြန်ပြီးနောက်) ချမ်းသာကြွယ်ဝ၍ အဆက်အသွယ်ကောင်းသော ဟားခါးစီးပွားရေးလုပ်ငန်းရှင်တစ်ဦးမှ စားကျက်မြေသိမ်းမှု ဖြစ်ပွားခဲ့ကြောင်း မိမိတို့လေ့လာမှုပြုလုပ်ခဲ့သည့် ကျေးရွာများထဲမှ ရွာတစ်ရွာတွင် တွေ့ရှိခဲ့ပါသည်။ အလားတူကာလတွင် ဟားခါးမြို့ရှိ အဆောက်အဦများတည်ဆောက်ရန်အတွက် ထိုကျေးရွာတွင် သစ်ထုတ်ယူရန်အတွက် တရားဝင်ခွင့်ပြုခဲ့ပါသည်။ ထိုကာလတွင် သစ်ထုတ်လုပ်ခြင်းမှာ ဝင်ငွေနည်းပါးသော ကျေးရွာနေလူထုအတွက် ဝင်ငွေအရင်းအမြစ်တစ်ခု ဖြစ်လာခဲ့ပါသည်။ အချို့ရွာသားများကလည်း ကြိုတင်ငွေများ၊ လုပ်ငန်းသုံးကိရိယာများ (သစ်ဖြတ်လွှ)ကို လက်ခံကာ သစ်ကန်ထရိုက်သမားများနှင့် တိုက်ရိုက်အလုပ်လုပ်ကိုင်ခဲ့ကြသည်။ သစ်ကန်ထရိုက်သမားများနှင့်အတူ အလုပ်လုပ်ကိုင်ခြင်းကြောင့် သစ်တောဦးစီးဌာနနှင့် ရဲများမှ တရားမဝင်သစ်ထုတ်လုပ်ခြင်းအတွက် လာရောက် စစ်ဆေးမှုမှ အကာအကွယ်ရရှိကြပါသည်။ အခြားသောရွာသားများသည် ကြိုတင်ငွေကိုမယူဘဲ ဈေးကွက်ပေါက်ဈေးဖြင့် သစ်များ ရောင်းချနိုင်သော်လည်း စစ်ဆေးမှုများရှိလာပါက သစ်တောဦးစီးဌာန/ရဲတို့ကို လာဘ်ပေးရမည်ဖြစ်ပါသည်။

သစ်ထုတ်ယူပိုင်ခွင့်စနစ်သည် ဓလေ့ထုံးတမ်းအရ ပိုင်ဆိုင်ခွင့်ရှိသည့်ပုံစံမျိုးနှင့် (ကျေးရွာအဆင့်မှ စီမံခန့်ခွဲသည့်သဘော) ဆက်နွယ်နေသော်လည်း သစ်တောဦးစီးဌာန၏ ထိန်းချုပ်မှုကြောင့် နိုင်ငံတော်၏အုပ်ချုပ်စီမံမှုစနစ်နှင့် ပိုနီးနွယ်လာစေပါသည်။ သစ်ထုတ်ယူ

နိုင်ရန် ရည်ရွယ်ပြီး နိုင်ငံတော်၏အုပ်ချုပ်စီမံမှုပေါ် အခြေခံကာ မြေပုံပေါ်တွင် မြေလွတ်၊ မြေလပ် သို့မဟုတ် မြေရိုင်းများအဖြစ် ခွဲဝေချထားပါသည်။ လေ့လာခဲ့သောကျေးရွာများတွင် ဤကဲ့သို့သော ပြဿနာများဖြစ်ပွားခဲ့ခြင်း မရှိသေးသော်လည်း ကျေးရွာတစ်ရွာ၏ လိုပီလ် (lopil) အတွင်းရှိ ထင်းရှူးတောအား သစ်ထုတ်လုပ်ရေးကုမ္ပဏီတစ်ခုမှ သိမ်းယူရန်ကြိုးစားခဲ့ဖူးကြောင်း နှင့် ယခုအခါတွင်မူ မည်သည့်အရာမျှ ဆက်လက်ဖြစ်ပွားခြင်းမရှိကြောင်း အဆိုပါကျေးရွာမှ အကြီးအကဲအချို့က ပြောပြပါသည်။

ဟားခါးမြို့တွင်းရှိ နေအိမ်အဆောက်အဦးများအတွက် လိုအပ်သောသစ်များ ထုတ်ယူနိုင်ရန် တရားဝင်စည်းမျဉ်း စည်းကမ်းများချထားသော်လည်း အဆိုပါ စည်းမျဉ်း စည်းကမ်းများကို ရှောင်ကျဉ်နိုင်မည့်ဗျူဟာကို ယနေ့တိုင်အသုံးပြုနေသေးပါသည်။ ၎င်းဗျူဟာမှာ သစ်များ ဟားခါးသို့ မတင်ပို့မီ ထိုသစ်ထုတ်သည့်ဝန်းကျင်တွင် အိမ်တစ်လုံးဆောက်လုပ်လိုက်ခြင်း ဖြစ်ပါသည်။ ဤသို့လုပ်ဆောင်ခြင်းဖြင့် သစ်တောဦးစီးဌာနမှ သစ်ခုတ်ယူမှုနှင့်စပ်လျဉ်း၍ ချမှတ်ထားသော အခွန်များကိုရှောင်ရှားနိုင်မည်ဖြစ်ပါသည်။

### *သစ်မဟုတ်သော သစ်တောထွက်ပစ္စည်းများ (NTFPs)*

သစ်မဟုတ်သော သစ်တောထွက်ပစ္စည်းများတွင် (NTFPs) အဓိကအားဖြင့် သစ်ခွများ၊ ပိန်းဥများ၊ မကြာသေးမီအချိန်ကစိုက်ပျိုးခဲ့သော (အပင်သစ်စိုက်ပျိုးရန် အစေ့အတွက် အဓိက စိုက်ပျိုးသော) ဝဥ နှင့် ဥဖြူ (အဖြူရောင်ဥများ) များပါဝင်သည်။ တံမြက်စည်းလုပ်ရာတွင် အသုံးပြုနိုင်သော မွန်ဖီယ (hmun phiah) မြက်ပင်မျိုး နွယ်တစ်မျိုးကိုလည်း ဟားခါးဈေးသို့ ရောင်းချကြပါသည်။ အဆိုပါထုတ်ကုန်များမှာ ကြီးမားသည့် ပမာဏမဟုတ်သော်လည်း ဝင်ငွေရနည်းပါးသည့် အိမ်ထောင်စုများအတွက် အဓိကဝင်ငွေ အရင်းအမြစ်တစ်ခုဖြစ်ပါသည်။ ကျေးရွာအများစုတွင် NTFPs များကို အကန့်အသတ်မရှိ ထုတ်ယူသုံးစွဲရန် ခွင့်ပြုထားပါသည်။

## ■ ၄.၅။ <u>မြို့ပြချဲ့ထွင်ခြင်းကြောင့်အဖိုးတန်လာသောအရင်းအမြစ်များ</u>

မြို့ပြတစ်ခုအဖြစ် ဖွံ့ဖြိုးတိုးတက်လာမှု၏အခင်းအကျင်းကြောင့် ဖြစ်ပေါ်လာသည့် မြေယာနှင့်သက်ဆိုင်သော အကျပ်အတည်းများ- အထူးသဖြင့် သစ်မာ၊ ထင်းနှင့် အိမ်ခြံမြေကွက်များ လိုအပ်ချက်များပြားလာသည်။ အဆိုပါအရင်းအမြစ်များကြောင့် ကျင့်သုံးလျက်ရှိသော CLS နှင့် မြေယာတို့ကြား တိုက်ရိုက်ဆက်နွယ်နေမှုများကို အပြောင်းအလဲဖြစ်စေခဲ့သည်။

အိမ်မြေကွက်ကိစ္စတစ်ခုတည်းကိုသာကြည့်ပါက အိမ်မြေကွက်တစ်ကွက်သည်

Celine Allaverdian

ကျေးရွာတစ်ရွာတွင် မည်သည့်အိမ်ထောင်စုမဆို လွတ်လပ်စွာ အသုံးပြုနိုင်သော အရင်းအမြစ် တစ်ခုဖြစ်ခဲ့သော်လည်း မြို့ပြချဲ့ထွင်လာသောအခါတွင်မူ အဆိုပါမြေနေရာသည် တန်ဖိုးမြင့် တက်လာကာ ဓလေ့ထုံးတမ်းအရ ပိုင်ဆိုင်ခွင့်မရှိသည့် အခြေအနေတစ်ရပ်သို့ လျင်မြန်စွာ ရောက်သွားစေသည်။

ချင်းပြည်နယ်မြောက်ပိုင်းတွင် အိမ်ခြံမြေကွက်နှင့်စပ်လျဉ်းသည့် ဓလေ့ထုံးတမ်း ဥပဒေသည် အလွန်ရိုးရှင်းပါသည်။ ကျေးရွာတစ်ရွာတွင် အခြေချနေထိုင်သော မည်သည့် အိမ်ထောင်စုမဆို ၎င်း၏ အိမ်ဆောက်လုပ်ရန်အတွက် လိုအပ်သော မြေနေရာ၊ လိုပီလ်တွင် တောင်ယာလုပ်ကိုင်နိုင်သည့် အခွင့်အလမ်း၊ အိမ်အတွက် သစ်နှင့် သုံးစွဲရန် ထင်းများကို ထုတ်ခွင့်ရှိပါသည်။ သို့သော်လည်း အိမ်ထောင်စုသည် ကျေးရွာမှ အပြီးအပိုင်ထွက်ခွာသွား မည်ဆိုလျှင် ဓလေ့ထုံးတမ်းဥပဒေအရ အဆိုပါ အိမ်နေရာကို ပြင်ပမှလူများအား ရောင်းချပိုင်ခွင့် မရှိဘဲ ကျေးရွာပိုင်မြေအဖြစ် ရွာသို့ပြန်လည်ပေးအပ်ရသည်။ အဆိုပါ စည်းမျဉ်းကို ကျေးရွာ အများစုတွင် ကျင့်သုံးနေဆဲဖြစ်သော်လည်း မြို့ပြနှင့်အနီးတဝိုက်ရှိ ကျေးရွာများတွင်မူ ဓလေ့ ထုံးတမ်းမူဘောင်များကို ကျော်လွန်ပြီး မြေယာလုပ်ပိုင်ခွင့်များအဖြစ် တဖြည်းဖြည်း အသွင် ပြောင်းလာသည်။ အမှန်တွင် တိုးပွားလာသည့် ဟားမြို့ပြနေ လူဦးရေသည် တန်ဖိုးနည်း အိမ် မြေကွက်များ လိုအပ်လာမှုကို ဖြည့်ဆည်းပေးနိုင်မည့် အိမ်ခြံမြေကွက်များကို အရောင်းအဝယ် လုပ်လာကြပါသည်။ မြေပြိုကျမှုများ နှင့် ပြန်လည်နေရာချထားရေးစီမံချက်များကလည်း ဤဖြစ်စဉ်ကို မြန်ဆန်စေခဲ့သည်။ နိုင်ငံတော်၏ ဒေသဏ္ဍသရဆိုင်ရာ ဖွံ့ဖြိုးရေးယန္တရားကျယ်ပြန့် လာခြင်းကြောင့် သစ် နှင့် ထင်းကဲ့သို့သော အရင်းအမြစ်များ အဖိုးတန်လာကာ အဆိုပါ အရင်း အမြစ်များကိုစီမံခန့်ခွဲမှုသည်လည်း ရိုးရာဓလေ့ထုံးတမ်းဖြင့်စီမံခန့်ခွဲသည့်စနစ်၏ ပြင်ပသို့ ရောက်ရှိသွားသည်။

အလားတူပင် ယခင်က ရေဝေရေလဲသစ်တောများသည် ယခုကဲ့သို့ သီးခြားသတ်မှတ် တည်ထောင်ထားခြင်း မဟုတ်ခဲ့ဘဲ နာတ်ဝိဉာဉ်များကို ကြောက်ရွံ့မှုကြောင့် ၎င်းတို့ကို ကာကွယ် ထားခဲ့ခြင်းဖြစ်သည် - သစ်နှင့်ထင်းများကို စီမံခန့်ခွဲမှုသည် (သစ်တောများ၊ စိုက်ပျိုးမြေများ နှင့် မြေရိုင်းများ၊ အိမ်မြေကွက်၊ စသည်တို့ အပါအဝင်) ကျေးရွာနယ်မြေတစ်ခုလုံးကို စီမံသည့် ဘုံ အုပ်ချုပ်မှုအောက်တွင်ရှိခဲ့ပါသည်။ အချို့သော အရင်းအမြစ်များအား ငွေကြေးတန်ဖိုးဖြင့် သတ် မှတ်လာခြင်းကြောင့် ယခင်က CLS တစ်ခုလုံးအောက်တွင်သာရှိခဲ့သော အဆိုပါ အရင်းအမြစ်များ ကို ယခုအခါတွင် မတူညီသော စီမံခန့်ခွဲမှုစနစ်ဖြင့် စီမံလာကြပါသည်။

မကြာသေးသည့်ကာလမှ အစပျိုးလာသည့် ကျောက်ထုတ်ယူမှုကဲ့သို့သော ကိစ္စရပ်

သည် အစိုးရ၏ မြေအသုံးချမှုစနစ်ကိုပိုမို မှီခိုလာခြင်းကြောင့် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ မှာလည်း အုပ်ချုပ်ရေးယန္တရား၏ ကိုယ်စားပြုသူများအဖြစ်သို့ အလိုလျောက်ဖြစ်လာပါသည်။

မြေယာနှင့် ဆက်စပ်အရင်းအမြစ်များကို စီမံခန့်ခွဲခြင်းနှင့်ပတ်သက်သော ဆုံးဖြတ်ချက်များချနိုင်သည့် ကျေးရွာအုပ်ချုပ်ရေးမှူးများ၏ အခန်းကဏ္ဍသည် ဓလေ့ထုံးတမ်းများနှင့် အစိုးရ၏ တရားဝင်မှုဘောင်များအကြား ၎င်း၏ အမှန်တကယ်တရားဝင်မှု ရှိ/မရှိကို မေးခွန်းထုတ်စရာဖြစ်လာပါသည်။

ထိုနည်းတူ ကျေးရွာပိုင်ဘုံပိုင်မြေကွက်များအား အမြဲစိုက်ဥယျာဉ်များအဖြစ်သို့ ပြောင်းလဲရာတွင်လည်း ကျေးရွာအုပ်ချုပ်ရေးမှူး တစ်ဦးတည်းကသာ ကြီးကြပ်သည့်အပေါ် တွင်လည်း မေးခွန်းထုတ်စရာရှိလာပါသည်။ ထိုသို့သောကိစ္စများကို ကျေးရွာအများစုတွင် တွေ့ရှိရပြီး ပိုမိုကောင်းမွန်သော ကိုယ်စားပြုမှုကိုလိုအပ်လျက်ရှိကြောင်း ဖော်ညွှန်းကြသည်။ ဥပမာအားဖြင့် - မြေယာနှင့် အရင်းအမြစ်များစီမံခန့်ခွဲမှုနှင့်စပ်လျဉ်း၍ ဆုံးဖြတ်ချက်များချမှတ်ရာတွင် ရွာလူကြီးများဖြင့် ကောင်စီဖွဲ့စည်းခြင်းမျိုး လိုအပ်ကြောင်း ဖော်ပြနေပါသည်။

## ■ ၄.၆။ မြေယာအုပ်ချုပ်မှုနှင့် မြေယာလွှဲပြောင်းမှုများ

အများသောအားဖြင့် အမြဲတမ်းစိုက်ကွက်များဖြစ်သည့် အမွေရသော မြေကွက်များနှင့် တစ်ဦးချင်းပိုင်မြေကွက်တို့၏ ပိုင်ဆိုင်ခွင့်ကို အသိအမှတ်ပြုထားကာ အဆိုပါမြေကွက်များကို ကျေးရွာလူထုမှ (ကျေးရွာအုပ်ချုပ်ရေးမှူး၊ ကျေးရွာလယ်ယာမြေစီမံခန့်ခွဲမှုကော်မတီ (VLMC) နှင့်/သို့မဟုတ် ရွာလူကြီးများမှတဆင့်) တစိတ်တဒေသ စီမံခန့်ခွဲပိုင်ခွင့်ရှိနေပါသေးသည်။ ထို့အပြင် အမြဲတမ်းစိုက်ကွက်များအား တရားဝင် ပိုင်ဆိုင်ခြင်း ရှိ/မရှိကို ကျေးရွာရပ်ဝန်းအတွင်း တတ်နိုင်သမျှ ထိန်းသိမ်းထားပါသည်။ ကျေးရွာတွင် မနေထိုင်တော့သည့်အိမ်ထောင်စုများ[12]မှ အမြဲစိုက်မြေကွက် အသုံးပြုလုပ်ကိုင်ခွင့်ကို ကိုင်ဆောင်ထားသော ဖြစ်ရပ်အနည်းငယ်မှလွဲ၍ စီမံခန့်ခွဲခွင့်၊ လက်လှမ်းမီအသုံးပြုခွင့်နှင့် အဝေးမှစီမံခွင့်တို့သည် ကျေးရွာလူထု၏ မြေယာစီမံခန့်ခွဲမှုဘောင်အတွင်း မရှိတော့ကြောင်းယူဆနိုင်သည်။ သို့ရာတွင် (အဆိုပါကျေးရွာများနှင့် နီးသော ဟားခါး၌ပင် နေထိုင်နေသည့်) အိမ်ထောင်စုများအတွက်မူ အဝေးမှမြေကွက်များကို စီမံခန့်ခွဲရန် စိတ်ဝင်စားမှု နည်းပါးသည်မှာ အဆိုမြေကွက်များအား သီးစားချခြင်းဖြင့် ငွေရေးကြေးရေး အကျိုးအမြတ်များ မရရှိသောကြောင့်ဖြစ်သည်။ သီးစားချခြင်းကို ဟားခါးချင်း ကျေးရွာများတွင် လုံးဝမသိကြခြင်းမျိုးမဟုတ်ဘဲ အခမဲ့ငှားရမ်းခြင်းကို ဆွေမျိုးအချင်းချင်း သို့မဟုတ် ရွာသားများအချင်းချင်း ကြားတွင် ပြုလုပ်ကြပါသည်။

12 ကျွန်ုပ်တို့၏ ကွင်းဆင်းလုပ်ဆောင်မှုတစ်ရပ်လုံးအတွင်း အဆိုပါဖြစ်ရပ်မျိုး သုံးခုသာ တွေ့ရှိခဲ့သည်။

### *မြို့ပြရှိမြေယာအရောင်းအဝယ်များ*

၁၉၉၀ ပြည့်နှစ်များတွင် အစိုးရ၏ ယန္တရားပိုမိုသက်ရောက်လာမှုကြောင့် ဟားခါးချင်း အသိုင်းအဝိုင်းတွင် မြေယာတန်ဖိုးများ ပြောင်းလဲလာခဲ့သည်။ အထူးသဖြင့် ယနေ့အချိန်တွင် မြို့ပြပေါ်ရှိ သို့မဟုတ် မြို့ပြအနီးအနားတွင် တည်ရှိသော မြေယာများသည် ငွေကြေးအရ အဖိုးတန်လာခြင်းကြောင့် လူမှုရေးအရအရေးပါမှုထက် ငွေကြေးအရ အဖိုးတန်မှုအပေါ်တွင် အလေးသာသွားလေ့ရှိသည်။ ဤသို့ဖြစ်ရခြင်းမှာ အရောင်းအဝယ်စနစ် နှင့် ငွေကြေးထားတန် ဖိုးများပေါ်တွင်မူတည်ပါတယ်။ လူကုံထံများနှင့်ဆန့်ကျင်ဘက်အနေဖြင့် - ဟားခါးမြို့တွင် သာ မန်နေထိုင်သူများကြားပြုလုပ်သော အိမ် သို့မဟုတ် ဉယျာဉ်ခြံကွက် အရောင်းအဝယ်များ ပြုလုပ်ရာတွင် ဓလေ့ထုံးတမ်းမူဘောင်ကို အသုံးပြုနေသေးကြောင်း ဖော်ပြနေသည်။ မြေတန်ဖိုး ကို ပုံသေသတ်မှတ်ထားခြင်းမျိုးမဟုတ်ဘဲ ရောင်းသူ၊ ဝယ်သူများကြား ရင်းနှီးတော်စပ်မှု အတိုင်းအတာပေါ် မူတည်နေခြင်းမျိုးဖြစ်သည်။ ထို့အပြင် တစ်စုံတစ်ဦးမှ တရားဝင်လမ်းကြောင်း ဖြစ်သော ရပ်ကွက်အုပ်ချုပ်ရေးမှူးမှတဆင့် မြေတစ်ကွက်ကို တောင်းဆိုခြင်းမပြုမီတွင် ဓလေ့ ထုံးတမ်းအရ မြေပိုင်ခွင့်ရှိသည့် ပိုင်ရှင်များကို ယေဘုယျအားဖြင့် တိုင်ပင်လေ့ရှိသည်။ သို့သော် ပြဋ္ဌာန်းထားသော မြေယာမူဘောင် (ဥပဒေ - မြေလွတ်၊မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲ ရေးဥပဒေ) မှတဆင့် လူကုံထံများမှ မြေကွက်ပေါင်းများစွာသိမ်းယူသည့် အခြေအနေတွင်မူ ထို ကဲ့သို့သော ရိုးရာဓလေ့မူဘောင်များကို လိုက်နာခြင်းမရှိပေ။ သို့သော် ဟားခါးနှင့် ဆန်းထန်း (Senthang) ဒေသများအကြားရှိ ပိုင်နက်များအတွက်မူ ရင်းနှီးဆက်နွယ်မှုများကို ထိန်းသိမ်းရန် ရိုးရာဓလေ့မူဘောင်ကို အသုံးပြုကြပါသည်။

### *အမွေဆက်ခံခြင်း*

တပြိုင်တည်းမှာပင် အမွေခွဲဝေရာတွင်ကျင့်သုံးသည့်ပုံစံများဖြစ်သည့် မြေယာများကို သားအကြီး သို့မဟုတ် အထွေးဆုံးအား အမွေပေးသည့်စနစ်မှာ မျိုးနွယ်စုများပေါ်မူတည်ကာ ပြောင်းလဲလာခဲ့ပါသည်။ ထို့ပြင် နိုင်ငံရပ်ခြားများသို့ ပြောင်းရွှေ့နေထိုင်မှုလည်း သိသိသာသာ များပြားလာခဲ့သောကြောင့် သားအလတ်များကိုလည်း ထည့်သွင်းစဉ်းစားလာခဲ့ကြပါသည်။ ထို့ကြောင့် အခြားသားကြီးများ နိုင်ငံရပ်ခြားသို့ပြောင်းရွှေ့သွားလျှင် အမွေကို သားလတ်မှ အလိုအလျောက်ဆက်ခံနိုင်သည့် အခွင့်အရေးများသို့ ပြောင်းလဲခဲ့သည်။ ရွှေ့ပြောင်းနေထိုင် သူများတွင် အမျိုးသားများပိုများသောကြောင့်[13] ကျားမနှင့်ဆိုင်သော အမွေဆက်ခံမှု စည်းမျဉ်း

13 (ပြည်ထောင်စုမြန်မာနိုင်ငံတော်၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန၊ ပြည်သူ့အင်အားဦးစီးဌာန၊ ၂၀၁၅၊ ၁၂-၁၃) မြန်မာနိုင်ငံလူဦးရေနှင့် အိမ်ထောင်စုသန်းခေါင်စာရင်း - ချင်းပြည်နယ်ရှိ လူဦးရေပိုရမစ်ကိုကြည့်ပါ။

များလည်း ပြောင်းလဲလာသည်မှာ မဆန်းပေ။ ယခုအခါတွင် သမီးမိန်းကလေးများ အမွေဆက်ခံသော ဖြစ်ရပ်များရှိနေပြီဖြစ်ပါသည်။

## ၅ ။ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

ယခုအချိန်တွင် စိုက်ပျိုးရေးလုပ်ငန်းသည် ချင်းပြည်နယ် ကျေးလက်အိမ်ထောင်စုများ၏ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများအတွက် အတိတ်ကာလကဲ့သို့ မရှိမဖြစ်အရေးပါခြင်း မဟုတ်သော်လည်း ဒေသခံအများစုမှာ မြေယာကို လက်လှမ်းမီသလောက် ဧကအနည်းငယ်ခန့် (အမြဲစိုက် စိုက်ပျိုးရေးဖြင့် ၁ - ၂ ဧကခန့်) စိုက်ပျိုးလျက်ရှိကြသည်။ လှေကားထစ်စပါးစိုက်ခင်းများနှင့် အမြဲစိုက်ဥယျာဉ်များစိုက်ပျိုးမှုပေါ် တည်ပြီး လူမှုအဆင့် မတူညီမှုများပေါ် လွင်လျက်ရှိပါသည်။ ထို့သို့ဆိုစေကာမူ ချင်းပြည်နယ်မြောက်ပိုင်းဒေသရှိ စိုက်ပျိုးရေးလုပ်ငန်းသည် ဝင်ငွေရရန် ဦးတည်သော စွန့်ဦးလယ်ယာစိုက်ပျိုးမှုပုံစံမျိုးနှင့် အလှမ်းဝေးလွန်းနေသေးပါသည်။ လယ်သမားများသည် ၎င်းတို့၏ မိသားစုလုပ်အားကိုသာ မှီခိုအားထားနေပြီး၊ အချို့သော လုပ်ငန်းဆောင်တာများအတွက်သာ လုပ်သားများကိုငှားရမ်းကြသည်။ အင်တာဗျူးများအရ စပါးစိုက်ပျိုးသော လယ်သမားများသည် ပျမ်းမျှအားဖြင့် လှေကားထစ်ဧက ၀.၅ မှ ၁ ဧကထိသာ ပိုင်ဆိုင်ကြပြီး၊ လူအနည်းငယ်ကသာ ၁.၅ ဧကထက်ပင် ကျော်၍ပိုင်ဆိုင်ကြသည် (Frissard and Pritts 2018)။ အလားတူပင် အမြဲစိုက်ဥယျာဉ်ခြံများလည်း အလွန်နည်းပါးပြီး ၀.၂၅ ဧကမှ အများဆုံး ၁ ဧက အထိသာရှိပါသည်။ ၎င်းသည် မိသားစုလုပ်အား အကန့်အသတ်ရှိမှုနှင့် ချိတ်ဆက်နေသည်မှာ သိသာလှပေသည်။ ထို့အပြင် ပြီးခဲ့သည့် နှစ်အနည်းငယ်အတွင်း ဝင်ငွေရသီးနှံများ စိုက်ပျိုးခဲ့ သော်လည်း ကျေးလက်အိမ်ထောင်စုများသည် စားနပ်ရိက္ခာထုတ်လုပ်မှုကိုသာ အဓိက လုပ်ကိုင်လျက်ရှိကြပါသည်။ ဟားခါးမြို့နှင့်အနီးရှိ ကျေးရွာများမှ လယ်သမားအနည်းငယ်ကသာ ဝင်ငွေရသီးနှံများကို အဓိကထားစိုက်ပျိုးကြပါသည်။ လယ်သမားများသည် လှေကားထစ်စိုက်ပျိုးခြင်းနှင့် ဥယျာဉ်ခြံများလုပ်ကိုင်ခြင်းကို အတတ်နိုင်ဆုံး ယှဉ်တွဲလုပ်ကိုင်ရန် ကြိုးစားကြပါသည်။

ထို့အပြင် အမြဲစိုက်နှင့် ရွှေ့ပြောင်းတောင်ယာစိုက်ပျိုးမှုပုံစံများသည် သီးခြားစီ ဖြစ်နေခြင်းမျိုး မဟုတ်သည်ကို ဖော်ပြရန်အလွန်အရေးကြီးပါသည်။ ရှေ့တွင် အဆိုပါ စိုက်ပျိုးမှုပုံစံများကြားရှိ အလှည့်အပြောင်းကို အထက်တွင် ဖော်ပြခဲ့ပြီးဖြစ်ပါသည်။ လှေကားထစ်စပါးစိုက်ပျိုးခြင်း နှင့် /သို့မဟုတ် အမြဲစိုက်ဥယျာဉ်များစိုက်ပျိုးသည့် လယ်သမားတော်တော်များများ၊ အထူးသဖြင့် လယ်လုပ်ငန်းလုပ်ကိုင်သော မိသားစုဝင်အရေအတွက်များသည့် အိမ်ထောင်စုများသည် ရွှေ့ပြောင်းတောင်ယာစိုက်ပျိုးခြင်းကိုလည်း လုပ်ကိုင်လျက်ရှိနေသေးသည်။ Frissard

Celine Allaverdian

ပုံ ၁၂ : ရက်ကန်းယက်လုပ်ခြင်း၊ တောင်ယာခုတ်ထားပြီးချိန်တွင် အမျိုးသမီးများအတွက် ဝင်ငွေရနိုင်သော နောက်ထပ်နည်းလမ်းတစ်ခု



and Pritts (၂၀၁၈) မှ ရေးသားဖော်ပြခဲ့သည့် လယ်ယာအမျိုးအစားများအရ အကောင်ကြီး တိရိစ္ဆာန်များ (ကျွဲ၊ နွား၊ နွားနောက်များ နှင့် မြင်းများ) ကို မပိုင်ဆိုင်ခြင်းသည် ရွှေ့ပြောင်း တောင်ယာကိုသာ မှီခိုနေရသော တောင်သူများ၏ သိသာထင်ရှားသည့် ဝိသေသလက္ခဏာ တစ်ရပ်ပင်ဖြစ်သည်။ အမြဲတမ်းစိုက်ပျိုးရေးအတွက် မရင်းနှီးနိုင်သူများအတွက် ထိုစိုက်ပျိုးမှု ပုံစံသည် အဓိက အသက်မွေးဝမ်းကျောင်း လုပ်ငန်းတစ်ခုအဖြစ်ဆက်လက်ရှိနေကြောင်း မီးထောင်းထိုးပြနေသည်မှာ မထူးဆန်းပါပေ။ အဆိုပါအိမ်ထောင်စုများသည် များသောအားဖြင့် အမြဲတမ်းစိုက်ပျိုးမှုပုံစံသို့ ပြောင်းလဲခြင်းနှင့် အလွတ်သုံးစားကျက်မြေများကြောင့် ကောက်ပဲ သီးနှံများပျက်စီးမှု တိုးမြင့်လာကာ တိရိစ္ဆာန်မွေးမြူရေးပုံစံ ပြောင်းလဲလာမှု၏ အကျိုးဆက်ကို အခံရဆုံးသော အိမ်ထောင်စုများဖြစ်နိုင်ပေသည်။ လယ်သမားများစုသည် အရေအတွက်များ သော မွေးမြူရေးတိရိစ္ဆာန်များကို ပိုင်ဆိုင်ကြောင်းကိုလည်း အမျိုးအစားခွဲခြားကြည့်ပါက သိရှိနိုင်ပါသည်။

လယ်သမားများမှ အသားတိုးဝက်မွေးမြူခြင်း သို့မဟုတ် သားဖောက် တိရိစ္ဆာန် မွေးမြူရေးကို အခြားဝင်ငွေအရင်းအမြစ်များအဖြစ် သို့မဟုတ် လူမှု-စီးပွားလုံခြုံရေး အကာ အကွယ်အနေဖြင့် ကျယ်ကျယ်ပြန့်ပြန့် မွေးမြူကြသည်။ စီးပွားရေးပိုအဆင်ပြေသည့် လယ် သမားများအချို့မှ အာဟာရဖြည့် အစာအဖြစ်စားသုံးရန်နှင့် ရောင်းချရန်လည်းရည်ရွယ် လျက်လုပ်ကိုင်သော အသေးစားငါးမွေးမြူခြင်းသည် အနည်းငယ်သာရှိသော်လည်း ဆက်လက် လုပ်ကိုင်ရန် အခွင့်အလမ်းကောင်းများရှိနေပါသည်။

ကောက်ပဲသီးနှံများ၊ တိရိစ္ဆာန်နှင့်ငါးမွေးမြူရေးကိုအတူတကွထည့်သွင်းတွက်ချက်ပါက အိမ်ထောင်စုများ၏ စိုက်ပျိုးရေးမှရရှိသည့်ဝင်ငွေသည် ကိုယ်တိုင်စားသုံးသည့်တန်ဖိုးကို ထည့်တွက်ထားလျှင်ပင် အလွန်နည်းနေသေးသည်။ Frissard and Pritts (၂၀၁၈) အရ စိုက်ပျိုးရေးလုပ်ငန်းမှရရှိသော တစ်နှစ်သာဝင်ငွေသည် မိသားစုဝင်တစ်ဦးလျှင် အမေရိကန် ဒေါ်လာ ၃၀၀ မှ ၁၉၀၀ ထိသာရှိသည်။ ယင်းသည် မြန်မာနိုင်ငံ၏ အခြားဒေသများရှိ အိမ်ထောင်စု များနှင့် ယှဉ်ကြည့်လျှင်အလွန်နည်းပါးပါသည် (Allaverdian and Diepart 2018)။ သို့သော် အများစုသောအိမ်ထောင်စုများမှာ တစ်နှစ်ပတ်လုံး ၎င်းတို့၏ စားနပ်ရိက္ခာလိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ကြသော်လည်း အခြားအသက်မွေးဝမ်းကျောင်းလုပ်ငန်းရင်းမြစ်များ လိုအပ်ချက် များရှိသည်ကိုအထူးသတိပြုရမည်ဖြစ်သည်။ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးတစ်ဦးမှ ပြောကြားသည်မှာ - "ဒီရွာမှာ အိမ်ထောင်စုပေါင်း ၂၀၀ လောက်ရှိတယ် - အိမ်ထောင်စု ၁၉၀ လောက်က လယ်လုပ်ကြပေမယ့် စိုက်ပျိုးရေးလုပ်ငန်း တစ်မျိုးတည်းနဲ့ နေထိုင်စားသောက်နိုင်တာ အိမ်ထောင်စု ၃၀ လောက်ပဲရှိတယ် " ဟူ၍ ဖြစ်သည်။

## ရွှေ့ပြောင်းသွားလာမှု၊ လမ်းပန်းဆက်သွယ်ရေးနှင့် ပို့ငွေများ

ကိုလိုနီခေတ်မတိုင်မီတွင် မြောက်ပိုင်းချင်းဒေသရှိကျေးရွာများမှာ ရွှေ့ပြောင်းသွားလာမှုများပြားခဲ့ခြင်းကြောင့် ကလေးလွင်ပြင်မှ ဟားခါးတောင်တန်းဒေသထိ ကိုလိုနီပြုနိုင်ခဲ့သည် စိတ်ဝင်စားစွာအမှတ်ရနိုင်ပါသည်။ ထိုဒေသတွင်နေထိုင်ကြသော အမွေဆက်ခံစရာမရှိသည့် လူမျိုးစုများအတွက် ကျေးရွာသစ်များထူထောင်ခြင်းသည် အဖြစ်များသော ကိစ္စရပ်တစ်ခုဖြစ်ပါသည် (Lehman 1963: 122, 150)။ ရွှေ့ပြောင်းနေထိုင်ခြင်းသည် မြေယာ မလုံလောက်မှု





ပုံ ၁၆ : လမ်းဖောက်လုပ်ခြင်းနှင့် ရွှေ့ပြောင်းသွားလာမှု

နှင့် ငှားရမ်းခစျေးကြီးမှု ကိုကျော်လွှာရန်ဖြစ်ပါသည် (Stevenson 1943: 96)။ တပြိုင်တည်းတွင် လက်ရှိမြေပြင်အခြေအနေရ ပိုဆင်းရဲသောအိမ်ထောင်စုများက မူလကျေးရွာမှ ခွဲထွက်ပြီး ကျေးရွာသစ်များကို ထူထောင်ပြီးနေထိုင်ခြင်းမှာလည်း လူမှုစီးပွားအခြေအနေမတူညီများကို ကျော်လွှားနိုင်ရန် ကျင့်သုံးသည့်ဗျူဟာတစ်ခုအဖြစ် မြင်နိုင်ပါသည်။

ချင်းပြည်နယ်တွင် ကျန်နေခဲ့သော လူများအတွက် ပြန်ပို့ငွေများ (remittances) သည် တဖြည်းဖြည်းနှင့် မရှိမဖြစ်လိုအပ်ချက်တစ်ခု ဖြစ်လာပါသည်။ အင်တာဗျူးဖြေဆိုသူများအရ လွှဲငွေများကို ကနဦးက ကျောင်းစရိတ်နှင့် မိသားစုအခြေခံလိုအပ်ချက်များကို ဖြည့်တင်းရန် အသုံးပြုခဲ့ကြသည်။ တဖြည်းဖြည်းနှင့် ပြန်ပို့ငွေများကို မွေးမြူရေးနှင့် စိုက်ပျိုးရေးတွင် ရင်းနှီးမြှုပ်နှံရန် အသုံးပြုလာခဲ့ကြသည်။ ပြန်ပို့ငွေအား အိမ်ထောင်စုများမှအသုံးပြုပုံနည်းကို အနည်းဆုံး နှစ်မျိုးကို ခွဲခြားနိုင်သည် Cung Lian Hu (2018)။ ပြန်ပို့ငွေကို လက်ခံရရှိသော အိမ်ထောင်စုသည် (ကျန်ရှိခဲ့သော မိသားစုဝင်များ အိုမင်းခြင်းကြောင့် သို့မဟုတ် လုပ်သားအင်အား မရှိခြင်းကြောင့် သို့မဟုတ် ကျန်းမာရေးအတွက် အသုံးပြုရန်လိုအပ်ခြင်းကြောင့်) နောက်ထပ် အသက်မွေးဝမ်း ကျောင်းလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံမှု မလုပ်နိုင်ပါက ပြန်ပို့ငွေကို ပမာဏ နည်းနည်းဖြင့်ပုံမှန် ပို့မည်ဖြစ်သည်။ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံနိုင်သော အိမ်ထောင်စု များအတွက်မူ ပြန်ပို့ငွေများကို ပုံမှန်မပို့သော်လည်း ရင်းနှီးမြှုပ်နှံမှုအတွက် လုံလောက်သော ပမာဏကို တပြိုင်တည်းပို့ပေးကြပါသည်။ အဆိုပါ စာရေးသူ၏ဖော်ပြချက်အရ (ibid.: 48-49) အကယ်၍ သားသမီးများသည် ဒုက္ခသည်ခံလုံခွင့်အစီအစဉ်ဖြင့် ဖွံ့ဖြိုးပြီးနိုင်ငံများသို့ ရောက်သွားပါက ၎င်းတို့၏ မိဘများ စိုက်ပျိုးရေးအလုပ်များကို ဆက်လက်လုပ်ကိုင်ရန်မလိုအပ်သည့်အထိ ထောက်ပံ့ပေးလေ့ရှိသည်။ ထို့ကြောင့်ပင် ရွှေ့ပြောင်းနေထိုင်ခြင်းသည် ပထမဦးစွာအနေဖြင့် ကျေးရွာအတွင်း အလုပ်လုပ်သောလူအရေအတွက်ကို လျော့နည်းစေကာ၊ ဒုတိယအနေဖြင့် အချို့သော အိမ်ထောင်စုများအတွက် ဝင်ငွေရင်းမြစ်အဖြစ်ပြန်ပို့ငွေကြောင့် မြေယာလိုအပ်ချက် ဖိအားများကို လျော့နည်းစေနိုင်သည်။ ထို့အပြင် အခြားနိုင်ငံများတွင် အခြေချနေထိုင်သူများမှ မိသားစုများကို ပြန်ပို့ငွေများပေးပို့ခြင်းကြောင့် အထူးသဖြင့် ဘာသာရေးအဖွဲ့အစည်းများမှတဆင့် အဆောင် အဆောက်လုပ်ခြင်းကဲ့သို့သော စုပေါင်းလုပ်ဆောင်ချက်များအတွက်လည်း အရေးပါ လျက်ရှိပါသည်။ တပြိုင်တည်းမှာပင် လမ်းဆောက်လုပ်ရေးလုပ်ငန်းများသည် ဝင်ငွေရရင်းမြစ် တစ်ခုဖြစ်သကဲ့သို့ပိုမိုမြန်ဆန်လွယ်ကူသော လမ်းပန်းဆက်သွယ်ရေး နှင့် သယ်ယူပို့ဆောင်ရေးကို ဦးတည်နေသော မြေပြင်ပြောင်းလဲမှုတစ်ရပ်ဖြစ်သည်။ ယခုအခါတွင် အသက်မွေးဝမ်းကျောင်း လုပ်ငန်းများသည် ဒေသတွင်းကိုကျော်လွှန်၍ ပိုမိုအလှမ်းဝေးသောနေရာများတွင် ဖြန့်ကျက် ထားသောကြောင့် လမ်းတံတားဆောက်လုပ်ရေး သည် လူတို့နှင့် ၎င်းတို့၏ပိုင်နက်နယ်မြေကြား

ဆက်နွယ်ကိုပြောင်းလဲစေသည်။ မိသားစုဝင်များသည် ကျေးရွာပြင်ပတွင် နေ့စဉ်အလုပ်များသို့မဟုတ် ရာသီအလိုက်ရွှေ့ပြောင်းလုပ်ကိုင်မှုနှင့် အခြေချရွှေ့ပြောင်းနေထိုင်မှုတို့မှတဆင့် မတူညီသောနေရာများတွင်အလုပ်လုပ်ကိုင်ကြသည်။ ၎င်းတို့သည် မတူသောနေရာများတွင်လည်း နေထိုင်ကြသည်။ အချို့မှာ မိမိတို့၏ကလေးများပညာရေးလွယ်ကူစေရန် ဟားခါးမြို့၌ နေအိမ်များ ပိုင်ဆိုင်ထားကြသည် (စီးပွားရေးအဆင်ပြေသူများ) ကို ကျေးရွာအများစုတွင် တွေ့ရှိခဲ့ရပါသည်။ စိုက်ချိန်ပျိုးချိန်ကာလများ (မိုးရာသီအတွင်း) နှင့် လမ်းဆောက်လုပ်ရေးနှင့် ကျောက်များတူးဖော်ခြင်း (အများအားဖြင့် ခြောက်သွေ့ရာသီ) တို့အကြား လှည့်လည်လုပ်ကိုင်ခြင်းသည် ကျေးလက်အိမ်ထောင်စုများအား လယ်ယာနှင့် လယ်ယာပြင်ပလုပ်ငန်းများကို ပေါင်းစပ်လုပ်ကိုင်နိုင်စေသည်။

## ၆ ။ ခလေ့ထုံးတမ်းအရ မြေပိုင်ဆိုင်ခွင့် အသိအမှတ်ပြုနိုင်ရန်အတွက် အကြံပြုချက်များ

ခလေ့ထုံးတမ်းမြေယာပိုင်ဆိုင်ခွင့်များနှင့်စပ်လျဉ်း၍ နိုင်ငံတော်၏ ပြဌာန်းဥပဒေမူဘောင်တစ်ခုအတွင်း CLS ကို အသိအမှတ်ပြုရန်လိုအပ်နေသကဲ့သို့ ထိုသို့အသိအမှတ်ပြုနိုင်ရာတွင်လည်း ရှုပ်ထွေးသည့် CLS ကိုအပြန်အလှန်စဉ်းစားသုံးသပ်ရန်လိုအပ်ပါသည်။

### ၆.၁ ။ ရွှေ့ပြောင်းတောင်ယာကို အသိအမှတ်ပြုရန်အဘယ်ကြောင့် အရေးကြီးသနည်း။

အမြဲတမ်းစိုက်ပျိုးသောစိုက်ခင်းများ၊ စားကျက်မြေများ၊ နှင့် အိမ်ခြံမြေများအဖြစ် တဖြည်းဖြည်း ပြောင်းလဲလာခြင်းကြောင့် ရွှေ့ပြောင်းတောင်ယာလုပ်ကိုင်မှု လျော့နည်းလာသော်လည်း ၄င်းမှာ မတူညီသောရှု့ထောင်အရ ဒေသခံများအတွက် အဓိကအရင်းအမြစ်တစ်ခု ဖြစ်နေပေသေးသည်။ ပထမဦးစွာ ယင်းသည် - (ဝယ်ယူ၍ဖြစ်စေ၊ အမွေရ၍ဖြစ်စေ) လှေကားထစ်စပါး မစိုက်ပျိုးနိုင်သော သို့မဟုတ် ထိုကဲ့သို့သော လှေကားထစ်စိုက်ခင်းများဖော်ထုတ်ရန် မရင်းနှီးနိုင်သော နွမ်းပါးသည့်အိမ်ထောင်စုများအတွက် မြေယာကို ဆက်လက်၍ အသုံးပြုရန်နှင့် မဖြစ်မနေ ရွှေ့ပြောင်းနေထိုင်ရန်မလိုဘဲ စိုက်ပျိုးရေးလုပ်ငန်းကို ဆက်လက် လုပ်ကိုင်နိုင်စေသည့် အဓိကကျသော နည်းလမ်းတစ်ခုဖြစ်သည်။ ယင်းသည် အိမ်ထောင်စုများ၏ အခြားအသက်မွေးဝမ်းကျောင်းလုပ်ငန်းများ၊ အခက်အခဲများကို ချိန်ညှိရန်နှင့် လိုက်လျောညီထွေစွာနေထိုင်နိုင်စေရန် တုံ့ပြန်ဆောင်ရွက်သော နည်းလမ်းတစ်ခုလည်းဖြစ်သည်။ ဖော်ပြပါ တွေ့ရှိချက်များသည် ကမ္ဘာအနှံ့မှ ခြုံငုံလေ့လာထားသည့် ရွှေ့ပြောင်းတောင်ယာ စိုက်ပျိုးရေးပုံစံ နှင့် ကိုက်ညီမှုရှိနေပြီး

နွမ်းပါးသောအိမ်ထောင်စုများအတွက် လုံခြုံစိတ်ချရသော စိုက်ပျိုးရေးအလေ့အကျင့်ဖြစ်ကြောင်း သိသာထင်ရှားစေသည် (Vliet et al. 2012: 9)။ လယ်သမားများသည် အမြဲတမ်းစိုက်သည့် စိုက်ခင်းမဖြစ်သော စိုက်ပျိုးရေးပုံစံ (ဥပမာ - ငှက်ပျောစိုက်ပျိုးခြင်း နှင့် ရှမ်းနံနံပင်ကဲ့သို့သော အခြားစီးပွားဖြစ် ကောက်ပဲသီးနှံများ) နှင့် ရွှေ့ပြောင်းတောင်ယာလုပ်ငန်းများအဖြစ် ပြောင်းလဲ စိုက်ပျိုးနိုင်သေးကြောင်းကိုလည်း တွေ့ရှိခဲ့ရပြီးဖြစ်ပါသည်။ မြေပြိုကျမှုများ[14] ဖြစ်ပွားပြီး အမြဲတမ်းစိုက်ခင်းကို ထိခိုက်သောအခါတွင်လည်း ရွှေ့ပြောင်းတောင်ယာ လုပ်ကိုင်ခြင်းကို ဖြေရှင်းသည့်နည်းလမ်းတစ်ခုအဖြစ် လယ်သမားများမှ ကျင့်သုံးကြသည်။ ယင်းကို ၂၀၁၅ ခုနှစ်တွင် မြေပြိုကျမှု ဖြစ်ပွားပြီးနောက် ဘေးဒဏ်ခံနိုင်သည့်အစီအစဉ်တစ်ရပ်အနေဖြင့် အသုံးပြုကြောင်း ရှင်းရှင်းလင်းလင်းလေ့လာသိရှိခဲ့ရပါသည်။ ထို့အပြင် သယ်ယူပို့ဆောင်ရေးခက်ခဲပြီး ဈေးကွက်သို့လက်လှမ်းမီမှု အကန့်အသတ်ဖြစ်သော ချင်းပြည်နယ်ရှိ ပိုမိုဝေးလံခေါင်ဖျားသော ဒေသများတွင်မူ ဝမ်းစာဖူလုံမှု ဖြည့်ဆည်းရန် ရွှေ့ပြောင်းတောင်ယာကို မဖြစ်မနေ လုပ်ကိုင်နေကြသေးသည်။

## ■ ၆.၂ ။ ရွှေ့ပြောင်းတောင်ယာအလွန် - စပါးမဟုတ်သော အမြဲတမ်းစိုက်ပျိုးရေးအတွက် မြေယာပိုင်ဆိုင်ခွင့်ကို ရယူခြင်း

မကြာသေးသောကာလများအတွင်း မြန်မာနိုင်ငံရှိ အရပ်ဘက်လူ့အဖွဲ့အစည်းအတွင်း ရွှေ့ပြောင်းတောင်ယာလုပ်ကိုင်ခွင့်အား ကာကွယ်နိုင်မည့် နည်းလမ်းများကို ရှာဖွေရန်အတွက် စိတ်ဝင်တစားရှိလာခဲ့ကြပါသည်။ သို့ရာတွင် ဂရုမပြုမိသည့် ပြဿနာတစ်ရပ်မှာ အမြဲစိုက် ဥယျာဉ်များ၊ သစ်သီးခြံများနှင့် သစ်တောစိုက်ပျိုးရေးကို အသိအမှတ်ပြုမှု မရှိခြင်းပင်ဖြစ်သည်။ လယ်သမားများအား အမြဲတမ်းစိုက်ပျိုးရေးကို လုပ်ဆောင်ရန်နှင့် ရွှေ့ပြောင်းတောင်ယာ စိုက်ပျိုးရေးကို စွန့်လွှတ်ရန် အစိုးရအာဏာပိုင်များနှင့် အလားတူ NGO များထံမှ ဆယ်စုနှစ်ပေါင်းများစွာကြာအောင် တိုက်တွန်း၍ လမ်းညွှန်ချက်များပေးခဲ့သော်လည်း လက်တွေ့တွင် အမြဲတမ်း စိုက်ခင်းများ (ဆန်စပါးစိုက်ကွက်များမပါ)ကို တရားဝင်အသိအမှတ်ပြုပေးခြင်း မရှိသေးကြောင်းကို သတိပြုသိရှိရသည်မှာ အံ့သြဖွယ်ရာဖြစ်ပါသည်။ လက်တွေ့တွင်မူ လေ့လာခဲ့သည့်ကျေးရွာများ၌ တရားဝင် ဥယျာဉ်ခြံမြေ ပိုင်ဆိုင်ခွင့်အချို့ကို ရယူရန်အတွက် ၂၀၁၃-၂၀၁၅

14 မီဒီယာများ နှင့် အစီရင်ခံစာများတွင် ရံဖန်ရံခါ ဖော်ပြထားသော ရွှေ့ပြောင်းတောင်ယာကို ဆန့်ကျင်သည့် ဆောင်းပါးများနှင့်ဆန့်ကျင်စွာပင် ရွှေ့ပြောင်းတောင်ယာများ၏ သက်ရောက်မှုကြောင့်မဟုတ်ဘဲ၊ အဓိကအားဖြင့် မြေကြီးနှင့် အောက်ခံမြေဆီလွှာ၏ ပထဝီဝင်သဘောသဘာဝအရ ဤဒေသတွင် မြေပြိုကျမှုများ မကြာခဏဖြစ်လေ့ရှိသည်။

ခုနှစ်တွင် မြေယာများကိုတရားဝင်မှတ်တမ်းတင်ရန် ဆောင်ရွက်ခဲ့သည့် DALMS ၏ မြေယာမှတ်ပုံတင်ခြင်း လုပ်ငန်းစဉ်တွင်ပါဝင်သည့် စစ်တမ်းကောက်ယူခြင်းလုပ်ငန်းများတွင် အခွင့်အရေးရယူနိုင်ခဲ့သော အဆက်အသွယ်ကောင်းသည့် လယ်သမား အနည်းငယ်မှလွဲ၍ အများစုတွင် မြေယာပိုင်ဆိုင်မှု အထောက်အထားမရှိပါ။

ချင်းပြည်နည်တောင်ပိုင်းကဲ့သို့ ချင်းပြည်နယ်မြောက်ပိုင်းတွင် ဝဥဈေးကွက် ဆက်လက်တိုးတက်လာပါက ဒေသခံများအတွက် သိသာသော ဝင်ငွေရင်းမြစ်သစ်တစ်ခုကို ပံ့ပိုးပေးနိုင်ရန် ကျေးရွာပိုင် လိုပီလ်မြေများတွင် လယ်သမားများမှ မြေယာရယူရေး လှုပ်ရှားမှုအသစ်တစ်ခု ဖြစ်လာနိုင်ခြေရှိပါသည်။ ထည့်သွင်း စဉ်းစားရမည့်အချက်တစ်ချက်မှာ သစ်တောဖုံးလွှမ်းမှုအောက်တွင်ရှိသော ထိုစိုက်ပျိုးသည့်ပုံစံမျိုးအတွက် မြေယာပိုင်ဆိုင်ခွင့်ကို ရယူရန် မည်သည့်ယန္တရားများကို တည်ဆောက်ရမည်နည်း။

## ■ ၆.၃ ။ သစ်တောများ၏အရေးကြီးကဏ္ဍ

ဓလေ့ထုံးတမ်းအရ မြေပိုင်ဆိုင်ခွင့်ကို အသိအမှတ်ပြုရေးနှင့်စပ်လျဉ်း၍ ပြန်လည်သုံးသပ်ရာတွင် သစ်တောအရင်းအမြစ်များကိုလည်း ထည့်သွင်းစဉ်းစားရန် အရေးကြီးပါသည်။ စင်စစ်တွင် စိုက်ရေးပျိုးရေး အသုံးပြုမှုများအတွက်သာ အလေးပေးဆောင်ရွက်လိုမှု ရှိလာခဲ့ပါသည်။ သို့သော် လုပ်ကွက်နှင့် အိမ်သုံးထင်းများမှစ၍ သစ်နှင့် မီးသွေးရောင်းချမှုအထိ ဒေသတွင်း အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို သစ်တောများမှ ရေရှည်ထောက်ပံ့ပေးနေကြောင်းကို လေ့လာသိရှိခဲ့ပြီးဖြစ်ပါသည်။ ဥအမျိုးမျိုးကဲ့သို့သော သစ်မဟုတ်သည့် သစ်တောထွက်ပစ္စည်းများသည် နွမ်းပါးသည့်အိမ်ထောင်စုများအတွက် မရှိမဖြစ်ဝင်ငွေရင်းမြစ်တစ်ခု ဖြစ်လာနေသည်။ သစ်တောများသည် ရေဝေရေလဲ ထိမ်းသိမ်းရန်အတွက်သဘာဝ ပတ်ဝန်းကျင်ဆိုင်ရာ အရေးကြီးသောအခန်းကဏ္ဍမှ ပါဝင်သည်။ ၎င်းတို့သည် ကာကွယ်ထားသော "မြေနေရာလွတ်" အဖြစ်နှင့် လိုအပ်ချက်အသစ်များမပေါ်ပေါက်လာခင် အခြားသော အသုံးချမှုမျိုးအတွက် ထိန်းသိမ်းထားသည့်နေရာတစ်ခု ဖြစ်လာနိုင်ခြေရှိသည်။ Baird ရေးသားထားသည့် လာအိုနှင့် ကမ္ဘောဒီးယားရှိ မြေယာမှတ်ပုံတင်လုပ်ငန်းအစီအစဉ်နှင့် နှိုင်းယှဉ်လျှင် ကမ္ဘောဒီးယားနိုင်ငံ မြေယာပိုင်ဆိုင်ခွင့်များ၏ အဓိကအတားအဆီးများထဲမှ တစ်ခုမှာ သက်ဆိုင်ရာကျေးရွာ လူထုသည် သစ်တောထွက်အရင်းအမြစ်များပေါ်တွင် အလွန်အမင်း မှီခိုနေရသော်လည်း ယင်းတို့၏ ပိုင်ဆိုင်ခွင့်များတွင် သစ်တောများကို ပိုင်ဆိုင်နိုင်ရန် ထည့်သွင်း ပြဌာန်းထားခြင်းမရှိကြောင်း ပြောဆိုထားသည်။

## ■ ၆.၄ ။ ဓလေ့ထုံးတမ်းဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို တရားဝင် အသိအမှတ်ပြုနိုင်ရန် အခက်အခဲများနှင့် ရှုပ်ထွေးမှုများ

ဒေသခံများ၏ မြေယာလက်လှမ်းမီမှုနှင့် အသုံးပြုလုပ်ကိုင်ခွင့်များကို ကာကွယ်ရန် အလို့ငှာ CLS ကို တရားဝင်အသိအမှတ်ပြုခြင်းသည် အလွန်ပင်အရေးကြီးပါသည်။ အဘယ် ကြောင့်ဆိုသော် လူကုံထံများ/ပြင်ပလူများမှ အရင်းအမြစ်များသိမ်းယူခြင်းကို ထိန်းမထားနိုင် သည့် ပြောင်းလဲနေသော အခြေအနေတစ်ရပ်ကြောင့်ပင် ဖြစ်သည်။

*အထက်ပါ မြေယာအသုံးပြုမှုများနှင့် အရင်းအမြစ်အမျိုးအစားများအားလုံးအတွက် လက်ရှိချမှတ်ထားသော ယန္တရားများသည် ရပ်ရွာလူထု၏ လိုအပ်ချက်များကို ဖြေရှင်းနိုင်မှုမရှိပေ။*

- မြေယာအသုံးပြုလုပ်ကိုင်ခွင့်လက်မှတ် (ပုံစံ ၇) သည် လယ်ယာမြေများအဖြစ် သတ်မှတ်ပြီးသားဖြစ်သော မြေအမျိုးအစားကိုအသိအမှတ်ပြု မှတ်ပုံတင်ထား ခြင်းဖြစ်ပါသည်။ သို့သော် လပ်မြေများကို မပါဝင်စေဘဲ (ဆန်စပါး၊ သစ်သီးခြံ စသည့်) တို့အတွက်အသုံးပြုရန်သာ သတ်မှတ်ပေးထားပါသည်။ ထို့အပြင် ပုံစံ ၇ သည် ရောင်းချခွင့်၊ ပေါင်နှံခွင့် နှင့် ငှားရမ်းခွင့်အစရှိသည့် လုပ်ပိုင်ခွင့်များကို ပေးအပ်ထားသဖြင့် ဒေသခံလူထုမှ မြေယာများကို ရပ်ရွာအတွင်းထိန်းချုပ်မှု ပိုမိုအားကောင်းစေရန် မတူညီသော ပြဌာန်းချက်များကို ပါဝင်စေလိုမည်ဖြစ် ပါသည်။ ဥပမာအားဖြင့် - ကျေးရွာတွင်မနေထိုင်သောသူများ သို့မဟုတ် ပြင်ပမှ ဝင်ရောက်လာသူများလက်ထဲသို့ မြေယာများမရောက်ရှိစေရန် တိုးမြင့်လာသော လူမှုအဆင့်အတန်းမတူညီမှုများကို ရှောင်ရှားရန်အတွက် မြေယာရောင်းချမှုကို ကျေးရွာ၏ ဓလေ့ရိုးရာ အဖွဲ့အစည်းများမှ ဆက်လက်ထိန်းသိမ်းထားရန် ဒေသခံ များက လိုလားတောင့်တမည် ဖြစ်သည်။
- အခြားတစ်ဘက်တွင်မူ မြေယာများကို ဒေသခံပြည်သူပိုင် အစုအဖွဲ့ပိုင်သစ်တော လက်မှတ်များဖြင့်လည်း မှတ်ပုံတင်နိုင်ပါသည်။ သို့သော် စီမံအုပ်ချုပ်သည့် ရှုထောင့်မှ ကြည့်လျှင် အဆိုပါလုပ်ငန်းစဉ်သည် ယနေ့အချိန်အထိ အလွန် နှေးကွေးပြီး NGO ၏ စဉ်ဆက်မပျက်ထောက်ပံ့ကူညီမှုမရှိပါက ရပ်ရွာနေ ပြည်သူ များအတွက် လက်လှမ်းမီရန်ခက်ခဲပါသည်။ ချင်းပြည်နယ်မြောက်ပိုင်းတွင် ဒေသခံပြည်သူပိုင်အစုအဖွဲ့သစ်တော (CF) အနည်းငယ်သာရှိပါသည်။ ထို့အပြင် ၎င်းကို နှစ် ၃၀ သာ အသုံးပြုခွင့်ပေးထားပြီး ရွှေ့ပြောင်းတောင်ယာလုပ်ငန်းများ

ပုံ ၁၇ : ဆတ်တားကျေးရွာပိုင်နယ်မြေအတွင်း သစ်တောဧရိယာ



ကို သစ်တောအသုံးပြုမှု တစိတ်တပိုင်းအဖြစ် ထည့်သွင်းစဉ်းစားထားခြင်းမရှိပေ။ CF များကိုချဲ့ထွင်ရာတွင် ၄င်းမှာ လွတ်၊ လပ်၊ ရိုင်းမြေ (VFV) အမျိုးအစားအောက်တွင် ရှိနေသောအခါ မြေယာအမျိုးအစား သတ်မှတ်ခြင်းနှင့်စပ်လျဉ်း၍ (စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန နှင့် သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနတို့အကြားတွင်) အဖွဲ့အစည်းဆိုင်ရာလုပ်ထုံးလုပ်နည်းများတွင် စိန်ခေါ်မှုများစွာရှိနေပါသည်။

- လွတ်၊ လပ်၊ ရိုင်းမြေ ခွင့်ပြုချက်တွင် မွေးမြူရေး နှင့် စိုက်ပျိုးရေးကဲ့သို့သော စီးပွားဖြစ်ထွန်းသည့် စီမံကိန်းများအတွက်သာ အကျုံးဝင်ပါသည်။ ၎င်းတို့ကို ဒေသခံလူထုအတွက် အကျိုးပြုရန် စီစဉ်ရေးဆွဲထားခြင်းမျိုးမဟုတ်သော်လည်း ၄င်းတို့အနေဖြင့် အခွင့်အလမ်းတစ်ရပ်အနေဖြင့် လျှောက်ထားနိုင်ပါသည်။ သို့သော် ဥပဒေကို လတ်တလုံးခြား ပြုနေရခြင်းသည် ရေရှည်အတွက် သင့်လျော်မည်မဟုတ်ပေ။ ၂၀၁၈ ခုနှစ် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေး ပြင်ဆင်သည့်ဥပဒေတွင် ဓလေ့ထုံးတမ်းမြေယာကို လွတ်၊ လပ်၊ ရိုင်း မြေများ အဖြစ်မှ ချန်လှပ်ထားရန် ပြဋ္ဌာန်းထားပါသည်။ သို့သော်လည်း လတ်၊ လပ်၊ ရိုင်း မြေများ စီမံခန့်ခွဲသော ပြင်ဆင်သည့်ဥပဒေတွင် ဓလေ့ထုံတမ်းမြေယာအသုံးချမှုအောက်တွင် မည်သည့်မြေယာများပါဝင်သည်ကို ရှင်းလင်းစွာ ဖော်ပြထားခြင်းမရှိပေ။ ထို့အပြင် ခွင့်ပြုချက်များသည် နှစ် ၃၀ အတွက်သာဖြစ်ပြီး၊ လွှဲပြောင်း၍လည်း မရနိုင်ပေ။ သို့သော်လည်း သုံးနှစ်ဆက်တိုက် စိုက်ပျိုးပြီးသောအခါ လွတ်၊ လပ်၊ ရိုင်း မြေများကို လယ်ယာမြေအဖြစ် ပြောင်းလဲနိုင်ကြောင်း ဥပဒေတွင် ပြဋ္ဌာန်းထားပါသည်။ သို့သော် ဤလုပ်ငန်းစဉ်မှာ လက်တွေ့တွင် စိန်ခေါ်မှုများစွာ ရှိနေပါသည်။

*CLS ကို တရားဝင်အသိအမှတ်ပြုရာတွင် အောက်ပါအချက်များအပေါ် ဂရုတစိုက် အလေးထားစဉ်းစားသင့်ပါသည်။*

*လိုက်လျောညီထွေသော ပြောင်းလဲမှုအတွက်ရပ်ဝန်းတစ်ခုလိုအပ်ပါသည်*

သမိုင်းကြောင်းအရ ဓလေ့ထုံးတမ်းမြေယာလုပ်ပိုင်ခွင့်စနစ်တွင် အလေ့အကျင့်များနှင့် စံနှုန်းများကို ပုံသေသတ်မှတ်ထားခြင်းမရှိပေ။ ဒေသတွင်း လူမျိုးနွယ်စုဇဟိုထားကာ ချဉ်းကပ်လေ့လာသောအခါတွင် ဓလေ့ထုံးတမ်းစနစ်မှာ မတူကွဲပြားမှု နှင့် ပြောင်းလဲနေသော အခြေအနေများတွင် လိုက်လျောညီထွေရှိကြောင်း တွေ့ရှိရပါသည်။ သဘာဝအရင်းအမြစ် စီမံခန့်ခွဲခြင်း

နှင့်သက်ဆိုင်သည့် အရင်းအမြစ်ပြမြေပုံ ရေးဆွဲခြင်းနှင့် လူထုပူးပေါင်းပါဝင်သော သုံးသပ်ခြင်းဖြင့် (တိရိစ္ဆာန်မွေးမြူရေးနှင့် အမြဲတမ်းစိုက်ပျိုးရေးတို့ကြားရှိ လက်ရှိဖြစ်ပေါ်နေသော ပဋိပက္ခကို ဖြေရှင်းခြင်းကဲ့သို့သော) အချို့အရေးကြီးပြဿနာရပ်များကို ကျေးရွာမှ ဖြေရှင်းနိုင်ရန် ကူညီပေးနိုင်သော်လည်း အခက်အခဲအချို့လည်းရှိနေနိုင်ပါသည်။ ပထမဦးစွာအနေဖြင့် သမားရိုးကျ စီရင်ချက်များနှင့် မြေပုံရေးဆွဲခြင်းလုပ်ငန်းစဉ်သည် (ပြောင်းလဲမှုမရှိဘဲ) တည်ငြိမ်နေသည့် အခြေအနေတွင် ဖြစ်ပေါ်နေသော ပိုင်ဆိုင်ခွင့်နှင့်စပ်လျဉ်းသည့် သတင်းအချက်အလက်များကို မှတ်တမ်းတင်ခြင်းသာဖြစ်ပြီး မြေပိုင်ဆိုင်ခွင့်၊ မြေတန်ဖိုးနှင့် မြေအသုံးပြုမှုတို့နှင့်စပ်လျဉ်း၍ လူ့အဖွဲ့အစည်းတစ်ခုအတွင်း ဖွံ့ဖြိုးတိုးတက်မှုများကြောင့်ဖြစ်လာသည့် အပြောင်းအလဲများကို ထည့်သွင်းစဉ်းစားခြင်းမျိုး မဟုတ်ပေ။ ထို့ကြောင့် ယင်းသည် ပြုလွယ်ပြင်လွယ်ရှိခဲ့သောစနစ်ကို ရပ်တန့်သွားစေနိုင်သည် (Arko-Adjei 2009)။ ထို့ကြောင့် စိုက်ပျိုးရေးအလေ့အကျင့်သစ်များနှင့် မြေယာအသုံးပြုမှုပုံစံအသစ်များကို လိုက်နာကျင့်သုံးနိုင်စေသော ကျေးရွာမြေပိုင်ဆိုင်နိုင်စွမ်းကို နှောင့်နှေးစေပါသည်။ လေ့လာခဲ့သည့်ကျေးရွာများတွင် တွေ့ရှိခဲ့သကဲ့သို့ပင် လိုပီလ် (lopil) များကို ပေါင်းလိုက်ခြင်း၊ ခွဲလိုက်ခြင်း၊ အမြဲတမ်းစိုက်ပျိုးမြေယာများအဖြစ် ပြောင်းလဲခြင်း၊ (ဥပမာအားဖြင့် ကျေးရွာကို ရွှေ့ပြောင်းလိုက်သောအခါတွင်) အလှည့်ကျကာလများနှင့် စပ်လျဉ်းသည့် စည်းကမ်းများပြောင်းလဲခြင်းတို့ ပြုလုပ်နိုင်ပါသည်။

### *ရှုပ်ထွေးနေသောအခွင့်အရေးများနှင့် မတူညီသောလုပ်ပိုင်ခွင့်စနစ်များကိုပေါင်းစည်းခြင်း*

ချင်းအသိုင်းအဝန်းတွင် ခလေ့ထုံးတမ်းအရစိုက်ပျိုးသော စိုက်ပျိုးမြေများနှင့် စပ်လျဉ်း၍ ရွှေ့ပြောင်းတောင်ယာ ပိုင်ဆိုင်လုပ်ကိုင်ခွင့်သည် မြေယာစီမံခန့်ခွဲမှုနှင့်ပတ်သက်ပြီး အများစုနှင့် တစ်ဦးချင်းစီတို့၏ အပ်နှင်းခြင်း၊ လွှဲပြောင်းခြင်းနှင့် အခြားအခွင့်အရေးမျိုးမျိုးတို့အား တောင်းဆိုချက်များကြား ရှုပ်ထွေးသော စနစ်တစ်ခုဖြစ်ပါသည်။ လက်တွေ့တွင် မြေယာများကို မှတ်ပုံတင်ခြင်း ပြုလုပ်သောအခါ အများအားဖြင့် ဘောင်တစ်ခုကန့်သတ်၍[15] ပိုင်ဆိုင်ခွင့်ရရှိရန်သာ စဉ်းစားကြလေ့ရှိပါသည်။ အခွင့်အရေးအမျိုးမျိုး ရောယှက်နေသော စနစ်တစ်ခုတွင် ပိုင်ဆိုင်သူတစ်ဦးအားမှတ်ပုံတင်စေခြင်းမှာ အခြားသူများ၏ အခွင့်အရေးကို ထိခိုက်စေနိုင်ပြီး အဆိုပါအဆင့်တွင် ရှိသော အခွင့်အရေးများကို သတိထားရသည့် သဘောပင်ဖြစ်သည် (Lavigne Delville 2013)။ ဥပမာအားဖြင့် အမွေရအကွက်များ (လိုမွန်) သည် ကျေးရွာမှစီမံခန့်ခွဲသည့်စနစ်တစ်ခုတွင် ပါဝင်နေသော်လည်း တစ်ဦးချင်း အသုံးပြုလုပ်ကိုင်ခွင့်ရှိသည်။ ထို့ကြောင့်ပင် CLS

15 သို့သော် ချွင်းချက်များရှိနေသည်။ မိုဇမ်ဘစ်ကဲ့သို့အခြေအနေတွင် အချို့သော အစပျိုးလုပ်ဆောင်မှုများသည် ဒေသတွင်းစွမ်းဆောင်ရည်မြှင့်တင်ရေးကို အလေးထားအာရုံစိုက်ခြင်းဖြင့် တရားဝင်ဖြစ်အောင်ပြုလုပ်ခြင်းကို ပိုမိုကျယ်ပြန့်သောပုံစံဖြင့် လုပ်ဆောင်ခဲ့သည်။ (Norkolk 2017)

တရားဝင် အသိအမှတ်ပြုရာတွင် ထိုအခွင့်အရေးများမထိခိုက်စေရန် အထူးဂရုမူပြီး စီစဉ် ဆောင်ရွက်ရန် လိုအပ်ပါသည်။

မြေယာအသုံးပြုလုပ်ကိုင်ခွင့်နှင့် စပ်လျဉ်း၍ ကျေးရွာနယ်မြေအတွင်း စီမံခန့်ခွဲသော နယ်မြေများ - ဥပမာ စုပေါင်းပိုင်ဆိုင်လုပ်ကိုင်သည့် ရွှေ့ပြောင်းတောင်ယာနှင့် တစ်ဦးချင်းပိုင် လေ့ကားထစ်စပါးစိုက်ခင်းများအား ခွဲခြားပြီးစဉ်းစားမည်ဆိုလျှင် မြေယာကိုအသုံးပြုသူများ၏ အခွင့်အရေးများကို တရားဝင်အသိအမှတ်ပြုရာတွင် ရှိနိုင်ခြေအကျိုးကျေးဇူးများကို နှောင့်နှေးစေနိုင်သည်။ (Ewers Anderson 2015) မြေစာရင်းမှတ်ပုံတင်စနစ်ဖြင့် ဓလေ့ရိုးရာမြေယာ အသုံးပြုလုပ်ကိုင်ခွင့်များကို တရားဝင်အသိအမှတ်ပြုရန် မြေယာမဏ္ဍိုင်အဖွဲ့ (LCG) မှ ပြုလုပ်သော ရှေ့ပြေးစမ်းသပ်လေ့လာမှုကို ပြန်လည်သုံးသပ်ရာတွင် လိုအပ်နေသည့်အချက်မှာ ရွှေ့ပြောင်းတောင်ယာစိုက်ပျိုးခြင်းနှင့် သက်ဆိုင်သည့် ကျေးရွာတွင်း စည်းမျဉ်းစည်းကမ်းနှင့် လုပ်ထုံးလုပ်နည်းများကို ချမှတ်ရန်အတွက်သာ ထည့်သွင်းစဉ်းစားသည့်အချက် ဖြစ်ပါသည် (ဥပမာ - ဟားခါးမြို့အနီးရှိ ချွန်းကျုံးကျေးရွာ)။

"တောင်ပေါ်ဒေသရှိစိုက်ပျိုးရေးလုပ်ငန်းတွင် ရေသွင်းစပါးစိုက်ခင်း၊ သီးနှံဥယျာဉ်ခြံနှင့် လှေကားထစ် စပါးစိုက်ခင်းများကို စုပေါင်းစီမံခန့်ခွဲသောစနစ်အတွင်းမပါဝင်သင့်ပေ။ မြို့နယ်ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန (ယခု လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန)၏ ညွှန်ကြားချက်အရ ၎င်းမြေများအား လယ်ယာမြေ ဥပဒေအရ မှတ်ပုံတင်ရမည် (Ewers Adnderson 2015:87)"

ထပ်မံဖော်ပြရသော် ချွန်းကျုံးရွာ၏ စည်းမျဉ်းစည်းကမ်းများနှင့် စိုက်ပျိုးရေးဆိုင်ရာ အပြောင်းအလဲများသည် အမြဲတမ်းစိုက်ပျိုးရေးစနစ်ဆီသို့ ဦးတည်ပြောင်းလဲလျက်ရှိပြီး စုပေါင်းစီမံသော တောင်ပေါ် (လိုပီလ်)များအား လုံးနီးပါးကို အမြဲတမ်းစိုက်မြေကွက်များအဖြစ် ပြောင်းလဲနိုင်ခဲ့သည်။ ချွန်းကျုံးရွာ၏ စည်းမျဉ်းစည်းကမ်းများတွင် မိမိတို့ပိုင်ဆိုင်သည့်မြေကွက်များမှ ကျောက်ထုတ်ယူခြင်း (ကျောက်၊ ကျောက်စရစ် နှင့် သဲ) ကဲ့သို့သော မြေယာအခြေပြု တန်ဖိုးရှိ အရင်းအမြစ်များကို "မြေပိုင်ရှင်များ" အားထုတ်ယူရန်ခွင့်ပြုထားပြီး၊ လိုပီလ်များတွင် "ကျပန်းရွေးချယ်သည့် နည်းလမ်းဖြင့် မြေယာအသုံးပြုခွင့်ရှိသူများအား ထုတ်ယူရန်တားမြစ်သည့် စာပိုဒ်တစ်ပိုဒ်ပါဝင်သည် (Ewers Anderson 2015- 87)။ သို့သော်လည်း အမွေဆက်ခံထားသောမြေကို စီမံခန့်ခွဲသည့်စနစ်တွင်မှု အမြဲတမ်းစိုက်မြေကွက်များကို ဆက်ခံသူထံ အမွေပေးခြင်း သို့မဟုတ် ရောင်းချခြင်းများ ပြုလုပ်နိုင်ပေသည်။ ယင်းကို (ကျောက်ထုတ်ယူခြင်းအပါအဝင်) အခြားမည်သည့် မြေယာအသုံးပြုလုပ်ကိုင်မှုမျိုးတွင်မဆို အသုံးချနိုင်သည်။

ဤနည်းလမ်းအားဖြင့် "အဖိုးတန်သော" မြေယာများသည် ကျေးရွာ၏ စီမံခန့်ခွဲမှုမူဘောင်မှ လွတ်ကာ ပြင်ပမှဝင်ရောက်လာသူများ၏ အကျိုးကို ဖြစ်ထွန်းစေနိုင်သည်။

ထို့ကြောင့်ပင် အချို့သော မြေယာအသုံးပြုမှုများကို အစိုးရ၏မြေယာမူဘောင်များ အောက်သို့ သွတ်သွင်းခြင်း မပြုဘဲ အခြားသောမြေယာအသုံးပြုမှုများနှင့် ဆက်စပ်အခွင့် အရေးများသည် ဓလေ့ထုံးတမ်းစနစ်တစ်ခုနှင့် ပိုမိုကိုက်ညီနိုင်သည်ဟု ထည့်သွင်းစဉ်းစားလျက် ဟားခါးချင်းကျေးရွာများ၏ မြေယာပိုင်ဆိုင်ခွင့်ကို ရယူရာတွင် ပေါင်းစပ်နည်းလမ်းတစ်ခုဖြင့် လုပ်ဆောင်ရန်အရေးကြီးသည်။ အကျိုးအမြတ်များကို ခွဲဝေရာတွင် ဒေသခံလူထုအားလုံး အတွက် သာတူညီမျှရှိစေရန်အတွက်သာမက ပျက်စီးနေပြီးဖြစ်သော မြေအနေ အထားများ အား ကာကွယ်ရန်အတွက်ပါ ရည်ရွယ်၍ (သစ်၊ ထင်းသစ် နှင့် သတ္တုတွင်းသုံးကျောက်စသည့်) စီးပွားရေးအရပိုအဖိုးတန်သော အရင်းအမြစ်များကို ကျေးရွာအခြေပြုမူဘောင်တစ်ခုအတွင်း ပေါင်းစပ်ထည့်သွင်းထားသင့်ပါသ ည်။ ထိုသို့လုပ်ဆောင်ပြီးမှသာ ဒုတိယအဆင့်အနေဖြင့် အစိုးရ၏မြေယာမူဘောင်အတွင်းတွင် (ရပ်ရွာအလိုက်ဖြစ်စေ၊ တစ်ဦးချင်းဖြစ်စေ) စုပေါင်း မြေယာပိုင်ဆိုင်ခွင့်ကို တရားဝင်အသိအမှတ်ပြုရန် လုပ်ဆောင်သင့်ပါသည်။

### *နည်းလမ်းအမျိုးမျိုးဖြင့် အသုံးပြုနိုင်သော မြေယာအမျိုးအစားများကို အသိအမှတ်ပြုခြင်း*

နောက်ဆုံးအနေဖြင့် ရွှေ့ပြောင်းတောင်ယာတွင် စိုက်ပျိုးမြေကွက်များအပြင် လုပ်မြေများပါ ပါဝင်သော အလှည့်ကျသုံးသည့် စနစ်တစ်ခုအဖြစ်နားလည်ထားသင့်သည်။ လုပ်မြေများသည် လက်တွေ့တွင် စိုက်ပျိုးလုပ်ကိုင်ရန် "လမ်းဖွင့်"ပေးထားသော လိုပီလ်မြေကွက်များမှ ထုတ်ကုန်အမျိုးမျိုးကို ထုတ်ယူနိုင်သည့်အပြင် အသက်မွေးဝမ်းကျောင်း လုပ်ငန်းများအတွက် သိသာထင်ရှားစွာ အထောက်အကူ ဖြစ်စေနိုင်သော အသုံးပြုနည်းပေါင်း များစွာရှိသည့် နေရာတစ်ခုပင်ဖြစ်သည်။ လုပ်မြေများသည် မွေးမြူထားသောတိရိစ္ဆာန်များအတွက် စားကျက်မြေများဖြစ်ခြင်း၊ အိမ်သုံးအတွက် သစ်နှင့် ထင်းများရရှိနိုင်ခြင်း နှင့် ရောင်းချရန်ဖြစ်စေ အိမ်ထောင်စုအတွက် စားသုံးမှုကိုဖြည့်ဆည်းပေးနိုင်သည့် အသုံးဝင်သော သစ်မဟုတ်သည့် သစ်တောထွက်ထုတ်ကုန်အမျိုးမျိုးစသည်တို့ကိုလည်း ထုတ်ယူနိုင်ပါသည်။ လုပ်မြေများကို လယ်ယာမြေဥပဒေ (၂၀၁၂) အရ တရားဝင်လယ်ယာမြေအမျိုးအစား တစ်ခုအဖြစ် အသိအမှတ်ပြုထားခြင်း မရှိသည့်အပြင် ပြန်းဥပဒေများရှိ အဓိက ဥပဒေရေးရာအရ အတားအဆီးတစ်ခုမှာ မြေဧရိယာတစ်ခုအတွက် အသုံးပြုမှုတစ်ခုသာရှိသည်ဟု အသိအမှတ် ပြုထားခြင်းခြင်းဖြစ်ပါသည်။

## *ကျေးရွာ၏ဘုံပိုင်မြေများကိုအသိအမှတ်ပြုခြင်းဆိုင်ရာအတွက် သင့်လျော်သောယူနစ်များကိုသတ်မှတ်ခြင်း*

ဒေသခံပြည်သူများနှင့် ၎င်းတို့၏ အဖွဲ့အစည်းများ (ရွာလူကြီးများကောင်စီ နှင့်/သို့မဟုတ် မျိုးနွယ်စု ကိုယ်စားလှယ်များ၊ သို့မဟုတ် ကျေးရွာအုပ်ချုပ်ရေးမှူး) မှ မြေယာများ နှင့် သဘာဝအရင်းအမြစ်များကို အသုံးပြုပြီး စီမံခန့်ခွဲနေသော ဒေသတွင်းနယ်နမိတ်များနှင့် ဆက်နွယ်နေသည့် ကျေးရွာမြေပိုင်ဆိုင်ခွင့် ခေါင်းစဉ်တစ်ခုအောက်တွင် အခွင့်အရေးများစွာ ရှိနေသည်။ ဟားခါးချင်းလူမျိုးများတွင် အဆိုပါနယ်မြေအား ရံဖန်ရံခါတွင် ကျေးရွာနယ်မြေနှင့် သက်ဆိုင်လေ့ရှိပါသည်။ အဆိုပါ ပိုင်နက်နယ်နမိတ်များသည် အချိန်ကြာသည်နှင့်အမျှ ချယ်လှယ်ခံခဲ့ကြရပြီး၊ ရံဖန်ရံခါတွင် ပြောင်းလဲကောင်းပြောင်းလဲနိုင်သော်လည်း၊ ရည်ညွှန်းစရာ ပင်မနယ်နမိတ်အမှတ်အသားတစ်ခုအဖြစ် ဆက်လက်တည်ရှိနေပါသည်။ စင်စစ်တွင် ကျေးရွာပိုင်နယ်နမိတ်သည် လူမှုအဖွဲ့အစည်းများ၏ နယ်နမိတ်ဖော်ပြချက်များနှင့် နီးစပ်ဆက်နွယ်လျက်ရှိပါသည်။ ထို့ကြောင့်ပင် မြေယာပိုင်ဆိုင်ခွင့်ကို တရားဝင်အသိအမှတ်ပြုရာတွင် ကျေးရွာအဆင့်တွင် တိုက်ရိုက်သက်ဆိုင်မှုရှိပြီး အခြားကျေးရွာများနှင့်ဆက်စပ်မှုများကို ထည့်တွက်ရန် လိုအပ်ပေသည်။ အမှန်တကယ်တွင် ကျေးရွာအဆင့် မြေယာပိုင်ဆိုင်ခွင့်ကို လက်ရှိကျေးရွာများတွင် နေထိုင်သူ အိမ်ထောင်စုများနှင့် ပြင်ပမှဝင်ရောက်လာသူများ၏ အခြေချနေထိုင်မှုများသည် ကျေးရွာသစ်များတည်ခြင်းကလည်း သက်ရောက်နိုင်သည်။ ကျေးရွာအုပ်စုများစွာတွင် ကျေးရွာတစ်ရွာစီသာ (Bualtak, Mang Nu and Nipi), (Sakta, and Zathal), (Tiphul and Hairawn) or (Loklung and Li Chia) ပါဝင်သော်လည်း အချို့ကျေးရွာအုပ်စုများတွင်မူ ရွာပေါင်းများစွာပါဝင်ပါသည်။ အချို့ကို သီးခြား "နယ်နမိတ်" တစ်ခုအဖြစ် စီမံကြသော်လည်း အချို့ကိုမူ တူညီသောကျေးရွာအုပ်စုတစ်ခုအတွင်း ကိုယ်ပိုင်ကျေးရွာ "နယ်နမိတ်" တစ်ခုချင်းစီဖြင့် မြေယာကို စီမံအုပ်ချုပ်ကြသည် (ဥပမာ Sakta and Bualtak)။ ရေ၊ စားကျက်မြေများ နှင့် သစ်တောများစသည့် အရင်းအမြစ်အချို့ကို တစ်ခါတစ်ရံတွင် တစ်ခုထက်ပိုသော ကျေးရွာများမှ အသုံးပြုစီမံခန့်ခွဲကြကြောင်း ဤလေ့လာမှုမှတဆင့် တွေ့ရှိခဲ့ပါသည် (ဥပမာ Tiphul and Hairawn)။ ထို့ကြောင့်ပင် မြေယာပိုင်ဆိုင်ခွင့်ကို တရားဝင်အသိအမှတ်ပြုရာတွင် ကျေးရွာအဆင့်သည် သင့်လျော်သောယူနစ်တစ်ခုဖြစ်သော်လည်း အခြားကျေးရွာများနှင့် ပတ်သက်ဆက်စပ်မှုကို ထည့်သွင်းစဉ်းစားရန် လိုအပ်ပေသည်။

## *ပဋိပက္ခပုံစံသစ်များဖြစ်နိုင်ခြေကို ရှောင်ရှားခြင်း*

အထက်တွင်ဖော်ပြသကဲ့သို့ပင် ကျေးရွာအချို့၏ နယ်နမိတ်များသည် အခြား ကျေးရွာနယ်နမိတ်များနှင့် ဆက်စပ်လျက်ရှိသောကြောင့် ကျေးရွာတစ်ရွာချင်းစီနှင့် ကျေးရွာခွဲများ၏

နယ်မြေအမှန်ကို ကန့်သတ်ဘောင်ခတ်ရာတွင် ပဋိပက္ခများ ပေါ်ပေါက်နိုင်သည်။ အင်တာဗျူး တစ်ခုတွင် ကျေးရွာမြေပိုင်ဆိုင်ခွင့် နှင့် ဆက်စပ်စည်းမျဉ်းများကို တရားဝင်အသိအမှတ်ပြုရေးကို တိုင်ပင်ဆွေးနွေးချိန်၌ လူကြီးများနှင့် မျိုးနွယ်စုခေါင်းဆောင်များကအုပ်ချုပ်သောခေတ် သီးစား ချသည့် စနစ်သို့ ပြန်သွားလိုကြောင်း၊ ဗြိတိသျှတို့ သတ်မှတ်ခဲ့သည့် နယ်နမိတ်များအတိုင်း အခြား ကျေးရွာများအပါအဝင် ၎င်းတို့၏နယ်မြေအပေါ် အုပ်ချုပ်ခွင့်အချုပ်အခြာ ရှိစေလိုကြောင်း ဖော်ပြခဲ့ကြသည်။ ဤအခြေအနေကို ကြည့်ခြင်းအားဖြင့် မည်သည့် CLS များကိုမဆို တရားဝင် အသိအမှတ်မပြုလုပ်ခင်တွင် ကြိုတင်၍ မြေယာနှင့် အရင်းအမြစ်များနှင့် ချိတ်ဆက်နေသော လက်ရှိတင်းမာမှုများကို ပြန်လည်သုံးသပ်ပြီး၊ ပဋိပက္ခဖြေရှင်းရေးအစီအစဉ်များကို ပံ့ပိုးရန် လို အပ်သည်။ ဤသို့လုပ်ဆောင်ရာတွင် မတူညီသော အခြေချနေထိုင်မှုသမိုင်းကြောင်းများရှိသည့် တိုင်းရင်းသားလူမျိုးစုများ၊ လူမျိုးစုအခွဲများနှင့် ဆက်ဆံရာတွင် ၎င်းအချက်များကိုထည့်သွင်း စဉ်းစားရန် ပို၍ပင် အရေးကြီးပါသည်။ ယင်းတွင် မှန်ကန်သော သတင်းအချက်အလက်များ စုဆောင်းခြင်း နှင့် သဘောထားဆန္ဒခံယူခြင်း၊ အိမ်နီးချင်းကျေးရွာများနှင့် နယ်နမိတ်ကို တိတိကျကျသတ်မှတ်ခြင်း၊ နှင့် ကန့်ကွက်ခြင်းအတွက် တိကျသောအစီအစဉ်များချမှတ်ခြင်းကဲ့ သို့သော အခြေခံလုပ်ထုံးလုပ်နည်းများ ပါဝင်သည်။ သို့သော် လက်ရှိတွင် မရှိသေးသည့် အချို့သော (ဥပမာအားဖြင့် မြို့နယ်အဆင့်တွင် ရှိသော) ပဋိပက္ခဖြေရှင်းရေးအဖွဲ့အစည်းများ ကိုလည်း လိုအပ်ကောင်းလိုအပ်နိုင်သည်။

ပဋိပက္ခဖြစ်နိုင်ခြေများကို လျှော့မတွက်သင့်ပေ။ Cooperation International pour le Developpement st la solidarite (CIDSE) ၏ ကျေးရွာပိုင်မြေအမည်ပေါက်ပိုင်ဆိုင်ခွင့်ဆို င်ရာ အတွေ့အကြုံမှဖော်ပြနေသည်မှာ ဦးတည်ကျေးရွာများတွင် ဖြစ်ပွားသော ပဋိပက္ခအများစု မှာ (ပြဿနာများ၏ ၃၈ %) နယ်နမိတ်အငြင်းပွားမှုများဖြစ်ပြီး "နယ်နမိတ်သတ်မှတ်ရန် ကနဦးလုပ်ဆောင်ချက်များ အရေးကြီးကြောင်း" အကြံပြုထားပါသည် (Ling and Scurrah 2017 - 25)။ အဆိုပါ လုပ်ဆောင်ချက်များတွင် မြေယာအသုံးပြုမှု၊ စီမံခန့်ခွဲမှုနှင့်စပ်လျဉ်းသည့် ဖြစ်နိုင်ခြေအမျိုးမျိုးကို ရပ်ရွာလူထုအား ရှာဖွေဖော်ထုတ်စေသည့် "PLUP fiction" နည်းလမ်း ဖြင့် သာဓကပြထားသကဲ့သို့ပင် ညှိနှိုင်းဆွေးနွေးမှုပြုရန် အခွင့်အလမ်းများပေးခြင်းလည်း ပါဝင် နိုင်သည်။

အချုပ်ဆိုရသော် ဓလေ့ရိုးရာမြေပိုင်ဆိုင်ခွင့်စနစ် (CLS) ကို တရားဝင် အသိ အမှတ်ပြုရာတွင် -

၁) ပိုင်ဆိုင်ခွင့်များကို မှတ်တမ်းပြုစုခြင်း နှင့် စာရင်းသွင်းခြင်း

၂) လူတစ်ဦးစီနှင့်ဆိုင်သော အခွင့်အရေးများကို စာရင်းသွင်းရန် ရည်ရွယ်ချင်းမျိုး

မဟုတ်ဘဲ CLS အောက်ရှိ အခွင့်အရေးများ၏ သဘောသဘာဝကို မှတ်တမ်းပြုစုခြင်း

၃) ကျေးရွာချင်း အပြန်အလှန်ချိတ်ဆက်နေသော အစီအမံများကို မှတ်တမ်းပြုစုခြင်း

၄) ပြုလွယ်ပြင်လွယ် လိုက်လျောညီထွေပြုလုပ်နိုင်သည့် အခြေအနေတစ်ရပ် ဖန်တီးပေးခြင်း နှင့်

၅) ပဋိပက္ခများကိုသတိပြုခြင်း၊ သဘောထားဆန္ဒခံယူရန်အစီအမံထားရှိခြင်း၊ ညှိနှိုင်းဆွေးနွေးခြင်း နှင့် ပဋိပက္ခများဖြေရှင်းရန် ယန္တရားများ တည်ဆောက်ခြင်းတို့ ပါဝင်သင့်သည်။

## ■ ၆.၅။ ချင်းလူမျိုးများ၏ မြေယာပိုင်ဆိုင်ခွင့်ကိုခိုင်မာစေရန် အခြားနည်းလမ်းဖြင့်ချဉ်းကပ်ခြင်း

ချင်းပြည်နယ်အဆင့်တွင်သာမက နိုင်ငံတော်အဆင့်ထိပါ ပြန်လည်သုံးသပ်ပါက သက်ဆိုင်ရာစီမံအုပ်ချုပ်ရေး အဖွဲ့များ (ကျေးရွာ နှင့် ကျေးရွာအချင်းချင်း) နှင့် မြေယာအမျိုးအစားအသီးသီး နှင့် အရင်းအမြစ်များကို အသုံးပြုမှု အစရှိသည့် ဓလေ့ထုံးတမ်းအရ မြေယာပိုင်ဆိုင်လုပ်ကိုင်ခွင့်စနစ်များ၏ အသေးစိတ်အချက်အလက်များကို ထည့်သွင်း စဉ်းစားရန် အရေးကြီးပါသည်။ စည်းမျဉ်းနှင့်လုပ်ထုံးလုပ်နည်းများကို ရေးဆွဲချမှတ်ခြင်းနှင့် စနစ်ကျသော ကျေးရွာ နယ်နမိတ်မြေပုံ ရေးဆွဲခြင်းတို့သည် ချင်းပြည်နယ်အနှံ့နှင့် တစ်နိုင်ငံလုံးအနေဖြင့် မတူကွဲပြားသော ဓလေ့ထုံးတမ်းအရ မြေပိုင်ဆိုင်မှုစနစ်အမျိုးမျိုးကို ထည့်သွင်းစဉ်းစားသည့်အခါတွင် အထူးသဖြင့် ငွေကုန်ကြေးကျများပြီး ကျယ်ပြန့်လွန်းပါသည်။ ကမ္ဘောဒီးယား၏ ကျေးရွာဘုံပိုင်မြေများကို မှတ်ပုံတင်ခြင်းလုပ်ငန်း အတွေ့အကြုံသည် ဤနည်းလမ်းပေါ်တွင် အခြေခံထားခြင်းဖြစ်ပြီး၊ ၎င်းကို အကောင်အထည်ဖော်ရာတွင်[16] အဆင့်တိုင်း၌ ကြုံတွေ့ရသော အခက်အခဲ စိန်ခေါ်မှုများကြောင့် အဓိကကျသည့် လုပ်ငန်းစဉ် မဖြစ်လာသေးပေ။ လူများ၏ မြေယာ

16 ကျေးရွာပိုင်မြေယာအမည်ပေါက်ပိုင်ဆိုင်ခွင့်နှင့်စပ်လျဉ်းသည့် ၂၀၀၁ မြေယာဥပဒေ နှင့် ၂၀၀၉ ဆင့်ပွားဒီခရီအရ၊ ကျေးရွာအဖွဲ့အစည်း ၁၉ ခု ( အိမ်ထောင်စုပေါင်း ၁၇၈၄ စု) သာ ဤလုပ်ငန်းစဉ်ကို ပြီးမြောက်၍ (မြေယာစီမံခန့်ခွဲရေး၊ မြို့ပြစီမံကိန်းရေးဆွဲရေး နှင့် ဆောက်လုပ်ရေး ဝန်ကြီးဌာန) ၁၆၂၇၁ ဟက်တာပါဝင်သော မြေပိုင်ဆိုင်ခွင့်ကို ရရှိခဲ့သည်။ ထိုသို့ရရှိရန် ရပ်ရွာများသည် အလွန်ခက်ခဲသော လုပ်ငန်းစဉ်များကို ပြုလုပ်၍ ဦးစွာ ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၏ ဒေသခံတိုင်းရင်းသားများအဖြစ် အသိအမှတ်ပြုမှု နှင့် ဒုတိယအနေဖြင့် ပြည်ထဲရေးဝန်ကြီးဌာန၏ အသိအမှတ်ပြုမှုကို လိုအပ်ပေသည်။ (Baird 2013)

နှင့် ဆက်စပ်အရင်းအမြစ်များအား လက်လှမ်းမီအသုံးပြုခွင့်ကို ကာကွယ်ရန်အလို့ငှာ ဦးစားပေးလုပ်ဆောင်ရန် အကောင်းဆုံးသည် ပြဿနာကို အခြားနည်းဖြင့် ကိုင်တွယ်ဖြေရှင်းခြင်းဖြစ်သည်ဟူသော အချက်ပေါ်တွင် တွေဝေသံသယများရှိနေနိုင်ပါသည်။ မြေယာနှင့် အရင်းအမြစ်များအပေါ် ပိုင်ဆိုင်ခွင့်တစ်ခုချင်းစီတိုင်းကို တရားဝင်ပြုလုပ်မည့်အစား၊ ပိုမိုထိရောက်သော ချဉ်းကပ်နည်းလမ်းတစ်ခုမှာ မြေယာများကို ကာကွယ်ရန်အတွက် ခိုင်မာသော လုပ်ထုံးလုပ်နည်းတစ်ရပ်ကို သတ်မှတ်ရန် ကြိုးစားခြင်းပင် ဖြစ်ပေလိမ့်မည်။ သို့မှသာ ပြင်ပရည်ရွယ်ချက်များအတွက် (မြေယာသိမ်းခြင်း သို့မဟုတ် VFV စီမံရေးဥပဒေမှတဆင့်) မြေယာကို တောင်းဆိုလာသောအခါတွင် တစ်ဦးချင်းနှင့် ရပ်ရွာအလိုက် တောင်းဆိုချက်နယ်မြေများအပါအဝင် ကျေးရွာနှင့်/သို့မဟုတ် ကျေးရွာများကြားရှိမြေနေရာများ ထပ်နေခြင်းရှိမရှိကို စစ်ဆေးရန်အတွက် စနစ်ကျသော အတည်ပြုမှုကို လုပ်ဆောင်နိုင်မည်ဖြစ်ပါသည်။ လက်တွေ့တွင်မူ "မြေယာများသည် မြေလွတ်၊ မြေလပ် နှင့် မြေရိုင်းများဖြစ်မဖြစ်" အတည်ပြုမည်ဖြစ်ကြောင်း ၂၀၁၂ VFV နည်းဥပဒေ အခန်း (၂) တွင် ပါဝင်ပြီးဖြစ်သော်လည်း လက်တွေ့မြေပြင်တွင် မြေယာတောင်းဆိုမှုများကို အတည်ပြုရန် ရှင်းလင်းစွာ သတ်မှတ်ထားသည့် လုပ်ထုံးလုပ်နည်းများမရှိသောကြောင့် ယင်းကို အကောင်အထည်ဖော်နိုင်ခြင်း မရှိသေးပေ။ လာအိုနိုင်ငံ ရှိ လူထုပူးပေါင်းပါဝင်သော မြေယာအသုံးပြုမှုဆိုင်ရာ စီမံကိန်းရေးဆွဲခြင်းအစီအစဉ်မှာ ဤစိတ်ကူးမှ အစပြုလာခြင်းဖြစ်ပြီး၊ ကျေးရွာမြေများကို ကာကွယ်ရန် ရည်ရွယ်သည်။

## ■ ၆.၆ ။ မြေယာအသုံးပြုမှုဆိုင်ရာ စီမံကိန်းရေးဆွဲခြင်း

ပြီးခဲ့သည့် နှစ်ပေါင်း ၄၀ အတွင်း လေ့ကားထစ်စပါးစိုက်ခင်းများကို စတင် မိတ်ဆက်လာခြင်းနှင့်အတူ ကျွဲနွားအကောင်အရေအတွက် သိသိသာသာတိုးတက်လာခဲ့ပြီး၊ (Frissard and Pritts 2-18- 108) တိရိစ္ဆာန်မွေးမြူရေးကို တိုးမြှင့်ရန် စိတ်ဝင်စားမှုကြီးမားလာခဲ့ပါသည်။ တပြိုင်တည်းတွင်ပင် ကျေးရွာသားများသည် ရွှေ့ပြောင်းတောင်ယာလုပ်ကိုင်ခဲ့သည့် ယခင်အလေ့အထများကို ဆက်လက် လုပ်ကိုင်ကာ အမြဲစိုက်ဥယျာဉ်များနှင့် သစ်သီးခြံများကို စိုက်ပျိုးလာပြီး သစ်တောမြေများမှ ထုတ်ကုန်များကို ထုတ်ယူလာကြကြောင်းတွေ့ရှိရသည်။ ရွာသားများသည် လုပ်သားအင်အား သိပ်မလိုအပ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းရင်းမြစ်များကို ရှာဖွေလာကြသောကြောင့် တိရိစ္ဆာန်မွေးမြူရေးသည် ဆက်လက်ဖွံ့ဖြိုးတိုးတက်လာနိုင်ခြေရှိပြီး မွေးမြူရေးပုံစံနှင့်စပ်လျဉ်း၍ ပိုမိုအားကောင်းသော လုပ်ထုံးလုပ်နည်းများကို မချမှတ်နိုင်ပါက အမြဲစိုက် စိုက်ခင်းပိုင်ရှင်များနှင့် အငြင်းပွားမှုများ ပိုမိုပေါ်ပေါက်လာနိုင်ပါသည်။ ထို့ကြောင့် လက်ရှိအသက်မွေးဝမ်းကျောင်းလုပ်ငန်း အပြောင်းအလဲများနှင့်ဆက်စပ်နေသော

ဖြစ်နိုင်ခြေအလားအလာများနှင့် မြေယာအသုံးပြုလုပ်ကိုင်မှုဆိုင်ရာ စီမံကိန်းရေးဆွဲခြင်းပေါ် အခြေခံသော ပိုမိုကောင်းမွန်သည့် လုပ်ထုံးလုပ်နည်းများသည် လယ်သမားများ၊ အာဏာပိုင်များနှင့် NGO များကြားရှိ မြေယာအသုံးပြုမှုအပေါ် ရှုမြင်ကြသည့် မတူညီသည့်အမြင်များကို ပြေလည်စေရာ၌ ကူညီပေးနိုင်ပေသည်။ ကျေးရွာလူထုများသည် ၎င်းတို့ကျေးရွာအတွင်းရှိ တရားဝင်သတ်မှတ်ထားသော မြေယာအမျိုးအစားများ (VFV နှင့် တရားဝင်သစ်တောအဖြစ်သတ်မှတ်ထားသောနေရာများ )အကြောင်းကို လုံးဝ သို့မဟုတ် အနည်းငယ်သာ သိရှိထားကြပြီး လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာနနှင့် သစ်တောဦးစီးဌာနတို့မှ မည်သို့ မှတ်တမ်းတင်ကြောင်းကိုလည်း လုံးဝမသိရှိကြပေ။ ၎င်းတို့သည် အခွင့်အရေးများနှင့် ကန့်သတ်တားမြစ်ချက်များဆိုင်ရာ ဥပဒေရေးရာရှုပ်ထွေးမှုများအကြောင်းကိုလည်း အနည်းငယ်သာ သိရှိသတိပြုမိကြပါသည်။ အခြားတဖက်တွင် အဆိုပါဌာနများကလည်း မြေယာနှင့် အရင်းအမြစ်များကို အသုံးပြုမှု၊ ၎င်းတို့၏ ဓလေ့ထုံးတမ်းလုပ်ထုံးလုပ်နည်းများနှင့် ဒေသမြေပြင်အကြောင်းကို မသိရှိကြပေ။ အထက်ဖော်ပြပါ မြေယာအသုံးပြုလုပ်ကိုင်မှုဆိုင်ရာ စီမံကိန်းရေးဆွဲရေးလုပ်ငန်းစဉ်သည် မြေယာစီမံအုပ်ချုပ်မှု တိုးတက်ကောင်းမွန်လာစေရန် အင်တိုက်အားတိုက် အပြုသဘောဆောင်သော အပြန်အလှန်ပြောဆို ဆွေးနွေးခြင်းဖြင့် ကွာဟချက်များကို လျှော့ချရာတွင် အထောက်အကူပြုနိုင်ပါသည်။ ထို့အပြင် လာအိုနိုင်ငံ၏ လူထုပူးပေါင်းပါဝင်သောမြေယာမှတ်ပုံတင်ခြင်း စီမံကိန်း (PLUP) အတွေ့အကြုံ (Ling and Scurrah 2017) တွင် ဖော်ပြထားသည့်အတိုင်း အခြေခံတစ်ခုကို ပံ့ပိုးပေးနိုင်ပါသည်။ ရေရှည်တည်တံ့သော အရင်းအမြစ်စီမံခန့်ခွဲခြင်းနှင့် မြေယာကို အကောင်းဆုံးအသုံးချနိုင်ရန်အတွက် PLUP လုပ်ငန်းစဉ်ပါ အစိတ်အပိုင်းဖြစ်သော စီမံခန့်ခွဲရေးအစီအစဉ်များသည် ကျေးရွာပိုင်မြေယာမှတ်ပုံတင်ခြင်း လုပ်ငန်းစဉ်များ၏ စစ်မှန်ခိုင်မာမှုကို တိုးမြင့်စေနိုင်သည်ဟု လက်တွေ့ကျင့်သုံးသူများက ယူဆကြသည်။

နယ်မြေကို စီမံခန့်ခွဲရန်အတွက် ဒေသခံအဖွဲ့အစည်းများကို နည်းလမ်းများပေးရန် လိုအပ်ပါသည် - ကျေးရွာ မြေယာအသုံးပြုလုပ်ကိုင်ခွင့်အစီအစဉ်နှင့် ကျေးရွာရံပုံငွေတို့သည် အဆိုပါနည်းလမ်းများပင်ဖြစ်ပါသည်။ နယ်မြေအတွက် CLS အခွင့်အရေးများကို တရားဝင်အသိအမှတ်ပြုခြင်းအားဖြင့် ဒေသခံအဖွဲ့အစည်းများကို လုပ်ပိုင်ခွင့်ကို မြှင့်တင်ပေးရာ ရောက်ပါသည်။ ဟားခါးကျေးရွာများတွင် ရှိပြီးဖြစ်သော ကျေးရွာရန်ပုံငွေနှင့် မြေယာအသုံးပြုလုပ်ကိုင်မှုအစီအစဉ်သည် မြေယာနှင့် သဘာဝအရင်းအမြစ်များကို စီမံခန့်ခွဲခြင်းမှရလာသော ဝင်ငွေများကို သြဇာညောင်းသူများအတွက်သာမဟုတ်ဘဲ ကျေးရွာအကျိုးအတွက် မျှတသော နည်းလမ်းတစ်ခုဖြင့် သာတူညီမျှအသုံးပြုရန် အရေးကြီးပါသည်။

## ■ ၆.၇ ။ ဒေသခံအဖွဲ့အစည်းများကို အားကောင်းလာစေခြင်း

ဒေသခံအဖွဲ့အစည်းများနှင့် ၎င်းတို့၏ ကိုယ်စားလှယ်များ (ဥပမာ- လိုပီလ်အလှည့်ကျ ခွဲတမ်းချခြင်းကို ဆုံးဖြတ်သည့် မျိုးနွယ်စုများ၏ ကိုယ်စားလှယ်များ)သည် ဘုံပိုင်အရင်းအမြစ်များအား စီမံခန့်ခွဲမှုကို တာဝန်ယူကြရသည်။ ၎င်းတို့သည် တစ်ဦးချင်း၊ အိမ်ထောင်စုများ၊ ဘုံပိုင်စနစ်ဖြင့် စီမံသည့်အရင်းအမြစ်များ (ဥပမာအားဖြင့် ပြင်ပလူများအားလွှဲပြောင်းခြင်းမပြုရန်)ဆိုင်ရာ စည်းမျဉ်းများကိုချမှတ်ခြင်း၊ ပြင်ဆင်ခြင်းများကို ပြုလုပ်ရာတွင်လည်း ပါဝင်သည်။ သမိုင်းကြောင်းတစ်လျှောက်တွင် အဆိုပါ အဖွဲ့အစည်းများမှာ အပြောင်းအလဲမှုများ၊ ကြိုးကိုင်ချယ်လှယ်မှုများကို ဖော်ထုတ်တွေ့ရှိခဲ့ရသော်လည်း ဆက်လက်တည်ရှိနေမြဲဖြစ်ပါသည်။ ဒေသခံအဖွဲ့အစည်းများ၏ စွမ်းဆောင်ရည် တိုးတက်ကောင်းမွန် စေခြင်းသည် CLS တရားဝင် အသိအမှတ်ပြုရေးတွက် မရှိမဖြစ် လိုအပ်သောကဏ္ဍတစ်ခုဖြစ်ပါသည်။ ဒေသခံအဖွဲ့အစည်းများသည် ကောင်းမွန်သော ဒေသန္တရစီမံအုပ်ချုပ်မှုအလေ့အကျင့်များနှင့် ဒီမိုကရေစီ နည်းလမ်းကျသော မူများဖြင့် စီမံဆောင်ရွက်ရန် အရေးကြီးလှပေသည်။

မျိုးနွယ်စုခေါင်းဆောင်တစ်ဦး၏ အခန်းကဏ္ဍသည် မရှိမဖြစ်အရေးပါပုံပေါ်ပေါက်သော်လည်း ထိုခေါင်းဆောင်သည် ၎င်းအုပ်ချုပ်ရသောလူများ၏ အကျိုးစီးပွားကို ကိုယ်စားပြုနေသလား သို့မဟုတ် အစိုးရ၏ အကျိုးစီးပွားကို ကိုယ်စားပြုနေခြင်းလားဟု မေးခွန်းထုတ်စရာရှိပါသည်။ ဤအချက်ကို မည်သို့ ဟန်ချက်ညီညီ အထိန်းအကျောင်းပြုမည်ကိုလည်း စဉ်းစားသင့်ပါသည်။ ဒေသတွင်းရှိအဖွဲ့အစည်းများကို ဒေသအဆင့်၌ပင် အစိုးရဖွဲ့စည်းပုံနှင့် ချိတ်ဆက်ရန် အရေးကြီးသောကြောင့် ကျေးရွာအုပ်ချုပ်ရေးမှူးတစ်ဦး၏ အခန်းကဏ္ဍသည် အလွန်အရေးကြီးပါသည်။ တန်းတူညီမျှမှု၊ ဒေသတွင်း တာဝန်ယူမှု၊ တာဝန်ခံမှုနှင့် လူတိုင်းပါဝင်စေမှုစသည့် အခြေခံစည်းမျဉ်းများ အားကောင်းလာစေရန် တိုက်တွန်းမှုများ လိုအပ်သောကြောင့် ကျေးရွာကို အမှန်တကယ်ကိုယ်စားပြုနိုင်သည့် ရွာလူကြီးများကောင်စီ နှင့်/သို့မဟုတ် မျိုးနွယ်စုကိုယ်စားလှယ်များ အနည်းဆုံးအနေဖြင့် ဤလုပ်ငန်းစဉ်၏ တစိတ်တပိုင်းအဖြစ် ပါဝင်သင့်ပေသည်။

## ၇။ နိဂုံးချုပ်

ချင်းပြည်နယ်မြောက်ပိုင်းရှိ မြေယာနှင့် အရင်းအမြစ်များပိုင်ဆိုင်ခွင့်သည် "ဓလေ့ထုံးတမ်းအရ ပိုင်ဆိုင်ခွင့်" ဟု သတ်မှတ်ကြသော်လည်း ဟားခါးမြို့နှင့် အနီးတဝိုက်တွင်မူ တဖြည်းဖြည်းနှင့် အစိုးရအခြေပြု လုပ်ပိုင်ခွင့်မှုဘောင်းများနှင့် တဖြည်းဖြည်း ထိတွေ့လာပါသည်။ ဓလေ့ထုံးတမ်းအရ ပိုင်ဆိုင် သောမြေယာများကို မြေယာအသုံးချမှုနှင့် အရင်းအမြစ်

များ အသုံးပြုမှု အလေ့အကျင့်များပေါ် အခြေခံပြီး ပုံဖော်နိုင်သကဲ့သို့ ဖြစ်ပေါ်လာသောအခြေ အနေများပေါ်မူတည်ပြီး အဆိုပါအလေ့အကျင့်များမှာ ပြောင်းလဲနေပါသည်။

ဓလေ့ထုံးတမ်းအရ မြေယာပိုင်ဆိုင်ခွင့်စနစ်များ အထူးသဖြင့် ၎င်းတို့၏ စုပေါင်း ဆောင်ရွက်မှု၊ တန်းတူညီမှု ရှုထောင့်များတွင် အားနည်းလာရခြင်းသည် အစိုးရနှင့် သြဇာရှိ လူကုံထံများ၏ မြေနှင့် အရင်းအမြစ်များ သိမ်းဆည်းခံရနိုင်ခြင်းနှင့်သာ ဆက်စပ်နေခြင်း မဟုတ်ပါ။ ယခင်က ရှိခဲ့သော လူမှု-နိုင်ငံရေး အဖွဲ့အစည်းများသည် အရင်းအမြစ်များကို ယနေ့တိုင် လယ်ဂယ်ယူထားကြသောကြောင့် အဆိုပါအဖွဲ့အစည်းများမှ ဖြစ်ပေါ်လာသော လူကုံထံများသည် - နှစ်ပေါင်း ၅၀ မှ ၆၀ (၁၉၄၀ ပြည့်နှစ်များမှ ၁၉၉၀/၂၀၀၀) အတွင်း - ယခင်မျိုးနွယ်စုအကြီးအကဲများအဖြစ်မှ ဘာသာရေး နှင့် အစိုးရအာဏာပိုင်များဖြစ်လာကြသည်။ ၁၉၉၀ ပြည့်နှစ်များတွင် စတင်ခဲ့သော စစ်အစိုးရ၏ ဒေသအပေါ် ပိုမိုထိန်းချုပ်နိုင်မှုသည် ခရိုနီ လူကုံထံ စနစ်အသစ်များကိုဖြစ်စေခဲ့သည်။ သို့သော် အရင်းအမြစ်များကို သိမ်းဆည်းခြင်းဆိုင်ရာ အားထုတ်ကြိုးပမ်းမှုများ ဦးတည်နေသည့်လားရာကို စစ်အစိုးရ အာဏာမသိမ်းခင် ကာလများအတွင်းက ချင်းနယ်ဒေသရှိ လူမှု-ပထဝီဒေသပိုင်းခြားခြင်းကို ကြည့်ခြင်းအားဖြင့် သိနိုင်ပါသည်။


မြို့ပြချဲ့ထွင်ခြင်း သို့မဟုတ် ဆင်ခြေဖုံးဒေသနားရှိကျေးရွာများ ပါဝင်လာခြင်းနှင့်အတူ ပြည်နယ်ဖွဲ့စည်းရေးနှင့် ဈေးကွက်သစ်များပေါ်လာခဲ့ပါသည်။ ထို့ကြောင့် မြို့ပြချဲ့ထွင်ခြင်းသည် တည်ဆဲဓလေ့ထုံးတမ်းစနစ်များအရ တည်ရှိသော လူသားနှင့် မြေယာ ဆက်စပ်နီးနွယ်မှုများကို ပြောင်းလဲစေသော အချက်တစ်ခုဖြစ်ပါသည်။ ကျေးရွာတစ်ရွာချင်းစီတွင် မြေနှင့် မြေယာအခြေပြု အရင်းအမြစ်များကို ကျေးရွာမှပိုင်ဆိုင်သည့်ပုံစံသည် တစ်စိတ်တစ်ပိုင်းအနေဖြင့် နောက်ခံသမိုင်းကြောင်းပေါ်တွင်မှီတည်နေပြီး၊ အများအားဖြင့် ဟားခါးမြို့နှင့် ထိစပ်မှုရှိမရှိပေါ်တွင် မှီတည်ပါသည်။ ဟားခါးမြို့နှင့် နီးကပ်စွာတည်ရှိမှုသည် ဒေသဈေးကွက်သို့ ပိုမိုလက်လှမ်းမီစေလျက် အမြဲတမ်းစိုက်ပျိုးဥယျာဉ်များ ဖြစ်ထွန်းလာမှုကဲ့သို့သော အပြောင်းအလဲများကို အားပေးနေသည်။ ထို့ကြောင့်ပင် ချင်းပြည်နယ်မြောက်ပိုင်းဒေသရှိ မြေယာအသုံးချမှုအပြောင်းအလဲပုံတစ်ရပ်မှာ မတူညီသောပထဝီအနေအထားကြောင့် ကျေးရွာတစ်ရွာအတွင်း ကွဲပြားမှုများကိုသာမက အနီးအနား ကျေးရွာအချင်းချင်းများကြား ကွဲပြားမှုများကိုပါ ဦးတည်စေပါသည်။ ဟားခါးဈေးကွက်သို့ ပိုမိုလက်လှမ်းမီနိုင်သော ကျေးရွာများဆီသို့ ရွှေ့ပြောင်းနေထိုင်ခြင်းသည် အရင်းအမြစ်များခွဲဝေသုံးစွဲမှုအပေါ် ပိုမိုဖိအားများဖြစ်လာစေပြီး အဆိုပါအရင်းအမြစ်များကို CLS ဖြင့်စီမံခန့်ခွဲမှုကိုပါ ထိခိုက်လာစေပါသည်။

မြေ နှင့် မြေယာအခြေပြုအရင်းအမြစ်များကို အသုံးပြုမှုနှင့်စပ်လျဉ်းသည့် ဓလေ့

ထုံးတမ်းစည်းမျဉ်းများ နှင့် အစိုးရအခြေပြုမှုဘောင်တို့သည် စီးပွားရေးကို အခြေမခံသောအခါ တွင် အဆင်ပြေစွာ အတူတကွ တည်ရှိနေနိုင်သည်။ ဥပမာအားဖြင့် မြေယာတစ်ကွက်ကို လှေကားထစ်စပါးစိုက်ခင်းတစ်ခု သို့မဟုတ် ဥယျာဉ်တစ်ခုအဖြစ်သို့ ပြောင်းလဲလိုသူသည် ဓလေ့ ထုံးတမ်းအရ ငွေကြေးမဟုတ်သော လျော်ကြေး တစ်မျိုးမျိုးကိုပေးလျက် (ဓလေ့ထုံးတမ်းအရ) တရားဝင်ပိုင်ဆိုင်သူထံမှ ခွင့်တောင်းနိုင်သည်။ ဒုတိယအနေဖြင့် ထိုသူသည် ကျေးရွာအုပ်ချုပ် ရေးမှူး၏ ခွင့်ပြုချက်ကို တောင်းနိုင်ပြီး လုပ်ပိုင်ခွင့်အတွက် ဆက်လက်ဆောင်ရွက်နိုင်သည်။ ရေထိန်းတောတစ်ခု၏ ဖြစ်စဉ်ကိုကြည့်မည်ဆိုပါက လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်း ဦးစီးဌာနမှ ထုတ်ပေးထားသည့် တရားဝင်စာရွက်စာတမ်းများထက် ၎င်းတို့ကြားတည်ရှိသော ဓလေ့ရိုးရာသဘောတူညီချက်များကို ပို၍အလေးပေးကြောင်းတွေ့ရှိရပါသည်။ သက်ဆိုင်ရာ နယ်မြေမှ ရေကိုအသုံးပြုနိုင်သည့်အခွင့်အရေးကို အလေးထားကာ မူလသဘောတူညီချက်ကို စီမံရာတွင် ဥပဒေရေးရာဗဟုဝါဒကို ကောင်းမွန်စွာအသုံးပြုနေကြောင်း တွေ့မြင်ရပါသည်။

သို့သော်မြေယာနှင့် သဘာဝအရင်းအမြစ်များမှာ ရောင်းကုန်များဖြစ်လာစလာသော ကြောင့် ဓလေ့ထုံးတမ်းမြေယာစီမံခန့်ခွဲမှုစနစ်အပေါ် ဖိအားများ ပိုမိုများပြားလာသည်။ မြေယာ ကို အစိုးရမှ တိုက်ရိုက်သိမ်းနိုင်ခြင်း သို့မဟုတ် လူပုဂ္ဂိုလ်တစ်ဦးချင်းစီအားလည်း ရောင်းချနိုင် သည်။ ဓလေ့ထုံးတမ်း နှင့် ပြဋ္ဌာန်းမြေယာမူဘောင်များကြား အနက်ပြန်ဆိုမှုများသည် ငွေကြေး တန်းဖိုးများနှင့် ချိတ်ဆက်နေသောအခါ အငြင်းပွားဖွယ်များ ဖြစ်လေ့ရှိပါသည်။ ယခင်က စီးပွား အရ ရောင်းကုန်မဟုတ်သော (ထင်း၊ သစ် နှင့် ကျောက်များ) ကို ဟားခါးချင်း CLS များဖြင့် ထိန်းချုပ်မှုအားနည်းခဲ့သော်လည်း အဆိုပါအရင်း အမြစ်များပေါ်တွင် တစ်ဦးချင်းမြေပိုင်ဆိုင်ခွင့် တိုးမြင့်လာခြင်း ကြောင့်သက်ရောက်မှုရှိလာသည်။ ယနေ့ချိန်တွင် ကျေးရွာဘုံပိုင်စနစ် စီမံခန့်ခွဲ ခြင်းကို လျှော့ချလိုက်ပြီး နည်းလမ်းမျိုးစုံအသုံးပြုနိုင်သော ရွှေ့ပြောင်းတောင်ယာ နှင့် အရင်း အမြစ်များကို အိမ်သုံးအဖြစ်သာ အသုံးပြုလာကြပါသည်။ တနည်းအားဖြင့် ဓလေ့ထုံးတမ်း စနစ်သည် မြေယာနှင့်အရင်းအမြစ်များကို[17] အကျိုးစီးပွားအတွက် အသုံးပြုနိုင်သော်လည်း စီးပွား ဖြစ်မဟုတ်ပေ။ (ရုပ်ပုံ ၄ တွင် ကြည့်ရန်)

17 အမြဲတမ်းစိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်မှုကို ဆယ်စုနှစ်တစ်ခုကျော်ကြာအောင် ထောက်ခံပေးပြီးနောက်တွင် GRET အပါအဝင် ဒေသတွင်း နှင့် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများသည် ယခုအခါတွင် ၎င်းတို့၏ အာရုံကို ရိုးရာရွှေ့ပြောင်းတောင်ယာစိုက်ပျိုးခြင်းနှင့် ပိုမိုကိုက်ညီမှုရှိပြီး၊ ချင်းပြည်နယ် မြေမျက်နှာသွင်ပြင်နှင့် ပိုမိုလိုက်လျောညီထွေကာ၊ ပိုမို၍လည်း အကျိုးအမြတ်ရနိုင်သည့် သစ်တောစိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်မှုဆီသို့ ရွှေ့ပြောင်းလာနေသည်။




ရုပ်ပုံ ၄ - မြေယာအသုံးပြုမှုများ နှင့် ၎င်းတို့ကို စီမံခြင်းဆိုင်ရာ အဓိက "ဥပဒေရေးရာ" မူဘောင် တစ်ဦးချင်းပိုင်မြေအဖြစ် ပြောင်းလဲရေးဖြစ်စဉ်များ

ထို့ကြောင့်ပင် ဒေသခံအသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို ကာကွယ်ရန်မှာ CLS ကို တရားဝင်အသိအမှတ်ပြုခြင်းနှင့် လုပ်ပိုင်ခွင့်ပေးရန်မဖြစ်မနေအရေးပါလာပြီး မြို့ပြ ချဲ့ထွင်လာခြင်းကြောင့် လည်းပိုအလျင်လိုအပ်လာပါသည်။ ထို့ပြင် မြေနှင့် အရင်းအမြစ်များကို အစိုးရ နှင့် လူကုံထံများမှ အရင်းအမြစ်များကို သိမ်းဆည်းခြင်းမှ ကာကွယ်ပေးရန် နှင့် ဖြစ်လာ နိုင်ခြေရှိသော ပဋိပက္ခများကို ဖြေရှင်းရန် မရှိမဖြစ်လိုအပ်ပေသည်။ မြန်မာနိုင်ငံတစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ကြည့်မည်ဆိုပါက ဓလေ့ထုံးတမ်းမြေယာကို အသိအမှတ်ပြုခြင်းသည် ငြိမ်းချမ်းဖြစ်စဉ်၊ စီးပွားဖွံ့ဖြိုးတိုးတက်မှု နှင့် လူမှုတန်းတူညီမျှမှုတို့ကို ဦးတည်နိုင်စေသည့် အရေးကြီးခြေလှမ်းတစ်ရပ် ဖြစ်ပါသည်။



# ကိုးကားချက်များ


- Allaverdian, Celine and Diepart, Jean-Christophe (2018) *Farming systems in Myanmar. Methodological background and synthesis of field-based studies across five states and regions of Myanmar*. Yangon: Gret-LIFT
- Arko-Adjei, A. (2009) *Customary Land Tenure Dynamics at Peri-Urban Ghana: Implications for Land Administration System Modeling*. FIG. http://resolver.tudelft.nl/uuid:c568dedd-ae33-4f1d-ba1b-4ff8fea81291.
- Baird, Ian G. (2013) "'Indigenous Peoples' and Land: Comparing Communal Land Titling and Its Implications in Cambodia and Laos: 'Indigenous Peoples' and Land." *Asia Pacific Viewpoint* 54 (3): 269–81.
- Bourgoin, Jeremy, and Castella, Jean-Christophe (2011) "'PLUP FICTION': Landscape Simulation for Participatory Land Use Planning in Northern Lao PDR", *Mountain Research and Development* 31(2): 78–88.
- Boutry, Maxime (2016) "Land Dynamics and Livelihoods in Peri-Urban Yangon. The Case of Htantabin Township." *Understanding Rural Land Issues to Engage Comprehensive Policy Dialogue in Myanmar*. Yangon: GRET.
- Callahan, Mary P. (2007) *Political Authority in Burma's Ethnic Minority States: Devolution, Occupation and Coexistence*. Washington, D.C.: East-West Center.
- Carey, Bertram S, and H. N Tuck (1976) *The Chin Hills: A History of the People, Our Dealings with Them, Their Customs and Manners, and a Gazetteer of Their Country*. Calcutta: Firma KLM on behalf of Tribal Research Institute, Aizawl.
- CCERR (2015) *The Chin State Floods and Landslides: A Community-Led Response and Assessment*. Chin Committee for Emergency Response and Rehabilitation.
- Cung Lian Hu (2018) *Community networking and remittances as social capital for rural community development in Chin state, Myanmar*, Consortium of Development Studies in Southeast Asia (CDSSEA) 7, Regional Center for Social Science and Sustainable Development (RCSD), Chiang Mai: Chiang Mai University.
- Danel-Fédou, Grégoire, and François Robinne (2007) *Microcrédit et changement social au Myanmar, Birmanie: une étude anthropologique et économique dans l'État Chin*. Paris: Les Éditions du GRET.

Department of Population and UNFPA (2015) "Myanmar Population and Housing census - Chin State." *The 2014 Myanmar Population*

*and Housing Census*, Census Report volume 3-D, Yangon: Ministry of Labour, Immigration and Population, 122 p.

- Department of Population, and UNFPA (2016) "Thematic Report On Migration And Urbanization." *The 2014 Myanmar Population and Housing Census*, Census Report Volume 4-D. Yangon: Ministry of Labour, Immigration and Population.
- Douglas, Ian (2006) "Peri-Urban Ecosystems and Societies: Transitional Zones and Contrasting Values." In *The Peri-Urban Interface: Approaches to Sustainable Natural and Human Resource Use*, edited by Duncan F. M McGregor, David Simon, and Donald A Thompson, 18–29. London; Sterling, VA: Earthscan.
- Ewers Anderson, Kirsten (2015) "Study of Upland Customary Communal Tenure in Chin and Shan States. Outline of a Pilot Approach towards Cadastral Registration of Customary Communal Land Tenure in Myanmar." Yangon: Land Core Group.
- Frissard, Clarisse and Pritts, Alyssa (2018) *The Evolution of Farming Systems and Diet in Hakha Township, Chin State, Myanmar*. Yangon: GRET-MIID Myanmar.
- Hall, Derek, Philip Hirsch, and Tania Murray Li (2011) *The Powers of Exclusion, Land Dilemmas in Southeast Asia*. Singapore: NUS Press.
- Hirsch, Philip (2011) "Titling against Grabbing? Critiques and Conundrums around Land Formalization in Southeast Asia", presented at the *Global Land Grabbing conference*, Land Deals Politics Initiative (LDPI), Institute of Development Studies, University of Sussex.
- Iaquinta, David L., and Axel W. Drescher (n.d) "Defining the Peri-Urban: Rural-Urban Linkages and Institutional Connections." *Fao.org*. http://www.fao.org/docrep/003/x8050t/x8050t02.htm.
- Ingalls, M.L., Jean-Christophe Diepart, N. Truong, D. Hayward, T. Niel, T. Sem, M. Phomphakdy, *et al.* (2018) "The Mekong State of Land." Bern: Centre for Development and Environment, University of Bern and Mekong Region Land Governance.
- Jacob, Jean-Pierre, and Pierre-Yves Le Meur (2010) "Citoyenneté locale, foncier, appartenance et reconnaissance dans les sociétés du Sud." In *Politique de la terre et de l'appartenance. Droits fonciers et citoyenneté locale dans les sociétés du Sud*, Karthala, 5–57. Paris.
- Kasanga, Kasim, and Nii Ashie Kotey (2001) *Land Management in Ghana: Building on Tradition and Modernity*. London: IIED.

- Kyin Lam Mang (2015) "Ethnic Chin People Today: Livelihood, Migration, Internal Displacement and Exile." In *Burma/Myanmar in Transition: Connectivity, Changes and Challenges*. Chiang Mai, Thailand.
- Lavigne Delville, Philippe (2013) "Faisceaux de Droits Fonciers et Formalisation." *Anthropologie Impliquée*. https://anthropo-impliquee.org/2016/04/12/decembre-2013-faisceaux-de-droits-fonciers-et-formalisation/.
- Lehman, F. K. (1963) *The Structure of Chin Society; a Tribal People of Burma Adapted to a Non-Western Civilization.* Urbana: University of Illinois Press.
- Ling, Stuart and Scurrah, Natalia (2017) *Communal land titling in practice: Lessons from Khammouane Province, Lao PDR*. MRLG Capitalization Note Series #3. Vientiane: Mekong Region Land Governance.
- Mark, Siu Sue (2016a) "Are the Odds of Justice 'Stacked' Against Them? Challenges and Opportunities for Securing Land Claims by Smallholder Farmers in Myanmar." *Critical Asian Studies* 48 (3): 443–60.
- ——— (2016b) "'Fragmented Sovereignty' over Property Institutions: Developmental Impacts on the Chin Hill Communities." *Independent Journal of Burmese Scholarship* 1 (1): 131–60.
- Mertz, Ole, Christine Padoch, Jefferson Fox, R. A. Cramb, Stephen J. Leisz, Nguyen Thanh Lam, and Tran Duc Vien (2009) "Swidden Change in Southeast Asia: Understanding Causes and Consequences." *Human Ecology* 37 (3): 259–64.
- Norfolk, Simon (2017) "The application of the Community Land Value Chain (CaVaTeCo) to land tenure formalisation processes in Mozambique", *Terra firma White Paper*: The application of the Community Land Value Chain (CaVaTeCo) to land tenure formalisation processes in Mozambique. 10.13140/RG.2.2.35322.90561.
- Republic of the Union of Myanmar (2016) *National Land Use Policy of the Republic of the Union of Myanmar*. Final Approved Version of January 2016
- Obendorf, Robert (2012) *Legal Review of Recently Enacted Farmland Law and Vacant, Fallow and Virgin Lands Management Law: Improving the Legal & Policy Frameworks Relating to Land Management in Myanmar,* Yangon: Food Security Working Group. http://www.forest-trends.org/documents/files/doc_3274.pdf.
- Pacheco, Pablo, and José Heder Benatti (2015) "Tenure Security and Land Appropriation under Changing Environmental Governance in Lowland Bolivia and Pará." *Forests* 6 (2): 464–91. doi:10.3390/f6020464.
- Pistor, Nora (2017) *Knowledge, Attitudes and Practices Study on Gender,*

*Food and Nutrition in Hakha*. Myanmar Institute for Integrated Development (MIID): Yangon.

- Sakhong, Lian H. (2003) *In Search of Chin Identity: A Study in Religion, Politics and Ethnic Identity in Burma*. Copenhagen: NIAS.
- San Thein (2012) *Study on the Evolution of the Farming Systems and Livelihoods Dynamics in Northern Chin State.* GRET: Yangon.
- Scott, James C. (2009) *The Art of Not Being Governed: An Anarchist History of Upland Southeast Asia*. New Haven: Yale University Press.
- Son, Bianca (2007) "Conversion of the Chin in Burma: The Creation of an Elite." Master of Science at International School of Humanities and Social Sciences, Department of Contemporary Asian Studies, Universiteit van Amsterdam.
- Stevenson, Henry Noel Cochran (1937) "Land Tenure in the Central Chin Hills of Burma." *Man* 37: 44–49.
- Stevenson, Henry Noel Cochrane (1943) *The Economics of the Central Chin Tribes*. Times of India Press: Bombay.
- Suantak, Vumson (2012) "How Chin Capital Was Moved – Falam to Hakha." *VCTH*. http://vcth.net/how-chin-capital-was-moved-falam-to-hakha.
- Törhönen, Mika-Petteri (2004) "Sustainable Land Tenure and Land Registration in Developing Countries, Including a Historical Comparison with an Industrialised Country." *CEUS Computers, Environment and Urban Systems* 28 (5): 545–86.
- Vicol, Mark, Pritchard Bill and Yu Yu Htay (2018) "Rethinking the role of agriculture as a driver of social and economic transformation in Southeast Asia's upland regions: The view from Chin State, Myanmar". *Land Use Policy* (72): 451-460.
- Vliet, N., Mertz, O., Heinimann, A., Langanke, T., Adams, C., Messerli, P., Leisz, S. (2012) "Trends, drivers and impacts of changes in swidden cultivation in tropical forest-agriculture frontiers: a global assessment." *Global Environmental Change*, 22: 418–29.
- Woods, Kevin (2010) "Community Forestry in Cease-Fire Zones in Kachin State, Northern Burma: Formalizing Collective Property in Contested Ethnic Areas." In *CAPRi Workshop on Collective Action, Property Rights, and Conflict in Natural Resources Management*.
- http://www.capri.cgiar.org/pdf/CAPRi_Conflict_Woods.pdf.
  ——— (2014) "Agribusiness and Land Grabs in Myanmar." *Mekong Commons*. http://www.mekongcommons.org/agribusiness-land-grabs-myanmar/



# ဟားခါးချင်းတောင်ဒေသ၏ မြေယာနှင့် သဘာဝအရင်းအမြစ်များ ခန့်ခွဲမှုစနစ် ဆက်လက်တည်ရှိမှုနှင့် အပြောင်းအလဲများ

## ဟားခါးမြို့နှင့်အနီးရှိကျေးရွာများ၏ မြေယာအပြောင်းအလဲကို လေ့လာမှုတစ်ရပ်

ဤသုတေသနစာတမ်းသည် ကိုလိုနီခေတ်မတိုင်မီမှ ယနေ့ခေတ်အထိ ဝေးလံခေါင်ဖျားသောဒေသများတွင် အစိုးရ၏ ပိုမို ကြီးမားလွှမ်းမိုးမှုရှိသော၊ ဟားခါးမြို့အနီးရှိကျေးရွာများတွင်နေထိုင်သော၊ မြောက်ပိုင်းချင်းအသိုက်အဝန်းတို့ကို ထိရောက်စေခဲ့သော စသည့် အဓိကအပြောင်းအလဲများအားလုံးကို ခြုံငုံသုံးသပ်ထားပါသည်။ လေ့လာချက်များမှာ မျက်မှောက်ခေတ် ချင်းအသိုက်အဝန်းများက မြေယာနှင့် သဘာဝအရင်းအမြစ်များကို စီမံအုပ်ချုပ်ရာတွင် ကြုံတွေ့ရသော ပြဿနာဥပဒေများနှင့် ဓလေ့ထုံးတမ်းမြေယာစနစ်များ စင်ပြိုင်ထပ်နေခြင်းတို့ကို မီးမောင်းထိုးပြထားပါသည်။

*မြန်မာနိုင်ငံ၏ မြေယာနှင့် လူမှုဘဝဆိုင်ရာ သုတေသနအတွဲ (Of Lives and Land Series) သည် လူမှု-မနုဿဗေဒ သုတေသနနည်းလမ်းများအပေါ် အခြေခံပြီး မြေယာနှင့် လူတို့၏ အသက်မွေးဝမ်းကျောင်း ပြောင်းလဲမှုဖြစ်စဉ်များကို သုတေသနပြုထားသည့် လုပ်ငန်းစဉ်တစ်ခု ဖြစ်ပါသည်။ လက်ရှိ ဖြစ်ပွားနေသော အခြေအနေများကို ဖော်ထုတ်ကာ မြန်မာနိုင်ငံသားများ၊ အစိုးရနှင့် အကျိုးသက်ဆိုင်သူများအားလုံး ကြုံတွေ့နေရသော မြေယာနှင့်ပတ်သက်သည့် စီမံခန့်ခွဲမှု အခက်အခဲများကို ဖြေရှင်းနိုင်ရန် လိုအပ်ပါသည်။ သို့ဖြစ်ပါ၍ ထိုအခက်အခဲများကို ဖြေရှင်းနိုင်ရန်အတွက် လိုအပ်သည့်မူဝါဒဆိုင်ရာ ဆွေးနွေးမှုများနှင့် ဥပဒေရေးဆွဲရေးလုပ်ငန်းစဉ်များအတွက် အသေးစိတ် အကြံပြုချက်များပေးနိုင်ရန် ရည်ရွယ်ပါသည်။ ဤသုတေသနစာတွဲကို ကျွမ်းကျင်သူများ၊ ပညာရှင်များဖြင့် ဖွဲ့စည်းထားသော ကော်မတီတစ်ခုက ပြန်လည်ဆန်းစစ် အတည်ပြုထားပါသည်။*


Livelihoods and Food Security Trust Fund

LIFT

UKaid

European Union

Australian Aid

USAID

Irish Aid